ဟံသာဝတီဦးဝင်းတင် ဦးစီးပဲ့ကိုင်ခဲ့သော...

# ဒီမိုး စာစောင် D.Wave

အတွဲ(၇)၊ အမှတ်(၄)၊ တနင်္လာနေ့၊ ၂၂-၁-၂၀၁၈



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်တို့ မြန်မာ–လာအို နှစ်နိုင်ငံထိပ်သီးအစည်းအဝေး တက်ရောက်

(နေပြည်တော်၊ ၁၅-၁-၂၀၁၈)

# ဒီဝကား အောင်ဆန်းစုကြည်

ချစ်ခင်လေးစားရပါသော ညှေ့သည်တော်များရှင့် ဒီကနေ့ အခမ်းအနားကို တက်ရောက်လာကြတဲ့ နိုင်ငံတော်အစိုးရ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပြည်နယ်များမှ ဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးများ၊ ကိုယ် ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသဦးစီးအဖွဲ့များမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လွှတ်တော်ရေးရာကော်မတီဝင်များ၊ စာပေနှင့် ယဉ်ကျေးမှုအသင်း အဖွဲ့များမှ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ ညှေ့သည်တော်များ ကောင်းကျိုးချမ်းသာ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စတဲ့ မိမိတို့၏ ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကို မောင်နှမများသည် ရှေးပဝေသဏီကတည်းကပင် ဤနိုင်ငံအတွင်း နေထိုင်ခဲ့ကြပါသည်။

ကိုလိုနီ အုပ်ချုပ်မှုအောက် ကျရောက်ပြီး လွတ်လပ်ရေးပြန်လည် ရရှိရေးအတွက် တိုင်းရင်းသားများ၏ ပူးပေါင်းဆောင်ရွက်မှုမှာ များစွာ အရေးပါထိရောက်ခဲ့ပါတယ်။ လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင်မူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား သံသယနှင့် ပဋိပက္ခများ နှစ်ရှည်ကြာဖြစ်ပေါ်ခဲ့မှုကြောင့် မိမိတို့နိုင်ငံဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ဖြင့် အဘက်ဘက်မှာ အိမ်နီးချင်း နိုင်ငံများထက် နောက်ကျခဲ့ရပါတယ်။ ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စု ငြိမ်းချမ်းရေးကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် လက်တွဲပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

ယနေ့ နိုင်ငံတော်အစိုးရက ဦးဆောင်၍ ကျင်းပလျှက်ရှိသော ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ (၂၁-ရာစု ပင်လုံ) အစည်းအဝေးများတွင် တိုင်းရင်းသား ပြည်သူများအတွက် အရေးကြီးလှသော အခွင့်အာဏာခွဲဝေရေး၊ မြေယာနှင့် သယံဇာတ စီမံခန့်ခွဲမှုများ ခွဲဝေဆောင်ရွက်ရေး၊ အခွန်ကောက်ခံမှုများ ခွဲဝေဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုးရေးစသည့်တို့ကို ညှိနှိုင်းဆွေးနွေးပြီး အနာဂတ် ဖက်ဒရယ်ပြည်ထောင်စုအတွက် အခြေခံမှုများ ထွက်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ သဘောတူညီချက်အချို့ ရရှိပြီး ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်းအဖြစ် လက်မှတ်ရေးထိုးနိုင်သကဲ့သို့ ဆက်လက်၍လည်း ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

ဤသို့ ကြိုးပမ်းဆောင်ရွက်နေခြင်းသည် နှစ်ပေါင်း ၇၀ ကျော် သက်တမ်းကြာခဲ့ပြီဖြစ်သည့် ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး တိုင်းရင်းသားပြည်သူအားလုံး လိုလားတောင့်တနေသည့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအတွက် အခြေခံအုတ်မြစ်များ ချမှတ်နိုင်ရန် ဖြစ်ပါသည်။

တစ်ချိန်တည်းမှာပင် လက်ရှိနိုင်ငံတော်တွင် တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသား လူမျိုး ရေးရာဝန်ကြီးများ ဖွဲ့စည်းခန့်အပ် တာဝန်ပေးထားပြီးဖြစ်ပါသည်။ တိုင်းရင်းသားအရေး၊ တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးရေးတို့ကို ဦးစားပေးဆောင်ရွက်သွားမှသာ လက်တွေ့တိုးတက်မှုသာဓကများနှင့် အမျိုးသား ပြန်လည်သင့်မြတ်ပြီး ပြည်ထောင်စုညီညွတ်ရေးကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် ယနေ့ကျင်းပပြုလုပ်သော ဖိုရမ်မှ တိုင်းရင်းသားဒေသများအတွက် အတွေးသစ်၊ အမြင်သစ်များ ရရှိစေရေး၊ ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရာတွင် တစ်ဖက်တစ်လမ်းမှ ထောက်ပံ့ကူညီနိုင်ရေးနှင့် ညီညွတ်ရေးအတွက် ဝိုင်းဝန်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်လျက် သဝဏ်လွှာ ပေးပို့အပ်ပါသည်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်သို့ပေးပို့သည့်သဝဏ်လွှာ။ ဇန်နဝါရီ ၁၈ ရက် ၂၀၁၈ခုနှစ်)







www.free4readers.com

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရခိုင်ပြည်နယ်ဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြား



ရခိုင်ပြည်နယ်ဆိုင်ရာညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီ ၁၇ ရက်၊ နံနက် ၁၁နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်း၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေမြင့်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦး သောင်းထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမင်းသူ၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်သန်းထွဋ်၊ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်လှထွန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ် အောင်ဝင်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ယမန်နေ့က မြောက်ဦးမြို့နယ်တွင် ဖြစ်ပွားခဲ့သောလူစုလူဝေးဖြင့် အကြမ်းဖက်မှုကြောင့် ရခိုင်တိုင်းရင်းသားများ သေဆုံးမှု၊ ဒဏ်ရာရရှိမှုများနှင့်အတူ ရဲတပ်ဖွဲ့ဝင်များဒဏ်ရာရရှိမှု ဖြစ်ပွားခဲ့ခြင်းအတွက် ဝမ်းနည်းမိပါကြောင်း၊ ဖြစ်စဉ်၊ ဖြစ်ရပ် အမှန်ကိုအမြန်ဆုံးစစ်ဆေးဖော်ထုတ်ပြီး ဥပဒေချိုးဖောက်သူများကိုဥပဒေနှင့် အညီအရေးယူဆောင်ရွက်သွားရန် ဖြစ်ကြောင်းနှင့် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကိုအလေးထားဆောင်ရွက်ရန် ဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ရဲချုပ်အောင် ဝင်းဦးတို့က ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ရသေ့တောင်ဖြစ်စဉ်နှင့်စပ်လျဉ်း၍ စာရေးဆရာ ဝေဟင်အောင်အား ဥပဒေနှင့်အညီအမှုဖွင့် ဆောင်ရွက်ထားပြီး ဒေါက်တာအေးမောင်အား ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက လူစုလူဝေးနှင့် လုံခြုံရေး အစီအစဉ်များစီမံခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း ဆောင်ရွက်မည့်အစီအမံများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေမြင့်က သတင်းထုတ်ပြန်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသူများက ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့သည့် ပဋိပက္ခ နှင့်စပ်လျဉ်း၍ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ကြိုတင်စီမံဆောင်ရွက်မည့် ကိစ္စရပ်များကိုဝိုင်းဝန်းဆွေးနွေးအကြံပြုကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ရှင်းလင်း တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး မစ္စတာ ခုန်ရှယ်ယို့နှင့် တရုတ်ဗဟို စစ်ကော်မရှင်၊ ဒုတိယ ညှိနှိုင်းကွပ်ကဲရေးမှူး ဗိုလ်ချုပ်ရှောင်ရွှမ်မင်တို့အား လက်ခံတွေ့ဆုံ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာ-တရုတ်နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန နှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့ဦး ဆောင်သည့် (၂+၂)အဆင့်မြင့်ဆွေးနွေးပွဲသို့ တက်ရောက်ရန် မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီး မစ္စတာ ခုန်ရှယ်ယို့နှင့် တရုတ် ဗဟိုစစ်ကော်မရှင်၊ ဒုတိယညှိနှိုင်းကွပ်ကဲရေးမှူး ဗိုလ်ချုပ်ရှောင်ရွှမ်မင်တို့အား ဇန်နဝါရီ ၁၇ ရက်၊ နံနက် ၉ နာရီမိနစ် ၄၀ တွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင် ရွက်မှုမြှင့်တင်ရေး၊ မြန်မာ-တရုတ်နယ် စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် တရုတ်နိုင်ငံမှ အပြုသဘောဆောင်သော အကူအညီများ ဆက်လက်ပေး အပ်ရေး၊ ရခိုင်ပြည်နယ်အရေးကိစ္စအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာ ရေးရာများတွင် နှစ်ဖက် ဆက်လက်ပူးပေါင်း ဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန် ဦးမြင့်သူနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူး ချုပ်များ တက်ရောက်ခဲ့ကြသည်။

## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုရီးယား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ ဥက္ကဋ္ဌ မစ္စတာ လီမီဂယောင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး အေဂျင်စီ (Korea International Cooperation Agency-KOICA) ဥက္ကဋ္ဌ မစ္စ လီမီဂယောင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဇန်နဝါရီ ၁၉ ရက်၊ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီး ဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကိုရီး ယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီတို့ အကြား စိုက်ပျိုးရေး၊ ငါးမွေးမြူရေး၊ အသေးစား ချေးငွေလုပ်ငန်း စသည့်ကဏ္ဍများတွင် ပူးပေါင်း ဆောင်ရွက်နေမှုများနှင့် ကျား - မ တန်းတူညီမှုကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တက်ရောက်ခဲ့သည်။

www.free4readers.com



# ဒီမိုကရက်တစ်ဖက်ဒရယ် ပြည်ထောင်စုကြီး တည်ဆောက်ဖို့ တိုင်းရင်းသားအားလုံး ညီညွတ်သင့်ပြီ

မန်းတောင်ရိပ်ဘာဘာ

နိုင်ငံလွတ်လပ်ရေးတိုက်ပွဲကတည်းက ဗိုလ်ချုပ်အောင်ဆန်းရဲ့ ၁၉၄၇ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ လမ်းညွှန်မှု ၇ ချက်မှ ပထမအချက်တွင် "ပြည်ထောင်စုနိုင်ငံတော်၏ တိုင်းသူပြည်သားမှန်သမျှသည် လူမှုရေး၌လည်းကောင်း၊ စီးပွားရေးရာ၌လည်းကောင်း၊ နိုင်ငံရေးရာ၌ လည်းကောင်း၊ တရားမျှတမှုရှိစေလျက် အဆင့်အတန်းအခွင့်အရေး ဥပဒေသက်ရောက်မှုတွင် ဆူကြုံနိမ့်မြင့်မရှိ၊ ပကတိတူညီရမည့်အပြင် တရားဥပဒေနှင့်သော်လည်းကောင်း မဆန့်ကျင်သမျှ လွတ်လပ်စွာ ကြံစည်ပိုင်ခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုပိုင်ခွင့်၊ ယုံကြည်ပိုင်ခွင့်၊ ဘာသာတရား ကိုးကွယ်ပိုင်ခွင့်၊ ဝတ်ပြုခွင့်၊ ပရိယေသန ရှာမှီးခွင့်၊ စည်းရုံးပိုင်ခွင့်၊ ပြုမူဆောင်ရွက်ပိုင်ခွင့်တို့ရရှိတည်မြဲစေရန်အတွက် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် အခိုင်အလုံ သတ်မှတ်ထားရှိစေရမည်" လို့ လမ်းညွှန်ပြဋ္ဌာန်းခဲ့ပါတယ်။

သို့ပေမယ့် မြန်မာနိုင်ငံဟာ ၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးရရှိချိန်ကစပြီး နိုင်ငံရေး ပဋိပက္ခတွေပေါ်ပေါက်၊ ပြည်တွင်းစစ်နဲ့ ကြုံတွေ့ခဲ့တဲ့အတွက် ဗိုလ်ချုပ်မျှော်မှန်းခဲ့တဲ့ ဒီမိုကရေစီ လူ့ဘောင်ကို ပီပြင်အောင် မတည်ဆောက်နိုင်ခဲ့ပါ။

၁၉၆၂ ခုနှစ်မှာ မြန်မာနိုင်ငံဟာ အာဏာရှင်စနစ် အောက်ကိုရောက်ရှိခဲ့ပြီး ဒီမိုကရေစီ မိုးမှောင်ကျခဲ့တယ်။ မြန်မာတိုင်းရင်းသားပြည်သူတွေဟာ ထိုအချိန်ကစပြီး ဒီမိုကရေစီရရှိရေး တိုက်ပွဲဝင်ခဲ့ကြတယ်။ ၁၉၈၈ ခုနှစ်၊ ဩဂုတ် ၈ ရက်မှာ ရှစ်လေးလုံး ဒီမိုကရေစီ လူထုအရေးတော်ပုံကြီး ပေါ်ပေါက်လာပြီး မြန်မာနိုင်ငံပြည်သူတွေရဲ့ ဒီမိုကရေစီရေးတိုက်ပွဲဟာ တော်လှန်ရေးတစ်ရပ်အသွင်ကိုဆောင်ပြီး အထွတ်အထိပ်ကို ရောက်လာခဲ့တယ်။ သို့ပေမယ့် အာဏာရအုပ်စုက ဒီမိုကရေစီ လူထုအုံကြွမှုကို နှိမ်နင်းလို့မရတော့တဲ့အချိန်မှာတော့ စစ်အစိုးရအသွင်သို့ ကူးပြောင်းပြီး အာဏာကို ဆက်လက်ချုပ်ကိုင်ထားနိုင်ရေးအတွက် လူထုအရေးတော်ပုံကြီးကို အရက်စက်ဆုံး နည်းလမ်းတွေနဲ့ ပြင်းပြင်းထန်ထန် နှိမ်နင်းခဲ့ပါတယ်။

ပြည်သူတွေဟာ နှစ်ပေါင်း ၂၀ ကျော်ကာလအတွင်းမှာလည်း ဖိနှိပ်မှုတွေ ပြင်းထန်နေတဲ့ကြားက ဒီမိုကရေစီရရှိရေးအတွက် စဉ်ဆက်မပြတ် တိုက်ပွဲဝင်ခဲ့ကြတယ်။ ၂၀၁၀ ပြည့်နှစ် အရောက်မှာ အာဏာရအုပ်စုက ပြည်သူတွေရဲ့ တိုက်ပွဲအရှိန်မြင့်တက်နေမှုကြောင့် မဟာဗျူဟာအရ နောက်ဆုတ်မှု လုပ်ခဲ့ရတယ်။ ဒီမိုကရေစီ စံချိန်စံနှုန်းနဲ့ မကိုက်ညီတဲ့ ၂၀၀၈ အခြေခံဥပဒေရေးဆွဲနိုင်ပြီဖြစ်လို့ ပါတီစုံနိုင်ငံရေးစနစ်ကို ပုံစံအရ ဖော်ဆောင်ခဲ့ပြီး ရွေးကောက်ပွဲကို ကျင်းပခဲ့၊ ၂၀၁၀ ရွေးကောက်ပွဲမှာ အနိုင်ယူ၊ နိုင်ငံအာဏာကိုဆက်လက်ထိန်းချုပ်ခဲ့တယ်။

၂၀၁၅ ရွေးကောက်ပွဲမှာ နိုင်ငံရေးပါတီတွေ အများအပြားပေါ်ပေါက်လာအောင် ဆောင်ရွက်နေသလို ဒီမိုကရေစီအင်အားစုတွေအကြားမှာ အကွဲကွဲအပြဲပြဲဖြစ်အောင်လည်း ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် ၂၀၁၅ ရွေးကောက်ပွဲမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အနိုင်ရခဲ့ရင်လည်း လွှတ်တော်မှာ အင်အားကြီးပါတီအဖြစ် မရပ်တည်နိုင်အောင် (သို့မဟုတ်) လွှတ်တော်မှာ လုပ်ဆောင်ချက်တွေကို ကဖျက်ယဖျက်ဖြစ်အောင် ပီအာရ်ဆိုတဲ့ အချိုးကျကိုယ်စားပြုစနစ်ကို ရွေးကောက်ပွဲတွေမှာ ကျင့်သုံးဖို့ ကြိုးစားခဲ့ပါတယ်။

သို့ပေမယ့် ပြည်သူတွေရဲ့နိုင်ငံရေးအမြင် အလွန်မြင့်မားပါတယ်။ ရွေးကောက်ပွဲလုပ်သူတိုင်း သူတို့ယုံကြည်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ အနိုင်ပေးခဲ့တယ်။ လွှတ်တော်ခေါ်ပေးခြင်းတော့မရှိ။ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှာလည်း ဒီမိုကရေစီအဖွဲ့ချုပ်ကိုပဲ အနိုင်ပေးခဲ့တယ်။ ၂၀၁၅ ရွေးကောက်ပွဲမှာလည်း အဖွဲ့ချုပ်တို့ လွတ်လွတ်လပ်လပ် အစိုးရဖွဲ့နိုင်အောင် အနိုင်ပေးခဲ့တယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က မြန်မာနိုင်ငံ အသွင်ကူးပြောင်းရေး အရေးကြီးလို အပ်တယ်လို့ ထင်တဲ့ အချက်သုံးချက်ကို ဦးတည်ပြီး ဆောင်ရွက်လျက်ရှိတယ်။ ပထမအချက်က တရားဥပဒေ စိုးမိုးရေး၊ ဒုတိယက ပြည်တွင်းငြိမ်းချမ်းရေး၊ တတိယက ဖွဲ့စည်းပုံအခြေခံဥပဒေပြန်လည် ပြင်ဆင်ဖို့ တို့ဖြစ်ပါတယ်။

ဥပဒေစိုးမိုးမှုမရှိလျှင် နိုင်ငံတစ်နိုင်ငံတည်ငြိမ်မှာ မဟုတ်ပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုဟာ ဘယ်လောက်ပဲ ဒီမိုကရေစီစံချိန်စံနှုန်းတွေနဲ့ ကိုက်ညီသော်လည်း ဥပဒေစိုးမိုးမှုမရှိဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာဟာလည်း အဓိပ္ပာယ်ရှိမှာ မဟုတ်ပါဘူး။ နံပါတ်တစ်အချက်က တရားဥပဒေစိုးမိုးရေးဆိုတော့ နံပါတ်နှစ်အချက်က ပြည်တွင်းငြိမ်းချမ်းရေးလို့ မဆိုသင့်ဘူးလား။ ပြည်တွင်းငြိမ်းချမ်းရေး ရေရှည်ခံဖို့ဆိုရင် တရားဥပဒေစိုးမိုးမှုမရှိဘဲနဲ့ မရပါ။ ဘယ်လိုပဲ သဘောတူညီချက်တွေ ယူယူ၊ ဘယ်လိုပဲ သဘောတူညီချက်တွေ လက်မှတ်ထိုးထိုး၊ တကယ်တော့ တရားဥပဒေစိုးမိုးရေးမရှိရင် ဒီသဘောတူညီချက်တွေက ဘယ်လောက်အထိ တည်မြဲမှာလဲဆိုတာ စဉ်းစားစရာဖြစ်တယ်။ တရားဥပဒေ စိုးမိုးရေးဆိုတာဟာ နိုင်ငံတည်ငြိမ်ဖို့အတွက် အင်မတန်မှ လိုအပ်တဲ့ အချက်တစ်ချက်ပဲ။

တတိယအနေနဲ့က ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးဆိုတော့ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံ (ဒုတိယအစည်းအဝေး) မှာ အတည်ပြုထားသော နိုင်ငံရေးကဏ္ဍမူဝါဒသဘောတူညီချက် (၄-ဃ) တွင် "နိုင်ငံတော် အချုပ်အခြာအာဏာ၏ ခက်မ ၂ ဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာ ၃ ရပ်ကို ပြည်ထောင်စု တိုင်းဒေသကြီး၊ ပြည်နှင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသများသို့ ခွဲဝေအပ်နှင်းမည်။ ပြည်ထောင်စုတိုင်းဒေသကြီး ပြည်နယ်များကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဒေသကြီးများ၊ ပြည်နယ်များအကြား ဥပဒေပြုရေးဆိုင်ရာအာဏာများနှင့် ပူးတွဲအာဏာ များကိုနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက ခွဲဝေအပ်နှင်းစေရမည်" လို့ သဘောတူ ဆုံးဖြတ်ပြီးဖြစ်ပါတယ်။ ဒါကြောင့် ဒီမိုကရေစီစံချိန်စံနှုန်းနဲ့ ကိုက်ညီတဲ့ ဖက်ဒရယ်စနစ်အခြေခံဥပဒေရေးဆွဲကြရမှာဖြစ်တယ်။

တကယ်တော့ ဖက်ဒရယ်ကိစ္စဟာ ပြည်ထောင်စု မြန်မာနိုင်ငံမှာ ဒီမိုကရေစီစနစ် ထူထောင်အောင်မြင်ရေးရဲ့အစိတ်အပိုင်းတစ်ခု (သို့မဟုတ်) ရည်မှန်းချက်တစ်ခုပဲဖြစ်ပါတယ်။ ယနေ့အချိန်မှာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၆၀ ကျော်အတွင်း ပေါ်ပေါက်ခဲ့တဲ့ ပြဿနာရပ်အားလုံးကို ဖြေရှင်းနိုင်ဖို့ဆိုတာဟာ အာဏာရှင်စနစ်နဲ့ အကြွင်းအကျန်တွေ အမြစ်ပြတ်ချုပ်ငြိမ်းရေးနဲ့ စစ်မှန်တဲ့ ဒီမိုကရေစီထွန်းကားရေးတို့အပေါ်မှာ လုံးဝတည်မှီနေပါတယ်။ ဒါကြောင့် ပြည်ထောင်စုစစ်မှုရရှိအောင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံ ကျင်းပပေးနေတာပါ။ ညီလာခံကြီးအတွင်း တိုင်းရင်းသားအားလုံး ပထမဦးစား ပေးတာဝန်က အာဏာရှင်လက်ကျန်တွေအားလုံးကို ရှင်းလင်းဖယ်ရှားရေးနဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ထူထောင်အောင်မြင်ရေးသာဖြစ်တယ်။ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု အစိုးရတစ်ရပ်ပေါ်ပေါက်လာမယ်ဆိုရင်တော့ ကျွန်တော်တို့တိုင်းရင်းသားတွေ အကြားမှာ မဖြေရှင်းနိုင်တဲ့ ပြဿနာဆိုတာဟာ ရှိနိုင်မှာမဟုတ်ကြောင်း တင်ပြလိုက်ရပါတယ်။

■ ■ ■

## အောင်မြင်မှုစားသွားပေါ်က ပန်းတစ်ပွင့်

ဖဲကြိုးမဖြတ်ရပါဘဲ
နှစ်သစ်တစ်ခုက ရောက်လာတယ်။

နှစ်ဟောင်းမှာ
ပြုပြင်စရာတွေ
သိပ်များကောင်း များခဲ့ပါလိမ့်မယ်။

မအောင်မြင်မှုများ
မပြီးပြတ်သေးသော
ကိစ္စကြီးငယ်များ
မဆိုက်ရောက်သေးသော ကမ်းနဲ့
အလှမ်းဝေးနေသောကြယ်များ။

တကယ်တော့
ဘယ်အကြောင်းတရားကမှ
သံသရာထိ မဝေးခဲ့ကြပါဘူး။

နှစ်သစ်ဟာ
လူသစ် စိတ်သစ်နဲ့
အဆိပ်ဖြစ်မယ့်နေ့တွေကို ကျော်လွှား
အောင်မြင်မှုစားသွားပေါ်
ငှားငှားစွင့်စွင့် ပွင့်ပြပါလိမ့်မယ်။ ။

လင်းသစ္စာဦး



www.free4readers.com

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Jukr Boon-Long အား လက်ခံတွေ့ဆုံ



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ် ကြီး H.E. Mr. Jukr Boon-Long အား ဇန်နဝါရီ ၁၉ ရက်၊ မွန်းလွဲ ၂ နာရီခွဲအချိန် တွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့် ခန်းမဆောင်၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ထိုင်း-မြန်မာ နှစ်နိုင်ငံ အစိုးရအချင်းချင်း၊ လွှတ်တော် အချင်းချင်း၊ ပြည်သူအချင်းချင်း ချစ် ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့် လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ် တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။



## ထာဝရငြိမ်းချမ်းရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်းပါဝင်ကြရန် ဥက္ကဋ္ဌ တိုက်တွန်း

ဒီမိုကရေစီပန်းတိုင်ကို ရောက်ရှိရန် အရေးကြီးဆုံးမှတ်တိုင်မှာ ထာဝရ ငြိမ်းချမ်းရေးဖြစ်ပြီး ငြိမ်းချမ်းရေးရရှိရန် အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမှ ပူးပေါင်းပါဝင်ကြရန် ဥက္ကဋ္ဌ ဦးဝင်းမြင့်က တိုက်တွန်းပြောကြားခဲ့သည်။

"ဒီမိုကရေစီပန်းတိုင်ကို ရောက်ရှိဖို့အတွက် အရေးကြီးဆုံးမှတ်တိုင်တစ်ခုဖြစ်တဲ့ ထာဝရငြိမ်းချမ်းရေး ရနိုင်ဖို့ တိုင်းရင်းသား ညီအစ်ကို မောင်နှမများအားလုံးက စုပေါင်းဆွေးနွေးအဖြေရှာလျက်ရှိကြပါတယ်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အဆင့်ဆင့် ချမှတ်ပြီး အသိပညာ စွမ်းအား၊ စိတ်ဓာတ်ခွန်အားများနဲ့ အားထုတ်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရက အဓိကကြိုးပမ်းဆောင်ရွက်နေသော ပြည်တွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ဥပဒေပြုရေးမဏ္ဍိုင်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကလည်း ဝိုင်းဝန်းကြိုးပမ်း ပူးပေါင်းဆောင်ရွက်ပေးကြရန် ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဆင်ခြင်တုံတရား လက်ကိုင်ထားပြီး ကောင်းမွန်တဲ့ စေတနာ၊ ရင့်ကျက်တဲ့ အတွေးအခေါ် ပြည့်စုံတဲ့ ဉာဏ်ပညာ၊ ဗဟုသုတတွေကို ပေါင်းစပ် အသုံးချနိုင်မှသာ နိုင်ငံတော်နဲ့ နိုင်ငံသားတို့အတွက် ရလဒ်ကောင်းတွေ ထွက်ပေါ်လာမှာ ဖြစ်ပါတယ်" ဟု ၎င်းက ကိုယ်စားလှယ်များသို့ တိုက်တွန်းပြောကြားခြင်းဖြစ်သည်။

ဇန်နဝါရီလ (၁၅) ရက်တွင် ပြန်လည်စတင်ကျင်းပခဲ့သည့် လွှတ်တော်အစည်းအဝေးများ၏ ပြည်သူ့လွှတ်တော် အစည်းအဝေး ပြန်လည်စတင်ချိန် နှုတ်ခွန်းဆက်စကားတွင် ဦးဝင်းမြင့်က ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

ကိုယ်စားလှယ်များအနေဖြင့် ပြည်သူများအကြား ဒီမိုကရေစီ အလေ့အကျင့်ကောင်းများ ခိုင်မာလာအောင် ဆောင်ရွက်ကြရမည်ဖြစ်ပြီး ဥပဒေပြုရေးမဏ္ဍိုင်၏ တာဝန်များကိုလည်း ကျွမ်းကျင်စွာ ထမ်းဆောင်ကြရန် ဥက္ကဋ္ဌက တိုက်တွန်းပြောကြားခဲ့သည်။

ယခုပြန်လည်ကျင်းပသည့် လွှတ်တော်အစည်းအဝေးများမှာ သတ္တမအကြိမ် ပုံမှန်အစည်းအဝေးများဖြစ်ပြီး ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးများတွင် ဥပဒေကြမ်း (၂၆) ခု ဆွေးနွေးမည်ဖြစ်ပြီး ဆဋ္ဌမအကြိမ် ပုံမှန်အစည်းအဝေးမှ ဆွေးနွေးရန် ကျန်ရှိသည့် အဆို (၁) ခုနှင့် အသင့်ဖြစ်အဆို (၈)ခု၊ ပြောင်းရွှေ့မေးခွန်းများ မှ ကြယ်ပွင့်ပြ (၁၂၁) ခုနှင့် အသင့်ဖြစ်မေးခွန်း (၁၇၂) ခုတို့ ရှိကြောင်း သိရသည်။

သက်အောင်-ပုလဲ

## ပြည်ထောင်စုစိတ်ဓာတ်ကို မွေးမြူမှသာ ကမ္ဘာ့ရေစီးကြောင်းကို အမီလိုက်နိုင်မည်ဟု တိုင်းရင်းသားရေးရာဝန်ကြီးပြော




တိုင်းရင်းသားဒေသများတွင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု မညီမျှခြင်းကြောင့် ပြည်တွင်းပဋိပက္ခများရှင်သန်နေရကြောင်းနှင့် တိုင်းရင်းသားများအားလုံးသည် ပြည်ထောင်စုစိတ်ဓာတ်ကို မွေးမြူမှသာ ကမ္ဘာ့ရေစီးကြောင်းကို အမီလိုက်နိုင်မည်ဖြစ်ကြောင်း တိုင်းရင်းသားရေးရာဝန်ကြီး နိုင်သက်လွင်က ပြောသည်။

"ကျွန်တော်တို့နိုင်ငံမှာ တိုင်းရင်းသားပေါင်းမျိုးစုံနေထိုင်တယ်။ လူမျိုး ၁၃၅ မျိုးမကဘူး။ ဒီလောက်များပြားတဲ့ တိုင်းရင်းသားတွေဟာ ကျွန်တော်တို့ဟာ ကိုယ့်လူမျိုးကို ကိုယ်ချစ်သလို ကျန်တဲ့ တိုင်းရင်းသားလည်း သူ့လူမျိုးကို သူချစ်တယ်ဆိုတော့ လူမျိုးတစ်မျိုးနဲ့တစ်မျိုး ယုံကြည်လေးစားစွာ ဆက်ဆံသွားမယ်ဆိုရင် ပြည်ထောင်စုစိတ်ဓာတ်ကို မွေးမြူလို့ရှိရင် ကျွန်တော်တို့နိုင်ငံက ငြိမ်းချမ်းပြီး တိုးတက်နေတဲ့ ကမ္ဘာ့ရေစီးကြောင်းကို အမီလိုက်နိုင်မှာပါ။ ငြိမ်းချမ်းရေးမရှိရင် ကျွန်တော်တို့ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ် ဘယ်လိုမှ မသွားနိုင်ဘူး" ဟု ၎င်းက ပြောခြင်းဖြစ်သည်။

တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဇန်နဝါရီလ ၁၈ ရက်က ဖိုရမ်တစ်ရပ် ကို နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့ရာ ဝန်ကြီး နိုင်သက်လွင်က ယင်းသို့ ပြောခြင်းဖြစ်သည်။

တိုင်းရင်းသားဒေသများတွင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု မညီမျှခြင်းကြောင့် မကျေနပ်မှုများမှတစ်ဆင့် ပြည်တွင်း ပဋိပက္ခများ ဆက်လက်ရှင်သန်နေရကြောင်းလည်း ဝန်ကြီး နိုင်သက်လွင်က ပြောသည်။

"တိုင်းရင်းသားများမှာ ၎င်းတို့ရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးမညီမျှမှုကြောင့် အထွေထွေမကျေနပ်မှုကတစ်ဆင့် ပြည်တွင်းပဋိပက္ခများ ဆက်လက်ရှင်သန်နေခဲ့ပါတယ်။ အဲဒီပဋိပက္ခတွေကြောင့် ယနေ့အထိ ပြည်တွင်း ငြိမ်းချမ်းရေးကိုမရရှိနိုင်သေးပါဘူး။ ငြိမ်းချမ်းမှု မရှိတဲ့အတွက်ကြောင့် ဒေသဖွံ့ဖြိုးရေးကို အပြည့်အဝ ဆောင်ရွက်နိုင်ခြင်းမရှိသေးပါ" ဟု ဝန်ကြီးက ပြောခြင်းဖြစ်သည်။

တိုင်းရင်းသား ဒေသ/လူမျိုးများအားလုံးတန်းတူညီမျှသော နိုင်ငံသားအခွင့်အရေးများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများကို အပြည့်အဝရရှိရေး၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည် လေးစားရေးနှင့်ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖွံ့ဖြိုးရေးနှင့် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ် အခြေခံ၍ ထာဝစဉ် အတူတကွ လက်တွဲနေထိုင်ရေး၊ တိုင်းရင်းသားလူမျိုးများ၏ စကားစာပေ အနုပညာယဉ်ကျေးမှု ရိုးရာ ဓလေ့ထုံးတမ်း အမျိုးသားရေးလက္ခဏာနှင့် သမိုင်းအမွေအနှစ်တို့ကို ထိန်းသိမ်းရေးစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရန်၊ တိုးတက်ဖွံ့ဖြိုးမှု နည်းပါးနေသည့် တိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး လမ်းပန်းဆက်သွယ်ရေး စသည်တို့ ပါဝင်သော လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး စသည့် မူဝါဒများကို နိုင်ငံတော်အစိုးရမှ ချမှတ်ထားပြီး ၎င်းအပေါ် အကောင်အထည်ဖော်ရန် တိုင်းရင်းသား ပြည်သူများကဝိုင်းဝန်းကြိုးပမ်းမှသာ အောင်မြင်မည်ဖြစ်ကြောင်းလည်း ဝန်ကြီးက ပြောသည်။

အခမ်းအနားသို့ နိုင်ငံတော်ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီးများ ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဒေသဦးစီးအဖွဲ့များမှ ကိုယ်စားလှယ်များ၊ လွှတ်တော်အသီးသီးမှကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အသင်းအဖွဲ့များ နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများမှ တက်ရောက်ခဲ့ကြသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှလည်း အဆိုပါဖိုရမ်ကို တက်ရောက် နိုင်မှုမရှိခဲ့သည့်အတွက် သဝဏ်လွှာ ပေးပို့ခဲ့ကြောင်းသိရှိရသည်။

သက်အောင်-ပုလဲ

www.free4readers.com



# ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် စင်ပြိုင်အစိုးရ

ရှေ့နေမောင်ကံ

**သစ္စာဖောက်ဖျက်ပုန်ကန်မှု**

ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် တည်ထောင်ခန့်အပ်သော ပြည်ထောင်စုအစိုးရအဖွဲ့၊ အဖွဲ့ဝင်၏ လုပ်ငန်းအဖွဲ့ကို လက်နက်ဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ ဖြိုဖျက်ရန် အားထုတ်လျှင်၊ ပြင်ဆင်လျှင်၊ လှုံ့ဆော်လျှင်၊ ပူးပေါင်းကြံစည်လျှင် နိုင်ငံတော်သစ္စာဖောက်မှုဖြစ်ပါသည်။

ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၂၁ ၌ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်ခြင်း၏ အဓိပ္ပာယ်ကိုဖွင့်ဆိုထား၍ ပုဒ်မ ၁၂၂ ၌ ပုန်ကန်မှုအတွက် ပြစ်ဒဏ်ပြဋ္ဌာန်းထားပါသည်။

မြန်မာနိုင်ငံ၏ သမိုင်း၌ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ရွေးကောက်ထားသော အစိုးရအဖွဲ့ကို ၁၉၆၂ ခုနှစ်တွင် ဦးနေဝင်းဦးဆောင်သော တပ်မတော်က အစိုးရအဖွဲ့ကို ဖြိုဖျက်၍ တော်လှန်ရေးကောင်စီအစိုးရ ထူထောင်ခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် အသစ်ရေးဆွဲခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးကောက်ထားသော အစိုးရကို ၁၉၈၈ ခုနှစ်တွင် အစိုးရအဖွဲ့ကို ဖြိုဖျက်၍ တပ်မတော်အစိုးရက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအစိုးရအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် တည်ထောင်ထားသောအစိုးရကို ဖြိုဖျက်၍ အာဏာသိမ်းယူမှုသည် အောင်မြင်ပါက နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုဖြင့် တရားစွဲဆိုခြင်းမခံရသော်လည်း မအောင်မြင်ပါက နိုင်ငံတော်သစ္စာဖောက်ဖျက်မှုဖြင့် တရားစွဲဆိုခံရဖွယ်ရှိပါသည်။ အစိုးရအဖွဲ့ကို ဖြိုဖျက်၍ အာဏာသိမ်းရန် ပြုလုပ်ခဲ့ကြသော ဗိုလ်ကြီးအုန်းကျော်မြင့် (ပါ) ၆ ဦး၊ မန်းငွေအောင် (ပါ) ၄ ဦးနှင့် ဦးထိန်လင်း (ပါ) ၄ ဦးအမှုများ၌ ကြိုးပမ်းမှုမအောင်မြင်၍ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုရာဇသတ်ကြီးဥပဒေပုဒ်မ ၁၂၂ ဖြင့် စွဲဆိုခံရသည်။ ပြစ်ဒဏ်များချမှတ်ခံခဲ့ရသည်။ မအောင်မြင်သော အာဏာသိမ်းမှုများဖြစ်သည်။ ရာဇသတ်ကြီးဥပဒေပါပြဋ္ဌာန်းချက်၌ နိုင်ငံတော်သစ္စာဖောက်ပြန်ပုန်ကန်မှု ကျူးလွန်ခြင်း၏ အင်္ဂါရပ်၌ ပုန်ကန်မှုကျူးလွန်သူ၏ ရည်ရွယ်ချက်ကို ပြဋ္ဌာန်းထားခြင်းမရှိပါ မည်သို့သော ရည်ရွယ်ချက်ဖြင့် ပြစ်မှုကျူးလွန်စေကာမူ ပြစ်မှုမှကင်းလွတ်ခွင့်ပြုသည်ဟု ခြွင်းချက်မရှိပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေအရဖွဲ့စည်းထားသော အစိုးရအဖွဲ့ကို လက်နက်ဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ ဖြိုဖျက်ခြင်းဖြစ်ပါသည်။

> ရာဇသတ်ကြီး ဥပဒေပါ ပြဋ္ဌာန်းချက်၌ နိုင်ငံတော် သစ္စာဖောက်ပြန် ပုန်ကန်မှု ကျူးလွန်ခြင်း၏ အင်္ဂါရပ်၌ . . .

**စင်ပြိုင်အစိုးရ**

၂၀၀၈ ဖွဲ့စည်းပုံအရ လွှတ်တော်များ၌ တပ်မတော်သားကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းပါဝင်ခွင့်ပြုထားသည်။ အစိုးရအဖွဲ့၏ ဝန်ကြီးဌာနများတွင် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနများ၊ ပြည်ထောင်စုဝန်ကြီးများကို ကာကွယ်ရေးဦးစီးချုပ်ထံမှ အမည်စာရင်းတောင်းယူ၍ ခန့်ထားရသည်။ တပ်မတော်သည် တပ်ပိုင်းဆိုင်ရာကိစ္စအားလုံးကို လွတ်လပ်စွာ စီမံခန့်ခွဲပိုင်ခွင့် စီရင်ဆောင်ရွက်ပိုင်ခွင့်ရှိပါသည်။ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်ရေးကို ဦးတည်သည်ဟု ပြဋ္ဌာန်းထားပါသည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၌ တပ်မတော်၏ အခန်းကဏ္ဍကို မြင့်မားစွာ ဖော်ပြပါသည်။ သို့ရာတွင် ၂၀၀၈ ဖွဲ့စည်းပုံအရ အစိုးရသည် တစ်ဖွဲ့တည်းသာဖြစ်သည်။ နိုင်ငံတော်၏အထွဋ်အထိပ်ဖြစ်သည့် သမ္မတဦးဆောင်သော အစိုးရအဖွဲ့ဖြစ်ပါသည်။ စင်ပြိုင်အစိုးရအဖွဲ့တစ်ခု ထူထောင်ရန် ခွင့်ပြုထားခြင်းမရှိသည်မှာ ရှင်းပါသည်။

ယခုအခါ မြန်မာနိုင်ငံ၌ အစိုးရနှစ်ဖွဲ့အုပ်ချုပ်နေသည်ဟု ပြည်တွင်း၊ ပြည်ပနိုင်ငံရေးလေ့လာသုံးသပ်သူတို့က ဝေဖန်ရေးသားပြောဆိုနေကြပါသည်။ အရပ်သားအစိုးရနှင့် တပ်မတော်အစိုးရဟူ၍ ခွဲခြားရှုမြင်သုံးသပ်သည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းအတွင်း၌ပင် အရပ်သားအစိုးရ၏ ဆောင်ရွက်ချက်နှင့် တပ်မတော်၏ ဆောင်ရွက်ချက်များအပေါ်၌ ခွဲခြားစိစစ်၍ အရေးယူမှုများကို သီးခြားပြုလုပ်နေသည်။ အစိုးရအဖွဲ့နှစ်ဖွဲ့ပုံသဏ္ဌာန်လို ခွဲခြားနေသည်။

ဘာကြောင့်အစိုးရနှစ်ဖွဲ့ အုပ်ချုပ်နေသည်ဟု ဝေဖန်နေကြပါသနည်း။ ဤသည်မှာ တပ်မတော်၏ လုပ်ဆောင်ချက်များနှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ လုပ်ဆောင်ချက်များ၊ ကွဲလွဲနေမှုများအပေါ်၌ ဝေဖန်သုံးသပ်ပြောဆိုကြသည်ဟု ယူဆပါသည်။

ပြည်ထောင်စုအစိုးရက ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ အတိုက်ခိုက်ရပ်စဲရေးလုပ်ငန်းများကို အားသွန်ကြိုးပမ်းနေချိန်တွင် တပ်မတော်သည် တိုင်းရင်းသားလက်နက်ကိုင်များကို ထိုးစစ်ဆင်တိုက်ခိုက်နေသည်။ တိုင်းရင်းသားဒေသများ၌ နေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ စစ်ဘေးရှောင်နေကြရသည်၊ ဒုက္ခသည်စခန်းများ၌ ခိုလှုံနေကြရသည်။ တိုင်းရင်းသားများ၊ တိုင်းရင်းသားလက်နက်ကိုင်များနှင့် ဆက်သွယ်မှုအပေါ် မတရားအသင်းဥပဒေဖြင့် အရေးယူခံနေရသည်။ မည်သည့်ရည်ရွယ်ချက်ဖြင့်ပြုသည်ဖြစ်စေ၊ အကျိုးရလဒ်ကား ပြည်တွင်းငြိမ်းချမ်းရေးပျက်ယွင်းစေသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စေသည်။

၂၁ ရာစုပင်လုံညီလာခံကြီးကျင်းပ၍ နှစ်ပေါင်းများစွာတောက်လောင်ခဲ့သော ပြည်တွင်းစစ်ရပ်စဲရန်၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် ပြည်ထောင်စုအစိုးရက အားသွန်ခွန်စိုက်ကြိုးပမ်းနေသည်။ ၂၁ ရာစုပင်လုံညီလာခံ အတွက် အထောက်အကူဖြစ်စေသော တိုင်းရင်းသားအဖွဲ့အစည်းများ၏လူထုတွေ့ဆုံပွဲများ၊ အစည်းအဝေးများကျင်းပခြင်းကို တားမြစ်ခြင်းခံနေရသည်၊ အရေးယူခြင်းခံနေရသည်။ လက်တွေ့အကျိုးရလဒ်ကား ပင်လုံညီလာခံကို သတ်မှတ်ချိန်၌ ဆက်လက်မကျင်းပနိုင်ခြင်းဖြစ်သည်။

ပြည်ထောင်စုအစိုးရက တပ်မတော်အပေါ်၌ ဩဇာမရှိဘူးလား၊ သဘောထားကွဲလွဲနေသလား၊ တပ်မတော်က ပြည်ထောင်စုအစိုးရ၏ မူဝါဒများ၊ ဆောင်ရွက်ချက်များအပေါ် ပူးပေါင်းမဆောင်ရွက်ဘူးလား ဟူသော မေးခွန်းများနှင့်အတူ စင်ပြိုင်အစိုးရဖြစ်နေသလား ဟူသော မေးခွန်းများ ဆက်တိုက်ထွက်ပေါ်လာပါသည်။

၂၀၀၈ ဖွဲ့စည်းပုံက ပြည်ထောင်စုအစိုးရနှင့် စင်ပြိုင်အစိုးရတစ်ရပ်ကို မည်သည့်အဖွဲ့အစည်းကိုမျှ ခွင့်မပြုထားပါ။ သို့ရာတွင် မိမိတို့၏၊ လုပ်ရပ်များသည်၊ ဆောင်ရွက်ချက်များသည် စင်ပြိုင်အစိုးရသဖွယ် ဖြစ်၊ မဖြစ်ကိုကား လေ့လာဆန်းစစ်သုံးသပ်ရန် လိုသည်။

အချုပ်အားဖြင့်ဆိုရပါမူ ၂၀၀၈ ဖွဲ့စည်းပုံသည် စင်ပြိုင်အစိုးရတည်ထောင်ခွင့်၊ စင်ပြိုင်အစိုးရသဖွယ်လုပ်ဆောင်ချက်များကို ခွင့်ပြုမထားပါ။ စင်ပြိုင်အစိုးရထူထောင်ခြင်းသည် ရာဇသတ်ကြီးဥပဒေအရ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု၏ ဥပဒေပြဋ္ဌာန်းဘောင်အတွင်း ကျရောက်နေပါသည်။ ပြည်ထောင်စုအစိုးရနှင့် တပ်မတော်တို့သည် သဘောထားကွဲလွဲမှုမရှိစေဘဲ အသံတူဖြစ်သင့်ပါကြောင်း။

■ ■ ■





# လူငယ်ဖော်ဆောင်ရေးနဲ့ အဖွဲ့ချုပ် လူငယ်လုပ်ငန်းအဖွဲ့ (၂၃)

ကျော်အေးနိုင်

ရန်ကုန်တိုင်းမှာဆိုရင် မြို့နယ်တွေအားလုံးနီးပါး ဒုတိယအကြိမ် လူငယ်ညီလာခံကို ကျင်းပပြီးစီးခဲ့ပါပြီ။ ဒီညီလာခံကနေ ရွေးချယ်ခံရပြီး တာဝန်အသီးသီး ခွဲဝေယူပြီး တာဝန်ထမ်းဆောင်ဖို့အဆင်သင့်ဖြစ်နေကြပါပြီ။ ဒီတော့ ဒီတာဝန်မထမ်းဆောင်ခင်ကာလမှာ ဘာတွေလုပ်သင့်သလဲ၊ ဘာတွေဖြည့်ဆည်းထားဖို့လိုသလဲဆိုတာတွေကို စဉ်းစားစရာ ဖြစ်လာနိုင်ပါတယ်။

ပထမအကြိမ် လူငယ်ညီလာခံကြီး ကျင်းပပြီးစီးတဲ့ အချိန်တုန်းက အရွေးချယ်ခံခဲ့ကြတဲ့ လူငယ်တာဝန်ခံ အဆင့်ဆင့်ကို သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် သင်တန်းအမျိုးမျိုးတွေ ပေးခဲ့ပါတယ်။ သို့ပေမယ့် ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲကျင်းပဖို့ နီးကပ်လာတဲ့အချိန်မို့လို့ လူငယ်တွေဟာ ဟုတ်တိပတ်တိသင်တန်းတွေအပေါ် စိတ်မဝင်စားဘဲ ရွေးကောက်ပွဲ အောင်နိုင်ရေးနဲ့ ရွေးကောက်ပွဲမှာ ဝင်ပြီး ကိုယ်စားလှယ်လောင်းအဖြစ် ဝင်အရွေးချယ်ခံရရေးကိုသာ ဦးတည်ခဲ့ကြပါတယ်။ ပြည်နယ်နှင့် တိုင်းဗဟိုအဆင့်ကိုရောက်ပြီး တာဝန်ထမ်းဆောင်နေကြရတဲ့ လူငယ်တာဝန်ခံ ထက်ဝက်ကျော်လောက်ဟာ ရွေးကောက်ပွဲ အောင်နိုင်ရေးအတွက် ပံ့ပိုးကူညီပေးမယ်ဆိုတဲ့ အသိစိတ်လျော့နည်းပြီး ပါတီမူဝါဒအရ ချမှတ်ထားတဲ့လူငယ်တွေကို လွှတ်တော်ကိုယ်စားလှယ် ရွေးချယ်ခံကြရာမှာ ဦးစားပေးရမယ်ဆိုတဲ့ မှတ်ချက်ကြောင့် ကိုယ်စားလှယ်လောင်း ရောဂါတွေတက်၊ အရှင်မွေးနေ့ချင်းကြီး ကိုယ်စားလှယ်တွေအဖြစ် ရွေးချယ်ခံကြရပါတယ်။ ပြီးတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဩဇာအရှိန်အဝါကြောင့် ၂၀၁၅ ရွေးကောက်ပွဲကို သာသာယာယာနဲ့ အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ကြပါတယ်။

အဲဒီလို အနိုင်ရလည်းပြီးရော လွှတ်တော်တွေ၊ အစိုးရအဖွဲ့တွေ ဖွဲ့ပြီးတော့ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး ယန္တရားကြီးကို စတင်မောင်းနှင်ခွင့်ရလာခဲ့ပါတယ်။ ဒီလိုမောင်းနှင်စဉ်ကာလမှာပဲ အချို့လူငယ်လူလတ် ပညာတတ်လို့ဆိုကြတဲ့ ကိုယ်စားလှယ်တွေဟာ ဒီ ၂၀၁၅ ရွေးကောက်ပွဲနိုင်တာ ပြည်သူက သူတို့ကို ထောက်ခံလို့နိုင်တာ ကျန်တာဘာမှမရှိဘူးဆိုပြီး အဖွဲ့ချုပ်ခေါင်းဆောင်တစ်ဦးပြောတဲ့စကားကြားလိုက်ရပါတယ်။ သူတို့ဟာ အောက်ခြေလွတ်လာပါတယ်။ ငါတစ်ကောကော လာပါတယ်။ ပါတီမူဝါဒ၊ ပါတီသမိုင်းကြောင်း၊ အစိုးရသွားနေရတဲ့ အခက်အခဲနဲ့ ရင်ဆိုင်ကျော်လွှားနေရတဲ့ အခြေအနေဆိုးတွေကို မသိဘဲ ပြည်သူကြားမှာ သတင်းမီဒီယာကြားမှာ၊ လွှတ်တော်ကြားမှာ၊ အစိုးရအဖွဲ့ဝင်တွေကြားမှာ၊ ပါတီဝင်ထုကြားမှာ မိုးမမြင် လေမမြင် နဲ့ ငါကွဆိုပြီး ထင်ပေါ်ကျော်ကြားအောင်၊ သတင်းမီဒီယာ ဖွလို့၊ ဆွလို့ကောင်းအောင် ထင်ရာမြင်ရာတွေ လျှောက်ပြောကြပါတော့တယ်။ ဒီအကြောင်း ဘာလို့ထပ်ပြောရသလဲဆိုတော့ နောက် လူငယ်တွေ အတုယူမှား ထင်မှတ်မှားပြီး ဆရာမွေး၊ တပည့်မွေး လောင်းရိပ်အောက်ကနေ လွတ်မြောက်စေဖို့ဆိုတဲ့ ဆန္ဒအမှန်နဲ့ ထပ်အသိပေးနေရတာပါ။ ဒါတောင် ဒီရောဂါတွေ စွဲကျန်နေသေးတဲ့ ပုဂ္ဂိုလ်ကြီး၊ ငယ်၊ လတ်တွေလည်း ရှိနေသေးတာကို တွေ့နေရပါတယ်။ ကျန်စစ်သားက စောလူးမင်းကို ကယ်သလိုမျိုး၊ ကယ်တာကို ဒုက္ခပေးတာလို့ အမြင်မှားနေရင်တော့ သူ့စရိတ်နဲ့သူ ထားခဲ့ရတော့မှာပါ။

ကျွန်တော့်အနေနဲ့ ပါတီဘက်မှာရော အစိုးရအဖွဲ့တွေဘက်မှာပါ ရဲဘော်ရဲဘက်အဖြစ် ပေါင်းသင်းဆက်ဆံခံရသူတွေ အထိုက်အလျောက်ရှိတော့ အစိုးရရဲ့ လုပ်ငန်းစဉ်အချို့ကိုလည်း လေ့လာရသလို လွှတ်တော်တွေထဲမှာလည်း ထဲထဲဝင်ဝင်လေ့လာခွင့်ရခဲ့လို့ အပေါင်းလက္ခဏာဆောင်ပြီး အစိုးရ ပါတီ၊ လွှတ်တော်ဟာ ဟန်ချက်ညီညီ အတိုင်အဖောက်နဲ့ သွားနေနိုင်မှ ကျွန်တော်တို့ မျှော်မှန်းထားတဲ့ ၂၀၂၀ အပြင်အနာဂတ် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံပေါ်ပေါက်လာဖို့အတွက် ဒီမိုကရေစီ အခြေခံ အုတ်မြစ်တွေ ချမှတ်နိုင်တယ်လို့ ယုံကြည်ပါတယ်။

ဒီလိုထဲထဲဝင်ဝင်လေ့လာရင်းနဲ့ ဘာတွေတွေ့ရသလဲဆိုတော့ လူငယ်၊ လူလတ်ပိုင်း လွှတ်တော်ကိုယ်စားလှယ်အချို့က အစိုးရကို နည်းအမျိုးမျိုးနဲ့ အခက်တွေ့တောင် လွှတ်တော်ထဲ၊ သတင်းမီဒီယာထဲ ပြည်သူ့ကိုယ်စားပြုအသံကို တစ်ဆင့် တင်ပြနေတယ်ဆိုတဲ့ အပေါ်ယံ လှည့်ကွက်တွေနဲ့ နာမည်ကြီးအောင်လုပ်နေကြတာကိုတွေ့ရပါတယ်။ ဥပမာ ပြောရရင် ဇန်နဝါရီ ၁၆ ရက်က ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က YRTA,YBS တစ်နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနားမှာ YBS ယာဉ်စနစ်ကြီး ဖြစ်ပေါ်တိုးတက် ပြောင်းလဲမှုတွေကို အချိန်အခါ၊ အခြေအနေအလိုက် အခက်အခဲကြားက ရုန်းကန် လှုပ်ရှားလုပ်ကိုင်ခဲ့ရပြီး ဒီကနေ့ အခြေအနေအထိ ရောက်လာတဲ့ YBS ဖြစ်ပေါ်တိုးတက်မှု ဖြစ်စဉ်တွေကို ဝန်ကြီးချုပ်အပါအဝင် သက်ဆိုင်ရာ ဝန်ကြီး၊ တာဝန်ရှိသူတွေက ရှင်းလင်းတင်ပြသွားပါတယ်။ အဲဒီပွဲမှာ ဘာတွေ့ရသလဲဆိုတော့ တချို့လွှတ်တော်ကိုယ်စားလှယ်တွေက တာဝန်အရ ဒီပွဲကို လာတက်တဲ့ အဆင့်ပဲရှိတယ်။ ဘာမှ ရေရေရာရာ စိတ်ပါဝင်စားမှု မရှိတဲ့ အပြင် အစိုးရအဖွဲ့ ရှင်းလင်းနေတာကို အပြစ်မြင်တဲ့အကြည့်၊ စကားရပ်တွေနဲ့ နောက်သလို၊ ပြောင်သလို ပြောဆိုစောင့်ကြည့်နေကြတာကိုတွေ့ရပါတယ်။ သူတို့ စိတ်ထဲမှာ ဘာတွေဖြစ်နေ၊ ရှိနေတယ်ဆိုတာ တကယ်မသိရိုး အမှန်ပါ။

ဒီ YBS စနစ် ၂၀၁၇၊ ဇန်နဝါရီ ၁၆ ရက်မှာ ပေါ်လာပြီး သိပ်မကြာခင်မှာပဲ ၂၀၁၇ ဖေဖော်ဝါရီ ၅ ရက်မှာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ရန်ကုန်တိုင်းဒေသကြီး အတွင်း အများပြည်သူသယ်ယူပို့ဆောင်ရေး စနစ်အား ယခုထက်ပိုမို ကောင်းမွန်လာစေရန်နှင့် ထိရောက်သော စည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်ပြီး လုပ်ငန်းဆောင်ရွက်ချက်များအား အများပြည်သူသိရှိနိုင်ရေး ပွင့်လင်းမြင်သာစွာ ချပြနိုင်ရန် တိုင်းဒေသကြီး အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း အဆိုကို တင်ခဲ့ပြီး ဖေ ၂၄ ရက်မှာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်မှာ လွှတ်တော်ကိုယ်စားလှယ် ၂၄ ဦး ပါဝင်ဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးတဲ့အခါမှာ လွှတ်တော်ထဲမှာ အစိုးရလုပ်နေတဲ့ အလုပ်ကို အထောက်အကူပေး အပြုသဘောဆွေးနွေးကြသလို ပြည်သူစိတ်ပျက် YBS ဆိုပြီး ကာရန်စကားလုံးတွေနဲ့ ကောင်းချီးထောပနာပြု ဆွေးနွေးချက်တွေလည်း အသံစုံတီးဝိုင်းတစ်ခုလိုမြိုင်ဆိုင်ခဲ့ပါတယ်။

> ဒီလိုမောင်းနှင်စဉ်ကာလမှာပဲ
> အချို့လူငယ်လူလတ်ပညာတတ်လို့ ဆိုကြတဲ့ . . .

အဲဒီက ဆွေးနွေးမှုတွေ မတိုင်မီ ကျွန်တော်ကိုယ်တိုင် YBS နဲ့ ပတ်သက်ပြီး ဒီလှိုင်းစာစောင်မှာ အစိုးရကို အပြုသဘောဆောင်တဲ့ ဝေဖန်အကြံပြုမှုတွေနဲ့ ပထမဦးဆုံး ရေးသားဖော်ပြခဲ့ပါတယ်။ အစိုးရရဲ့ လုပ်ငန်းစဉ် အခြေအနေနဲ့ အခက်အခဲကို ခြေခြေမြစ်မြစ် မသိသေးတဲ့ကာလလို့ဆိုရပါမယ်။ ကျွန်တော်ရေးတဲ့ ဝေဖန်ချက်တွေကတော့ အောင်မြင်မှု ဆင့်ကဲဆင့်ကဲ ဖြစ်ပျက်ပြောင်းလဲနေတဲ့ အခြေအနေကို ကွင်းဆင်းလေ့လာပြီး တစ်မျိုး၊ ကိုယ်တိုင်မေးမြန်းပြီး တစ်ဖုံ၊ သွယ်ဝိုက်ပြီး စုံစမ်းခဲ့ပြီး ရတဲ့အချက်အလက်အပေါ်မှာ အစိုးရကို အမြန်ဆုံး သိနိုင်အောင် Message ပေးတာ၊ အစိုးရအနေနဲ့ ဘယ်လိုဖြစ်စဉ်တွေကို ဘယ်လိုကိုင်တွယ်ရင် အဆင်ပြေမယ်၊ ဘယ်လိုလူမျိုးတွေကို ဘယ်လိုအရေးယူရင် ဒီအခက်အခဲတွေကိုကျော်လွှားနိုင်မယ်ဆိုပြီး အကြံပြု တိုက်တွန်းချက်တွေလည်း ပါပါတယ်။ ထားတော့ ပြောချင်တာက ရန်ကုန်တိုင်း လွှတ်တော်မှာ အဆိုမတင်ခင် မဆွေးနွေးခင် ကာလကတည်းက ပါတီစာစောင်မှာ ရေးခဲ့တာပါ။

ပြောချင်တာက အခု YBS ယာဉ်စနစ်ကို အခုထက်ထိ အကောင်းမြင်ဘက်က ကြည်ကြည်လင်လင် မကြည့်နိုင်၊ မမြင်နိုင်သေးဘဲ သတင်းမီဒီယာတွေရဲ့ သားကောင်လုပ်ချင်တဲ့၊ ဒီလိုပွဲသတင်းပါလာရင် ဂျာနယ်ရောင်းကောင်းအောင် ပရိုမိုးရှင်းလုပ်ပေးတဲ့ သဘော သက်ရောက်နေတဲ့ ကိုယ်စားလှယ်တွေက မျက်မှန်စိမ်းကြီး မချွတ်နိုင်ဘဲ အစိုးရလုပ်နေတာ တိုးတက်လာတဲ့ အခြေအနေကို လက်မခံဘဲ ဖင်ပိတ်ငြင်းပြီး YBS ဘာဖြစ်နေတုံးပဲဆိုပြီး အပျက်သဘောဆောင်တဲ့ အစိုးရကို အတိုက်အခံ ပြန်လုပ်တဲ့ ပြိုင်ဘက်ပါတီက ပုဂ္ဂိုလ်တွေလို ဖြစ်နေတာကို တွေ့ရပါတယ်။ ဒါဟာ ဒီလိုအရှိတရားကို လက်မခံနိုင်ဘဲ မျက်စိစုံမှိတ် ကန့်လန့်တိုက်နေတဲ့ လုပ်ရပ်ပဲလို့ ထင်ပါတယ်။

တည့်တည့်ပြောရရင် ပါတီသွားနေတဲ့ မူဝါဒနဲ့ လမ်းကြောင်း၊ အစိုးရလုပ်နေကိုင်နေရတဲ့ အကျပ်အတည်းကြားက အခြေအနေ၊ ပါတီသမိုင်းကြောင်း၊ ရည်ရွယ်ချက်နဲ့ သဘောထားတွေကိုမသိဘဲ မနေ့တစ်နေ့ကမှ ပါတီထဲကို ဝင်လာပြီး ပါတီနဲ့ အစိုးရလုပ်တာ မှန်သမျှကို ကန့်လန့်တိုက်နေတဲ့ မောင်မင်း ငယ်ပါသေးတယ်ဆိုတဲ့ လူမျိုးတွေကို တွေ့ရပါတယ်။ အစိုးရက YBS ၈၀ ကျော်၊ ၉၀ နှုန်းလောက် အောင်မြင်လာတယ်။ အောင်မြင်အောင်လည်း လုပ်မယ်၊ တိုးတက်အောင်လည်း ဆက်လုပ်မယ်ဆိုပြီး သတင်းမီဒီယာနဲ့ သက်ဆိုင်သူများမှ ဘက်မှ အမြုပ်တစီစီထွက်အောင် ပြောနေတာတောင် ဖွသတင်း၊ ကန့်လန့်သတင်းတွေနဲ့ ဂျာနယ်ရောင်းကောင်းအောင် လုပ်နေတဲ့ နေ့စဉ် သတင်းစာစောင်မှာ YBS အောင်မြင်တယ်၊ မအောင်မြင်ဘူး၊ ဘာဘူး၊ ညာဘူးနဲ့ ရာခိုင်နှုန်း ထက်ဝက်ကျော်လောက် အောင်မြင်မှုမရသေးဘူးဆိုပြီး လုပ်လာပြန်ရော။ အမှန်တော့ အစိုးရက လက်နဲ့ရေး၊ ခြေနဲ့ လိုက်ဖျက်သလို ဖြစ်နေတာ ကိုယ့်ကိုယ်ကိုယ် သတိရောထားမိရဲ့လား။ ပျံလေတဲ့ငှက်ခါး နားမှန်းမသိ အခြေအနေကို ရောက်နေပြီလားဆိုတာ ပါတီဝင်တွေနဲ့ ကိုယ်စားလှယ်တွေ ခွဲခြားသုံးသပ်ကြည့်ကြစေချင်ပါတယ်။ လူကိုပြောတာမဟုတ် လုပ်ရပ်ကို သုံးသပ်ကြည့်တာပါ။

အခုအချိန်ဟာ ပါတီ၊ အစိုးရ၊ လွှတ်တော် တစ်သံတည်းနဲ့စပြီး လှုပ်ရှားရတော့မယ့်အချိန်ပါ။ သူ့လစ်ကွက်၊ လျော့ကွက်၊ ဟာကွက် ငါ ထောက်၊ ငါ့ကို ထောက်ရင်ကျတော့ ဘယ်လိုအပ်ကွက်တွေနဲ့ပြန်ထောက်ရမလဲဆိုတဲ့ လွဲမှားတဲ့ အဖွဲ့အစည်းတွေကို ဖယ်ထုတ်ပစ်နိုင်ဖို့ ပါတီတာဝန်ကို စတင်ထမ်းဆောင်လာကြတော့မယ့် လူငယ်ညီလာခံက ပေါ်ထွက်လာတဲ့ လူတော်လူကောင်းတွေအနေနဲ့ မိမိရဲ့ပါတီ၊ ပါတီက လွှတ်တော်၊ လွှတ်တော်က အစိုးရ ဆိုတဲ့ ဆင့်ကဲဖြစ်စဉ်တွေအလိုက် မိမိတို့ကိုယ်တိုင် မိမိတို့မှ တတ်အပ်အားသန်တဲ့ ပညာရပ်တွေ၊ စိတ်စေတနာတွေနဲ့ မိမိပါတီက ပြည်သူလူထုအကျိုးအတွက် မရပ်မနား ဆက်လက်အကျိုးပြုနိုင်ဖို့အတွက် ပါတီလုပ်ငန်းစဉ်၊ အစိုးရလုပ်ဆောင်ချက်၊ လွှတ်တော်ရဲ့ အခန်းကဏ္ဍတွေကို ထဲထဲဝင်ဝင်လေ့လာနိုင်ပါမှ မိမိတို့လုပ်တဲ့အလုပ် ဘယ်လောက်အကျိုးသက်ရောက်မှုရှိတယ်ဆိုတာ ကိုယ်တိုင်သိရှိလာကြမှာပါ။

အခုဆိုရင် ဒီလူငယ်တွေကိုညီလာခံမတိုင်ခင်က ပေးထားတဲ့သင်တန်းတွေ၊ ဆွေးနွေးပွဲအတွေ့အကြုံတွေ၊ ဒီမိုကရေစီ အခြေခံသဘောတရားဖြစ်တဲ့ ကိုယ်တိုင်ရွေးချယ်ခံပိုင်ခွင့်၊ ကိုယ်ကြိုက်နှစ်သက်သူကို မဲပေးခွင့်တွေကို အလေ့အကျင့်ရှိလာကြပြီလို့ ထင်ပါတယ်။ ဆက်ပြီး ပါတီမူဝါဒပိုင်းဆိုင်ရာ၊ အစိုးရ ယန္တရားကြီး ဘယ်လိုမောင်းနှင်နေရတယ်။ လွှတ်တော်မှာလည်း ဘယ်လိုအခက်အခဲတွေရှိနေတယ်။ ပါတီမှာ ဘယ်လိုဖြစ်စဉ်တွေကို ဘယ်လိုကိုင်တွယ် ဖြေရှင်းသလဲ၊ စုံစမ်းအရေးယူသလဲဆိုတာကိုပါ ဖြစ်နိုင်ရင် Camp တစ်ခုသွင်းပြီး ရက်အတော်ကြာ သင်ကြားပို့ချနိုင်ကြမယ်ဆိုရင် အဖွဲ့ချုပ် လူငယ် အနာဂတ်အတွက် အစီအစဉ်ကောင်းတစ်ရပ်ဖြစ်လာတဲ့အပြင် အဖွဲ့ချုပ် အနာဂတ်ခေါင်းဆောင်အတွက်လည်း ပိုပြီးသေချာစိတ်ချနိုင်မှာ ဖြစ်ပါတယ်။ ■

www.free4readers.com

# အာဆာအကြမ်းဖက်အဖွဲ့ရဲ့ ဗျူဟာ ဘာကြောင့် မအောင်မြင်တာလဲ

ခရမ်း - စောဇေ

မောင်တောဒေသ အကြမ်းဖက်ခံရမှုဖြစ်စဉ်ကို နိုင်ငံရေးအသိဖြင့် လေ့လာကြည့်ပါက လွန်စွာ စိတ်ဝင်စားဖွယ်ကောင်းပါသည်။ ၁၉၄၆ ခုနှစ်၊ ဗိုလ်ချုပ်အောင်ဆန်းဘုရင်ခံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စဉ်ကပင် ရခိုင်ပြည်နယ်၊ မောင်တော၊ ဘူးသီးတောင်ဒေသများတွင် ထိုသူတို့က လက်နက်ကိုင် ပုန်ကန်ထကြွခဲ့ကြသည်။ လွတ်လပ်ရေးရပြီးနောက် မူဂျာဟစ် အမည်ခံကာ အင်ကြီးအားကြီးဖြင့် သောင်းကျန်းသောကြောင့် ရခိုင်တိုင်းရင်းသားများမှာ ၎င်းဒေသများမှ ထွက်ပြေးကြရသည်။ အချိန်ကာလအားဖြင့် ၁၉၅၃ ခုနှစ်ဝန်းကျင် ဦးနုအစိုးရလက်ထက်ဖြစ်သည်။ အဆိုပါ မူဂျာဟစ်သောင်းကျန်းသူများကို လက်နက်အင်အား အလုံးအရင်းဖြင့် နှိမ်နင်းမှသာ ပပျောက်သွားခဲ့သည်။ သို့သော် လုံးဝချုပ်ငြိမ်းခဲ့ခြင်း မရှိပေ။

အဆိုပါ စစ်ဆင်ရေးဖြင့် နှိမ်နင်းပြီးနောက်ပိုင်းတွင် လက်နက်ကိုင် ပုန်ကန်ခြင်းမရှိတော့သော်လည်း မောင်တောဒေသအား ထိုသူတို့၏ လွတ်မြောက်နယ်မြေအဖြစ် ကြိုးပမ်းမှုမှာ စဉ်ဆက်မပြတ်ရှိခဲ့သည်။ ၎င်းလှုပ်ရှားမှုအရှိန်ကြောင့် ၁၉၇၆ ခုနှစ် နဂါးမင်း စီမံချက်ကာလ (ခိုးဝင်သူများနှင့် တရားဝင် နေထိုင်ခွင့်ရှိသူများ ဟုတ်၊ မဟုတ် စိစစ်ခြင်း) တွင် ရွာများကို မီးရှို့ပြီး တစ်ဖက်နိုင်ငံသို့ ရွာလုံးကျွတ်ပြေးပြီး အစိုးရမှ မတရားဖမ်းဆီးနှိပ်စက်ကြောင်း ကမ္ဘာသို့ အလိမ်အညာသတင်းလွှင့်ခဲ့ကာ နိုင်ငံရေးတိုက်ကွက်ဆင်ခဲ့သည်။ ထိုအချိန်ကပင် ကုလသမဂ္ဂမှ ကြားဝင်ဖြေရှင်းခဲ့ရသည်။ သို့သော် ၎င်းတို့၏ နိုင်ငံရေးတိုက်ကွက်မှာ ကြိုတင်တွက်ဆထားသလိုဖြစ်မလာဘဲ ဟသ်ာစီမံချက်ဖြင့် အဆုံးသတ်ခဲ့ရသည်။ ၎င်းတို့၏ ဗျူဟာမှာ စစ်ရေးအဆင့်သို့ ပြောင်းလဲကာ နယ်မြေထိန်းချုပ် စိုးမိုးနိုင်ရေးဖြစ်သည်။

မဆလအစိုးရသည် ၁၉၇၆ ခုနှစ် နဂါးမင်းစီမံချက် မအောင်မမြင်ဖြစ်ခဲ့ရခြင်း၊ တစ်နည်းအားဖြင့် ဥပဒေအရ မဟုတ်သော တစ်ဖက်သတ် အလျှော့ပေးခဲ့ရခြင်းအပေါ် အခြေခံပြီး တိုင်းရင်းသားလူမျိုးများနှင့် မျိုးနွယ်စုများမှအပ မည်သူမှ မွေးရာပါ နိုင်ငံသားအဖြစ် အသိအမှတ်မပြုသော ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ တိုင်းရင်းသားနှင့် မျိုးနွယ်စုများမှအပ အခြားသော လူမျိုးများအား ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူအဖြစ်သာ လျှောက်ထားနိုင်ကြောင်း ပြဋ္ဌာန်းခဲ့သည်။ ထို့ကြောင့် အုတ်ရောရောရော၊ ကျောက်ရောရော ဖြစ်နေသော အခြေအနေကို ကန့်သတ်နိုင်ခဲ့သည်။ တစ်နည်းအားဖြင့် ဘီလူးစည်း၊ လူစည်း ခွဲခြားလိုက်ခြင်းဖြစ်သည်။ အဆိုပါ ဥပဒေပြဋ္ဌာန်းမှုကြောင့် ၎င်းတို့၏ ရည်မှန်းချက်များမှာ ထင်သလောက် မအောင်မြင်ခဲ့ပေ။

၂၀၁၆ ခုနှစ် နှင့် ၂၀၁၇ ခုနှစ်တွင် နည်းဗျူဟာများ အသစ်ချမှတ်ကာ ၁၉၄၆ ခုနှစ်မှ အစပြုလှုပ်ရှားလာခဲ့သော မောင်တောဒေသအား လွတ်မြောက်နယ်မြေထူထောင်ရေး ရည်မှန်းချက်ကို အကောင်အထည်ဖော် လှုပ်ရှားဆောင်ရွက်ခြင်း ဖြစ်သည်။ ၎င်းတိုက်ခိုက်မှုမှာ ရုတ်တရက်ဖြစ်လာသော ဖြစ်စဉ်တစ်ခုဟု ထင်နိုင်သော်လည်း မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီ ၁၉၄၆ ခုနှစ်မှ စတင်လှုပ်ရှားခဲ့သော လှုပ်ရှားမှုသာဖြစ်သည်။ ထို့ကြောင့် အဆိုပါ အာဆာ၏ လှုပ်ရှားမှုမှာ မြန်မာ့ပြည်တွင်းရေး အခြေအနေကို အသေးစိတ်လေ့လာပြီး စနစ်တကျ တွက်ချက်ပြီးမှသာ ဆောင်ရွက်ခြင်းဖြစ်သည်ကို တွေ့ရပေမည်။ ၎င်းတို့၏ တွက်ချက်လုပ်ဆောင်မှုများမှာ လက်ရှိမြန်မာ့နိုင်ငံရေးမှာ မညီမညွတ်ဖြစ်နေသော သဘောဆောင်သည့်အတွက် မှန်သည်ဟု ဆိုနိုင်ပေသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ထွန်းနေမှုကို ကြည့်ပါက ပထမအနေဖြင့် ပြည်တွင်းစစ် အပြင်းအထန်ဖြစ်ပွားနေခြင်း၊ ဒေါ်အောင်ဆန်းစုကြည် အစိုးရမှ ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသော ငြိမ်းချမ်းရေးကို အတတ်နိုင်ဆုံး (ဒီမိုကရေစီ ဖက်ဒရယ်အုပ်ချုပ်ရေး) လိုက်လျော စေ့စပ်ညှိနှိုင်းသော်လည်း အလှမ်းဝေးနေဆဲဖြစ်ခြင်း။

ဒုတိယအချက်မှာ မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသော ဘာသာရေး၊ လူမျိုးရေး ပဋိပက္ခများမှာ သွေးရိုးသားရိုးဖြစ်သောပဋိပက္ခများမဟုတ်ဘဲ လက်ရှိဦးဆောင်နေသော ဒေါ်အောင်ဆန်းစုကြည်အစိုးရအား အကျပ်အတည်းဖြစ်စေရန်၊ ပြည်သူလူထု၏ ထောက်ခံမှု ကျဆင်းစေရန် ဖန်တီးသော ပဋိပက္ခများဖြစ်သည်။

တတိယအချက်မှာ အလုပ်သမားနှင့် မြေအသိမ်းခံထားရသော လယ်သမားများ၏ ဆန္ဒထုတ်ဖော်မှုများဖြစ်သည်။ ၎င်းပြဿနာမှာ ယခင် အစိုးရနှင့် ၎င်းမတိုင်မီက လုပ်ဆောင်ခဲ့သော ပြည်သူပိုင်စက်ရုံ၊ အလုပ်ရုံများအား ပုဂ္ဂလိကပိုင် လွှဲပြောင်းပေးရာတွင် စာချုပ်စာတမ်းများဖြင့် လွှဲပြောင်းပေးခဲ့သည်ဆိုသော်လည်း စာချုပ်များမှာ ပကတိအခြေအနေများနှင့် မကိုက်ညီသော စာချုပ်များဖြစ်ခြင်းနှင့် လယ်ယာမြေများကိုလည်း စီမံကိန်းအကြောင်းပြကာ သိမ်းဆည်းခဲ့ပြီး စီမံကိန်းအတိုင်း မဆောင်ရွက်ဘဲ ကိုယ်ကျိုးစီးပွားအတွက် အသုံးချသဖြင့် မြေအသိမ်းခံ လယ်သမားများ မကျေမနပ်ဖြစ်ကာ ဆန္ဒဖော်ထုတ်ကြခြင်းဖြစ်သည်။ ၎င်းဆန္ဒထုတ်ဖော်မှုများ နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်မှုများပြုလုပ်ခြင်း၊

စတုတ္ထအချက်မှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်သည်၊ ၂၀၀၈ ဖွဲ့စည်းပုံဥပဒေကို စွဲကိုင်ကာ နိုင်ငံတော်ကိစ္စရပ်များတွင် တပ်မတော်မှ နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်မည်၊ ကူညီမည်ဟု ပြောဆိုမှုများမှာ တစ်ဖက်မှ နိုင်ငံရေးအမြင်ဖြင့်ကြည့်ပါက နှစ်စု၊ နှစ်ဖွဲ့အသွင်ဆောင်သည့် အမြင်ဖြစ်စေပြီး တစ်နည်းအားဖြင့် အစိုးရနှင့် တပ်မတော်မှာ ညီညွတ်မှုမရှိဘဲ သီးခြား အသွင်ဆောင်နေခြင်း၊

နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသည့် မူးယစ်ဆေးဝါးပြဿနာ၊ အုပ်စုဖွဲ့ရမ်းကားမှု၊ သက်ငယ်မုဒိမ်း အစရှိသည့် လုံခြုံရေးပြဿနာများမှာ နောက်ကွယ်မှ ကြိုးကိုင်မှုများကြောင့် ဖြစ်ပေါ်လာရသော ပြဿနာများဖြစ်သည်။

ထို့ပြင် များပြားလှသော နိုင်ငံရေးပါတီများကို လေ့လာအကဲခတ်မည်ဆိုပါက ၎င်းတို့အနေဖြင့် ဒီမိုကရေစီဆိုသော နိုင်ငံရေး သဘောတရားများမှာ နိုင်ငံအတွက် အကျိုးမဖြစ်ထွန်းသော၊ တစ်နည်းအားဖြင့် ညီညွတ်မှု မရှိကြောင်းကို ပြဆိုထားသကဲ့သို့ဖြစ်နေသည်။ အထက်ဖော်ပြပါ အကြောင်း

> နိုင်ငံရေးအရ ဖြေရှင်းရာတွင် အလွန်သိမ်မွေ့နက်နဲ၍ ကျယ်ပြန့်သော သဘောဆောင်သည့် အခြေအနေ . . .

ခြင်းရာများအရ ပြည်တွင်း နိုင်ငံရေးသည် ညီညွတ်မှုမရှိဟုယူဆကာ ဩဂုတ် ၂၅ ရက်တွင် အာဆာ အကြမ်းဖက်အဖွဲ့မှ ၎င်းတို့၏ ရည်မှန်းချက်ကို အကောင်အထည်ဖော်ခြင်းဖြစ်သည်။

ထို့ကြောင့် အာဆာအဖွဲ့အနေဖြင့် ၎င်းတို့ကြိုတင်စီစဉ်ထားသည့်အတိုင်း ၃ ချက်ညီ ဗျူဟာကို ချမှတ်အကောင်အထည်ဖော်လာသည်။ ၃ချက်ညီ ဗျူဟာမှာ တစ်ခုနှင့်တစ်ခု ချိတ်ဆက်ထားသော ဗျူဟာဖြစ်ခြင်းကြောင့် ပထမဗျူဟာကို အကြောင်းခံ၍ ကျန်ဗျူဟာ နှစ်ရပ်က တွန်းအား သို့မဟုတ် အထောက်အကူဖြစ်စေပြီး ရည်မှန်းချက် ပေါက်မြောက်စေရန်ဖြစ်သည်။

ပထမဗျူဟာမှာ လူအင်အား အသုံးပြုပြီး လက်နက်များကို သာမန်အရပ်သားများ အသုံးပြုသည့် တုတ်၊ ဓား၊ လုံစသည်များနှင့် လုပ်သေနတ်များကို အသုံးပြုကာ လုံခြုံရေး ရဲစခန်းများကို တိုက်ခိုက်ပြီး တပ်မတော်အား စစ်ရေးအရ မြူဆွယ်တိုက်ခိုက်ခြင်းဖြစ်သည်။ တပ်မတော်မှ အင်အားအလုံးအရင်းနှင့် တိုက်ခိုက်လာပါက တိုက်ပွဲအဆင့်မှ စစ်ပွဲကြီးအဆင့်သို့ ပြောင်းလဲရန်ဖြစ်သည်။

ဒုတိယအဆင့်ဗျူဟာမှာ နိုင်ငံတကာမှ အာရုံစိုက်လာစေရန် ရွာများကိုမီးရှို့ခြင်း၊ အစုလိုက် အပြုံလိုက် သတ်ဖြတ်ခြင်းနှင့် တစ်ဖက်နိုင်ငံသို့ လူအမြောက်အမြားထွက်စေခြင်းများ ပြုလုပ်ခြင်း၊

တတိယဗျူဟာမှာ ဒုတိယဗျူဟာ လုပ်ဆောင်ချက်များကို မီဒီယာများမှတစ်ဆင့် အနောက်အင်အားကြီး နိုင်ငံများ ယုံကြည်လက်ခံလာစေရန်နှင့် အိုအိုင်စီကဲ့သို့သော မွတ်စလင်နိုင်ငံများမှ မြန်မာနိုင်ငံအား R2P အရ အရေးယူရန် ကုလအဖွဲ့သို့ တင်ပြရန်ဖြစ်သည်။

အထက်တွင် ဖော်ပြထားသည့်အတိုင်း အာဆာအနေဖြင့် ၎င်းတို့ချမှတ်ရေးဆွဲထားသည့် ဗျူဟာမှာ သုံးသပ်ထားသည့်အတိုင်း မြန်မာနိုင်ငံ၏ ပြည်တွင်း နိုင်ငံရေး အခြေအနေအရ မှန်ကန်ပြီး သေချာပေါက်အောင်မြင်မည်ဟု ယူဆခဲ့သည်။

ထို့သို့ အဘက်ဘက်မှ စီမံကိန်းချလုပ်ဆောင်မှုကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေသို့ရုတ်တရက် ရောက်ရှိခဲ့သည်။ ထို့ပြင် နိုင်ငံခြားအဖွဲ့အစည်းများမှ သတင်းများရယူခွင့်ကို အဆိုပါဒေသသို့ သွားရောက်ခွင့်ပြုရန် တောင်းဆိုလျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် အခြေအနေ အရပ်ရပ်ကြောင့် ခွင့်မပြုသည်ကို အကြောင်းရှာကာ စွပ်စွဲချက်များမှန်၍သာ သွားရောက်ခွင့်မပြုခြင်းဖြစ်ကြောင်း ထပ်ဆင့် စွပ်စွဲပြန်သည်။ ၎င်းအခြေအနေမှာသာမန်ရှုမြင်ပါက ရခိုင်ပြည်နယ် မောင်တောဒေသ ဖြစ်စဉ်ဟု ထင်ရသော်လည်း မြန်မာတစ်နိုင်ငံလုံးနှင့် သက်ဆိုင်သော အမျိုးသားရေးကိစ္စဖြစ်နေသည်။

၎င်းအခြေအနေ၊ အရေးကိစ္စကို ကျော်လွှားရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် သံတမန်နည်း၊ နိုင်ငံရေးနှင့် အုပ်ချုပ်ရေးလမ်းကြောင်း နည်းဗျူဟာများကို အဆင့်ဆင့် ရွေးချယ်ဆောင်ရွက်ရတော့သည်။

သံတမန်နည်းလမ်းအားဖြင့် အကြမ်းဖက်ခံရမှု ဖြစ်ပွားပြီး မကြာမီအချိန်အတွင်း နိုင်ငံခြား သံတမန်များအား ဖိတ်ကြားပြီး သတင်းစာရှင်းလင်းပွဲတစ်ရပ်ပြုလုပ်၊ ဖြစ်စဉ်နှင့် ပတ်သက်သည့် အခြေအနေအရပ်ရပ်တို့ကို ပွင့်လင်းမြင်သာစွာ ရှင်းပြခဲ့ပြီး မြန်မာနိုင်ငံ၏ သဘောထား ရပ်တည်ချက်ကိုလည်း သိသာစေခဲ့သည်။ ထို့ကြောင့် နိုင်ငံခြား သံတမန်များအနေဖြင့် မီဒီယာများမှတစ်ဆင့် တစ်ဖက်သတ်ရေးသားချက်များအပေါ် စဉ်းစားဝေဖန်မှု ပြုနိုင်ခဲ့သည်။

နိုင်ငံရေးအရ ဖြေရှင်းရာတွင် အလွန်သိမ်မွေ့နက်နဲ၍ ကျယ်ပြန့်သော သဘောဆောင်သည့် အခြေအနေရှိသည်။ နိုင်ငံရေးဟုဆိုသော်လည်း ပုဂ္ဂိုလ်ရေးအရ အရှိန်အဝါမှာ များစွာ အရေးပါပေသည်။ ထိုပုဂ္ဂိုလ်၏ နိုင်ငံရေးဖြတ်သန်းခဲ့မှု၊ နိုင်ငံရေးခံယူချက် သဘောတရား၊ နိုင်ငံရေးအပေါ် ရှုမြင်သုံးသပ်နိုင်သည့်စွမ်းအားနှင့် ကိုယ်ကျင့်သိက္ခာ၊ တစ်နည်းအားဖြင့် သစ္စာရှိမှုတို့မှာ နိုင်ငံတကာနှင့် ဆက်ဆံရာတွင် များစွာ အထောက်အကူဖြစ်စေပါသည်။ နိုင်ငံရေး သဘောတရားဆိုရာတွင် မည်သည့်ဝါဒ လမ်းစဉ်နှင့်မဆို သက်ဆိုင်ပေသည်။ သို့သော် သဘောတရား မှန်ကန်ရန် အရေးကြီးပါသည်။ ထို့ကြောင့် လက်ရှိတွေ့ကြုံနေရသည့် တစ်မျိုးသားလုံးနှင့်ဆိုင်သော မောင်တောဒေသပြဿနာကို ရုရှား၊ တရုတ်နှင့် အိန္ဒိယနိုင်ငံများမှ ရပ်တည်အားပေးကူညီခဲ့ကြခြင်းဖြစ်သည်။ အဆိုပါ ရုရှား၊ တရုတ်နှင့် အိန္ဒိယနိုင်ငံများမှ ခေါင်းဆောင် သို့မဟုတ် နိုင်ငံရေးခေါင်းဆောင်များမှာလည်း ခက်ခဲကြမ်းတမ်းသော နိုင်ငံရေးခရီးကို ဖြတ်သန်းခဲ့ကြပြီးမှန်ကန်သော နိုင်ငံရေး သဘောတရားရှိသည့်အလျောက်၊ ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေးသိက္ခာကို အသိအမှတ်ပြုကာ ရပ်တည်ခဲ့ကြခြင်းဖြစ်သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် မောင်တောဒေသအကြမ်းဖက်မှု ခံရမှုဖြစ်စဉ်တွင် ပြောင်းပြန်အချိုးဖြစ်နေသော အခြေအနေကို ပကတိ မှန်ကန်သော ဖြစ်ရပ်အဖြစ် ထင်သာ မြင်သာရှိစေရန် ကမ္ဘာ့တန်းဝင်ပုဂ္ဂိုလ် မစ္စတာ ကိုဖီအာနန်အား အကြံပေးကော်မရှင် ဥက္ကဋ္ဌအဖြစ်ခန့်အပ်ခဲ့သည်။ ၎င်းမှာ နိုင်ငံရေးဗျူဟာ တစ်ရပ်ဖြစ်သည်။ အကျိုးဆက်အဖြစ် မစ္စတာ ကိုဖီအာနန်၏ အစီရင်ခံစာအား အသိအမှတ်ပြု လက်ခံကာ အကောင်အထည်ဖော်ရန် ကုလသမဂ္ဂမှ တိုက်တွန်းခဲ့ရသည်။ ထို့ကြောင့် မြန်မာနိုင်ငံအပေါ် ထားရှိသော ဖိအားများ လျော့ပါးလာခဲ့သည်။

ထို့ပြင် ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံတော်တည်ဆောက်ရေးအတွက် နိုင်ငံရေးသဘောတရားအဖြစ် ချမှတ်ခဲ့သော 'ပြည်သူနှင့်အတူ' ဆောင်ပုဒ်ကို မောင်တော်ဒေသအကြမ်းဖက်ခံရမှု ဖြစ်ပေါ်လာသောအခါ အဆိုပါ သဘောတရားဆောင်ပုဒ်မှာ နိုင်ငံတော်ကာကွယ်ရေး သဘောတရားဖြစ်လာသည်။ ၎င်းမှာ ဒေါ်အောင်ဆန်းစုကြည်နှင့်အတူဆိုသော တုံ့ပြန်သဘောတရားကို ကိုင်ဆွဲကာ မြန်မာနိုင်ငံအနှံ့ ထောက်ခံပွဲ များကျင်းပကာ ပြည်သူတို့၏ သဘောထားကို ဖော်ထုတ်ခဲ့ကြသည်။

စာမျက်နှာ (၃၁) သို့ ... ➢➢

www.free4readers.com

# ကုန်ဈေးနှုန်းဘာကြောင့်တက်နေရသလဲ

**နိုင်သောင်းရှိန်**

မြန်မာနိုင်ငံတွင် ကုန်ဈေးနှုန်းတက်နေသည့်အကြောင်းကို သတင်းစာဂျာနယ်တွင် နေ့စဉ်နှင့်အမျှ ဖတ်နေရပါသည်။ ကုန်ဈေးနှုန်းတက်နေ၍ လူအနည်းစုမှလွဲပြီး လူအများစုမှာ စားဝတ်နေရေး အခက်အခဲကြီးမားစွာ ကြုံတွေ့နေကြရသည်။ အစိုးရက တစ်ဖက်မှာ ငြိမ်းချမ်းရေးကို ဖြေရှင်းရင်း တစ်ဖက်မှာ ကုန်ဈေးနှုန်း ကျဆင်းရေးကိုလည်း ဖြေရှင်းရန် လိုပါသည်။

ကုန်ဈေးနှုန်းတက်သည်မှာ ကုန်ထုတ်လုပ်မှုနည်း၍ လည်းကောင်း၊ အကြောင်းတစ်စုံတစ်ရာကြောင့် ကုန်စည် ပြတ်လပ်၍လည်းကောင်း (သို့) ငွေကြေးဖောင်းပွပြီး တန်ဖိုးနိမ့်ကျ၍ လည်းကောင်း ကုန်ဈေးနှုန်းမြင့်တက်နိုင်ပါသည်။ မြန်မာနိုင်ငံသည် သယံဇာတပေါကြွယ်ဝသည့်အပြင် ရေမြေတောတောင်၊ မြစ်ချောင်းအင်းအိုင်၊ ရာသီဥတု ကောင်းမွန်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး ကောင်းစွာလုပ်ကိုင်နိုင်၍ ဆန်ရေစပါးကောက်ပဲသီးနှံ ကမ္ဘာသို့ တင်ပို့ရောင်းချရသော နိုင်ငံဖြစ်ပါသည်။ မြန်မာကျပ်ငွေ ဖောင်းပွ တန်ဖိုးနိမ့်ကျ၍ ကုန်ဈေးနှုန်းမြင့်တက်နေရခြင်းပါသည်။ ကုန်ဈေးနှုန်းမြင့်တက်နေ၍ ခရိုနီများ ဒေါ်လာငွေနှင့် လခရသော ကုမ္ပဏီဝန်ထမ်းများ၊ အစိုးရပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ။ ထိုသူများမှာ ဝင်ငွေကောင်း၍ အကြောင်းမဟုတ်သော်လည်း ဝင်ငွေနည်းသော ပြည်သူအများတို့မှာ စားဝတ်နေရေးခက်ခဲပါ၏။

မြန်မာနိုင်ငံတွင် အလုပ်သမားတို့မှာ တစ်နေ့လုပ်ခ ၃၆၀၀ ကျပ်သာရရှိပြီး လုပ်ခ ၅၆၀၀ ကျပ်တိုးပေးရန် ဆန္ဒပြတောင်းဆိုနေသော်လည်း ယနေ့အထိ အလုပ်ရှင်နှင့် မပြေလည်ဘဲ ရှိနေသည်ကို အများအသိပင်ဖြစ်ပါသည်။ လာမည့် ၂၀၁၈ တွင်အလုပ်သမားတစ်ယောက်၏ လုပ်ခငွေကို တစ်နေ့ကျပ်ငါးထောင် အထိရရန် အစိုးရက ဆောင်ရွက်ပေးမည်ဟု ပြောထားပါသည်။ အလုပ်ရှင်များက တစ်နေ့လုပ်ခ ၄၀၀၀ သာပေးနိုင်မည်ဟု ဆုံးဖြတ်ထားကြပါသည်။

ဝန်ထမ်းများ၏ ရသောလစာငွေ၊ အလုပ်သမားများ၏ တစ်နေ့ရသော လုပ်ခငွေကို ကြည့်လျှင် နိုင်ငံ၏ စီးပွားရေးအကျပ်အတည်းကာလဖြစ်ပြီး ကုန်ဈေးနှုန်းများလည်း တက်နေ၍ ပြည်သူတို့မှာ ထမင်းနပ်မှန်အောင် ရုန်းကန်နေရသည်။ မွန်ပြည်နယ် ဝန်ကြီးချုပ်က ဝင်ငွေများသူတို့က ဟင်းတစ်မယ်သာ စားရန် တိုက်တွန်းခဲ့သည်မှာ ကုန်ဈေးနှုန်းများ ကျစေလိုသောဆန္ဒဖြစ်၍ ကြိုဆိုရမည်ဖြစ်သည်။

ဝင်ငွေနည်းသော မိသားစုတို့မှ နိုင်ငံပြင်ပသို့ထွက်ပြီး အလုပ်သမား (ရွှေ့ပြောင်းလုပ်သား) ၄ သန်းခန့်ရှိပါသည်။ ထိုင်းနိုင်ငံတစ်နိုင်ငံထဲ၌ပင် မြန်မာရွှေ့ပြောင်းလုပ်သား သုံးသန်းရှိသည်ဟု သိရပြီး ယနေ့အထိပင် ပြောင်း ရွှေ့လုပ်သားများ အိမ်နီးချင်းနိုင်ငံသို့ ထွက်နေဆဲပင်ရှိနေသည်။ အလုပ်သမားများတို့မှာ ထိုနိုင်ငံတွင် လယ်လုပ်ယာလုပ်၊ ခြံစိုက်၊ ပုစွန်မွေး၊ ငါးဖမ်း၊ ပန်းရန်လုပ်၊ အိမ်အကူစသည့် အလုပ်များကိုသာ လုပ်ကိုင်ကြရသည်။ ထိုအလုပ်အကိုင်မျိုးကို မြန်မာနိုင်ငံမှာ လုပ်၍ ရပါလျက် ဘာကြောင့် အိမ်နီးချင်းနိုင်ငံများသို့ ထွက်ရမလဲ မေးကြည့်ရာမှာ မြန်မာငွေထက် ထိုင်းဘတ်ငွေက တန်ဖိုးကြီးနေ၍ အလုပ်က ကိုက်နေပါသည်။ ပေါ့ပါးပြီး ငွေရလွယ်သော အလုပ်မျိုး၊ ဥပမာ- ဈေးဆိုင်ဖွင့်ခြင်း၊ ဆံပင်ညှပ်ဆိုင်ဖွင့်ခြင်း၊ မော်တော်ဆိုင်ကယ်တက္ကစီဆွဲခြင်း စသည့် အလုပ်မျိုးကိုပင် မြန်မာအလုပ်သမားများ လုပ်ပိုင်ခွင့်မရှိပါ။ ၎င်းတို့၏ နိုင်ငံသားများ မလုပ်လိုသော အလုပ်ကြမ်းများကိုသာ မြန်မာအလုပ်သမားများ လုပ်ခွင့်ရှိပါသည်။ မြန်မာငွေ တန်ဖိုးသာ မြင့်တက်လာပါက ကိုယ့်အိမ်ကိုယ့်ရွာပြန်ပြီး အလုပ်လုပ်ချင်သူများစွာ ရှိနေပါသည်ဟု ဆိုပါသည်။

မြန်မာနိုင်ငံတွင် ဝင်ငွေနည်းသော နောက်လူစုမှာ ရုံးဝန်ထမ်းနှင့် 'ပီတိကိုစား အားရှိပါ၏' ပညာရေးဝန်ထမ်းများပင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ တိုးတက်အောင်မြင်ရန် အစိုးရကောင်းရှိရန် လိုသကဲ့သို့ နိုင်ငံဝန်ထမ်းများကောင်းရန်လည်း လိုအပ်ပါသည်။ ခေါင်ကမိုးယိုလျှင် အိမ်ကပျက်စီးမည်။ အိမ်တစ်အိမ်မှာ ခေါင်က အရေးကြီးသကဲ့သို့ နိုင်ငံတစ်နိုင်ငံမှာလည်း ခေါင်းဆောင်က အရေးကြီးပါသည်။ ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံတကာ အတွေ့အကြုံ၊ နိုင်ငံရေးရင့်ကျက်မှု၊ ဇွဲသတ္တိ-သမာဓိ-ဉာဏ်ပညာနှင့် ပြည့်စုံသော ကမ္ဘာ့ထိပ်သီးခေါင်းဆောင် စာရင်းဝင်တစ်ဦးလည်း ဖြစ်သည်။ ရှေ့နွားလားဖြောင့် ဖြောင့်သွားက နောက်နွားတစ်သိုက် ဖြောင့်ဖြောင့်လိုက်၏ ဆိုရိုးစကားအတိုင်း နိုင်ငံဝန်ထမ်းများလည်း ၎င်းတို့၏ လုပ်ငန်းတာဝန်ကျေပွန်ပြီး ပြည်သူ့အပေါ် စေတနာကောင်းထား၍ နိုင်ငံတော်အစိုးရ၏ ဥပဒေကိုလိုက်နာပြီး အဂတိလိုက်စားမှုကင်းမှသာ ဝန်ထမ်းကောင်းမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ပေါ်တွင် အကျင့်ပျက်ခြစားမှု အမြင့်ဆုံးနိုင်ငံစာရင်းတွင် ပါဝင်ပါသည်။ ထိုအကျင့်ပျက်ဝန်ထမ်းများကို အစိုးရက အရေးယူအပြစ်ပေးဆောင်ရွက်နေပါသော်လည်း ဌာနအများစုတွင် လာဘ်ပေးလာဘ်ယူ ရှိနေဆဲဖြစ်ပါသည်။ ၎င်းကို တိုင်ကြားကြရန် အစိုးရက ညွှန်ကြားထားသော်လည်း 'လာဘ်ပေးရန်မလိုပါ' ဆိုင်းဘုတ်အတိုင်း ပြည်သူတို့ သွားနေကြသည်။ ထိုသို့ မလုပ်ပါက မိမိတို့အလုပ်ကိစ္စ ပြီးမြောက်ရန် ကြန့်ကြာစေပါသည်။ ဝန်ထမ်းများ ဘာကြောင့် လာဘ်ယူရပါသလဲ၊ 'မြွေကိုက်၍ ဖားအော်သည်၊ မြွေက ငါ့ဝမ်းမနေသာ၍ ကိုက်ရသည်၊ လူ့သဘာဝဖြစ်စဉ်အရ 'အမတောင့်မှ သီလစောင့်နိုင်ကြမည်' ကုန်ဈေးနှုန်းနှင့် လစာ မမျှတဘဲ ဖြစ်နေသည်။ ဝန်ထမ်းများ စားဝတ်နေရေး လောက်ငသည် အထိ လစာတိုးပေးလျှင်လည်း ကုန်ဈေးနှုန်းက တက်ဦးမည်ဖြစ်၍ ဝန်ထမ်းလစာ တိုးပေးရေးကို ဒေါ်အောင်ဆန်းစုကြည်က တားမြစ်ထားပါသည်။

ဝန်ထမ်းလစာမတိုးပေးလျှင် ကုန်ဈေးနှုန်းကျဆင်းရေးကို အစိုးရက ဆောင်ရွက်ပေးမည်ဟု ပြည်သူများက မျှော်လင့်နေကြသည်။ အစိုးရက ကုန်ဈေးနှုန်း ကျဆင်းရန် ရည်ရွယ်ချက်ဖြင့် လမ်းတံတားများ ပြုပြင်နေပြီး အသေးစားအိမ်တွင်းမှုလုပ်ငန်းနှင့် မြစိမ်းရောင် စီမံကိန်းအတွက် မြို့နယ်တစ်နယ်လျှင် ကျပ်သိန်း ၃၀၀ ထုတ်ချေးပေးထားပါသည်။ ယင်းစီမံကိန်းမှ စားကုန်သောက်ကုန် အများအပြားထွက်ရှိလာနိုင်ပါသည်။ သို့သော် ငွေတန်ဖိုးနိမ့်ကျနေလျှင် ကုန်ဈေးနှုန်းက ကျဆင်းနိုင်မည်မဟုတ်ဟု သုံးသပ်ပါသည်။ ကုန်ဈေးနှုန်းကျဆင်းစေရန် တစ်ခုတည်းသော နည်းလမ်းက မြန်မာ့ငွေနှင့် ဒေါ်လာငွေ လဲလှယ်ရာတွင် ဒေါ်လာငွေကို ဈေးနှိမ့်ချထားနိုင်ရေးပင် ဖြစ်သည်။ ဒေါ်လာဈေးနှိမ့်ကျလျှင် မြန်မာနယ်စပ်ရှိ ထိုင်းဘတ်ငွေ၊ တရုတ်ယွမ်ငွေ၊ အိန္ဒိယရူပီးငွေ စသည့် ငွေများလည်း ဈေးကျသွားပါသဖြင့် မြန်မာပြည်တွင်းသို့ သွင်းကုန်အားလုံး ဈေးကျလာမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ လူသုံးကုန်ပစ္စည်း ၈၀ ရာခိုင်နှုန်းသည် ထိုအိမ်နီးချင်းနိုင်ငံမှ သွင်းလာရ၍ ၎င်းကုန်ပစ္စည်းများ ဈေးကျလျှင် ပြည်တွင်းထုတ်ကုန်များလည်း လိုက်လျောညီထွေ ဈေးလိုက်ကျလာမည်ဖြစ်သည်။

ယခင်အစိုးရအုပ်ချုပ်ပြီး တစ်နှစ်ကြာပြီးနောက် အမေရိကန်ဒေါ်လာ ၈၂၀ ကျပ်အထိ ဈေးကျဖူးပါသည်။ ဘာကြောင့် ဒေါ်လာဈေးနှိမ့်ကျသွားရသလဲ။ ယခင်အစိုးရများကရိုက်ထုတ် အသုံးပြုခဲ့သော မြန်မာဒေါ်လာ FEC ကို ရုပ်သိမ်းပြီး အစိုးရဌာနသို့ ပေးသွင်းရန် ငွေများကို မြန်မာကျပ်ငွေဖြင့်သာ လက်ခံတော့မည်ဟု ကြေညာပြီးနောက်မှာ မြန်မာကျပ်ငွေအင်အားကောင်းလာသော ကြောင့် ဒေါ်လာဈေးနိမ့်ကျ လာပါသည်။ ယင်းအချိန်တွင် စာရေးသူသည် အလုပ်ကိစ္စတစ်ခုဖြင့် မဲဆောက်မြို့သို့ ရောက်ရှိနေချိန်ဖြစ်သည်။ မြဝတီမြို့မှာ ထိုင်းဘတ်နှင့် မြန်မာကျပ်ငွေ လဲလှယ်နှုန်းသည် ထိုင်း ၁ ဘတ် မြန်မာငွေ ၂၆ ကျပ်အထိ မြန်မာငွေ ဈေးမြင့်တက်လာခဲ့သည်။ ပစ္စည်းဈေးအတက်အကျ မငြိမ်၍ ဈေးရောင်းဈေးဝယ် ယာယီခေတ္တရပ်ထားရပါသည်။ မြဝတီ-ကော့ကရိတ် ကားလမ်း၊ လူစီးကားငယ်ကလွဲပြီး ကုန်တင်ကားများ အတက်အဆင်းမရှိသလောက် ဖြစ်ခဲ့သည်။ ဒေါ်လာဈေးနိမ့်ကျလာသဖြင့် မြန်မာပြည်သို့ သွင်းကုန်ထုတ်ကုန်ယာယီ ခေတ္တရပ်ဆိုင်းသွားခြင်း၊ ပစ္စည်းသိုလှောင်သူများ အမေရိကန်ဒေါ်လာ၊ ထိုင်းဘတ်ငွေစသည့် နိုင်ငံခြားငွေ ဝယ်ယူစုဆောင်းထားသူများအိမ်ရာဈေးကွက် အရောင်းအဝယ်နှင့် မော်တော်ကားတင်သွင်းသူများ စသည့် ခရိုနီတစ်စု နစ်နာမှုကြီးမားလာခဲ့ပါသည်။

ယခင်အစိုးရအဖွဲ့တွင် ခရိုနီနှင့် မကင်းကြသည့်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များစွာရှိနေကြပါသည်။ ထိုဝန်ကြီးများတို့က ဒေါ်လာဈေး နိမ့်ကျလျှင် အစစအရာရာဈေးနိမ့်ကျလာမည်ဖြစ်သဖြင့် လုပ်ငန်းတိုင်းမှာ ပြဿနာတက်၍ နိုင်ငံကမောက်ကမဖြစ်လာမည်ဟု သမ္မတကို သတိပေးရင်း ဖိအားပေးခဲ့ပါသည်။ ထိုဝန်ကြီးများ၏ ဖိအားပေးပြီးနောက်တွင် သမ္မတက ဒေါ်လာငွေ ဈေးတက်လာရန် ကျပ် ၁၀၀၀၀ တန် ရိုက်ထုတ်ပြီး ဝန်ထမ်းများကို လစာတိုးပေးခြင်းနှင့် ပုဂ္ဂလိကများကို အမေရိကန်ဒေါ်လာ ကိုင်ဆောင်ခွင့် ရောင်းဝယ်ခွင့်ပေးမည်ဟု ကြေညာခဲ့ရပါသည်။ ထိုသို့ ကြေညာပြီးနောက် ဒေါ်လာဈေး ပြန်တက်လာသောကြောင့် ကုန်ပစ္စည်းများ အကျဘက်ဦးတည်ရာမှ အတက်ဘက်သို့ဦးမော့လာပြန်ပါသည်။

အဖွဲ့ချုပ်အစိုးရတက် စက ဒေါ်လာဈေး ၁၂၅၀ အထိဈေးပြန်ကျလာပါသေးသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကပင် ၎င်းတို့ အစိုးရတက်လာမှ မြန်မာငွေ တန်ဖိုးမြင့်တက်လာသည်ကို ဂုဏ်ယူပြီး ပြောခဲ့ပါသေးသည်။ ပထမအကြိမ် ၂၁ ပင်လုံ ဆွေးနွေးရာတွင် မကျေလည်သည့်အပေါ် ကုန်သည်အချို့က အခွင့်ကောင်းယူပြီး ဒေါ်လာဈေးမြင့်တက်ရန် လုပ်နိုင်ခဲ့သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ပြီး အစိုးရခရိုနီများကို ခေါ်ယူတိုင်ပင်ဆွေးနွေးခဲ့သည်ကို သိရပါသည်။ ခရိုနီဆိုသူတို့မှာ မြန်မာနိုင်ငံတွင် အချမ်းသာဆုံးပုဂ္ဂိုလ် တွေဖြစ်ပါသည်။ သူတို့က အစိုးရတာဝန်ရှိသူတွေနှင့် ပေါင်းပြီး နိုင်ငံတော်၏ သယံဇာတနှင့် ပြည်သူပိုင်ပစ္စည်းများကို ဈေးပေါပေါနှင့် ဝယ်ယူ၍ အကျိုးအမြတ်ကို ထိုတာဝန်ရှိသူတို့နှင့် ဝါးစေစားစေပြီး ချမ်းသာလာကြသူများ ဖြစ်သည်။ ဘနဖူးသို့ သိုက်တူးမည့်သူတို့က ယနေ့အစိုးရနှင့် ပူးပေါင်းလာနိုင်ပါ့မလား။ သူတို့မှာ ဒေါ်လာငွေ သိန်းပေါင်းများစွာကို ကိုင်ဆောင်ထား၍ မြန်မာ့ငွေဈေး အတက်အကျသူတို့လက်ထဲမှာပဲရှိနေပါသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီအေးက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ၅၀ ရက်မြောက်နေ့မှာ မြန်မာ့ကျပ်ငွေ အားကောင်းလာစေရန် (ကျပ်ငွေတန်ဖိုး မြင့်တက်ရန်) ဗဟိုဘဏ်က မည်သို့ ဆောင်ရွက်ထားရှိသည်ကိုသိလိုပါသည်ဟုမေးမြန်းခဲ့သည်ကို ၂၉-၈-၂၀၁၇ ရက်ထုတ် ကြေးမုံသတင်းစာတွင် ဖတ်ရပါသည်။ ဒေါ်နီနီအေး မေးမြန်းချက်ကို ဗဟိုဘဏ်ဒုဥက္ကဋ္ဌဦးဘိုဘိုငယ်က မြန်မာငွေအားကောင်းလာစေရန်(တန်ဖိုးမြင့်တက်ရန်) ယခင်ဘဏ္ဍာရေးနှစ်မှာ ပြည်ပရင်းနှီးမြှုပ်နှံငွေ ဒေါ်လာသန်း ၄၀၀ သာရှိပြီး ယခု ဘဏ္ဍာရေးနှစ်မှ ပြည်ပ ဒေါ်လာသန်း ၃၅၀၀ ဝင်လာသည့်အတွက် ယမန်နှစ်ကထက် ဒေါ်လာ သန်း ၃၁၀၀ ပိုလာ၍လည်းကောင်း၊ တစ်ပြည်လုံးတွင် ငွေလဲကောင်တာ ၁၃၄၅ ဌာနအထိ ဖွင့်လှစ်ရောင်းဝယ်ခွင့်ပြုထားရှိသည်ဟု ဖြေကြားသွားခဲ့ပါသည်။ ဗဟိုဘဏ်၏ ဆောင်ရွက်ချက်မှာ မြန်မာငွေ အားကောင်း(တန်ဖိုးမြင့်တက်) နိုင်ပါ့မလား ပြည်သူတို့ သံသယဝင်နေကြသည်။

ဒေါ်လာကိုင်ဆောင်ခွင့်ရောင်းဝယ်ခွင့်အား ပုဂ္ဂလိကသို့ ခွင့်ပြုပြီးနောက် ဒေါ်လာငွေ၏ ပြင်ပပေါက်ဈေးနှင့် ဗဟိုဘဏ်မှ သတ်မှတ်ဈေးနှုန်းက ကွာဟနေ၍ ခရိုနီတစ်စု(ဝါ) ဗဟိုဘဏ်နှင့် နီးစပ်သော သူတစ်စုက အကျိုးအမြတ်ရရှိနေကြသည်မှာ အမှန်ပင်ဖြစ်သည်။ ထိုလူစုက ဒေါ်လာငွေ အတက်အကျကို ကစားခွင့်ရနေ၍ မြန်မာကျပ်ငွေအားကောင်း(တန်ဖိုးမြင့်တက်) လာရန် အလွန်ပင်ခက်ပါသည်။ ထို့အပြင် ပြည်နယ်အစိုးရနှင့် တိုင်းအစိုးရက အချိန်အခါအားဖြင့် မလို အပ်သေးဘဲ အဆောက်အဦ တချို့တည်ဆောက်နေလျှင် အစိုးရဘဏ္ဍာငွေ အပြင်သို့ရောက်သဖြင့် မြန်မာ့ငွေဖောင်းပွစေပါသည်။ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က တိုင်းပြည်ဆင်းရဲသောကာလမှာ ဘဏ္ဍာငွေ

စာမျက်နှာ (၃၁) သို့ ... >>

**ပြည်သူ့အပေါ် စေတနာကောင်းထား၍ နိုင်ငံတော်အစိုးရ၏ ဥပဒေကို လိုက်နာပြီး အဂတိလိုက်စားမှုကင်းမှသာ . . .**

www.free4readers.com

# ဗိုလ်ချုပ်အောင်ဆန်း လေးစားအားထားခဲ့သူ မြန်မာ့အလင်း ဦးတင်

တက္ကသိုလ်စိန်တင်



(၁)

ဖဆပလအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်း။ ။ရှေးတုန်းက ဗမာပြည်နိုင်ငံရေးလုပ်တဲ့ ဝံသာနုလုပ်ငန်းတွေမှာ ငွေရေး၊ ကြေးရေးအရှုပ်အရှင်းပြဿနာတွေရှိခဲ့လို့ အဖွဲ့အစည်းနာမည်ပျက်၊ သိက္ခာကျခဲ့ရတာတွေ ရှိခဲ့တယ်။ အခု ဖဆပလအဖွဲ့ချုပ်ကြီးမှာ အဲဒီလိုမဖြစ်ရအောင် ငွေရေး၊ ကြေးရေး၊ ဘဏ္ဍာရေးမှာ စည်းနဲ့ ကမ်းနဲ့ စနစ်တကျသုံးစွဲပြီး စာရင်းတိကျမှန်ကန်ဖို့ ငွေရေးကြေးရေးစီမံအုပ်ချုပ်ကျွမ်းကျင်ပြီး သီလ၊ သမာဓိ၊ သိက္ခာနဲ့ ရိုးသားတည်ကြည်ဖြောင့်မတ်မှုလည်း ရှိလို့ အလွန်စိတ်ချရတဲ့ပုဂ္ဂိုလ်ကြီးကို ငွေထိန်း ဘဏ္ဍာရေးမှူးအဖြစ် အသေအချာစဉ်းစားပြီး ရွေးချယ်ထားပါတယ်။ အဲဒီပုဂ္ဂိုလ်က နိုင်ငံရေးသမားမဟုတ်ပါဘူး။ ဗမာပိုင်စီးပွားရေးလုပ်ငန်းမှာ အကြီးအကျယ်အောင်မြင်အောင် စွမ်းဆောင်နိုင်ခဲ့တဲ့ မြန်မာ့အလင်းသတင်းစာတိုက်က အထွေထွေမန်နေဂျာတိုက်အုပ်ဦးတင်ပါ။

အထက်ဖော်ပြပါ ဗိုလ်ချုပ်အောင်ဆန်းပြောဆိုခဲ့သည့် စကားရပ်တို့မှာ မြန်မာ့နိုင်ငံရေးသမိုင်းတွင် မြန်မာ့လွတ်လပ်ရေးမရမီ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သည့် ဖဆပလအဖွဲ့ချုပ်ကြီး၏ ဘဏ္ဍာရေးမှူးအဖြစ် ခန့်ထားခံရသည့် မြန်မာ့အလင်း ဦးတင်အား ဂုဏ်ပြုပြောကြားလိုက်ခြင်းဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဖဆပလအဖွဲ့ချုပ်ကြီး၏ အရေးအပါဆုံးနှင့် အဓိကအကျဆုံးရာထူးနေရာဖြစ်သော ဘဏ္ဍာရေးမှူးတာဝန်ကိုမြန်မာ့အလင်း ဦးတင်အား ပေးအပ်ခဲ့ရသည့်အကြောင်း လူထုအစည်းအဝေးပွဲကြီးတစ်ခုတွင် ရှင်းပြပြောဆိုခဲ့ခြင်းဖြစ်သည်။

(၂)

မြန်မာ့လွတ်လပ်ရေးဗိသုကာဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်က ထိုကဲ့သို့ ထောက်ခံစကားပြောခံရသည့် မြန်မာ့အလင်းဦးတင်သည် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီ ၄ ရက် မြန်မာ့လွတ်လပ်ရေးကြေညာသောအခါ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့တွင် ပထမဆုံးဘဏ္ဍာရေးဝန်ကြီးဖြစ်လာခဲ့သည်။

ဖဆပလအဖွဲ့ချုပ်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သခင်နုသည် မြန်မာ့လွတ်လပ်ရေးဗိသုကာဗိုလ်ချုပ်အောင်ဆန်း လေးစားအားထားခဲ့သည့်မြန်မာ့အလင်း ဦးတင်ကို အာဏာရဖဆပလအစိုးရအဖွဲ့ကြီး၏ အားထားရသူ ဘဏ္ဍာရေးဝန်ကြီးအဖြစ် ခန့်ထားပေးခဲ့ခြင်းဖြစ်သည်။ ဘဏ္ဍာရေးဝန်ကြီး မြန်မာ့အလင်း ဦးတင်၏ လက်ထက်တွင် မြန်မာ့လွတ်လပ်ရေးခေတ် နိုင်ငံသုံးငွေကြေးကို ပိုင်ပိုင်နိုင်နိုင်စနစ်တကျပြောင်းလဲခဲ့သည့် သာဓကရှိသည်။

မြန်မာနိုင်ငံမလွတ်လပ်မီ ဗြိတိသျှနယ်ချဲ့အစိုးရခေတ်က ငွေတစ်ကျပ်တွင် ၆၄ ပြားစနစ်အသုံးပြုခဲ့သည်။ မြန်မာ့လွတ်လပ်ရေးခေတ်ရောက်သောအခါ ဘဏ္ဍာရေးဝန်ကြီး မြန်မာ့အလင်းဦးတင်က ငွေတစ်ကျပ်လျှင် ပြား ၁၀၀ စနစ်သို့ ပြောင်းလဲလိုက်သည်။ တစ်ကျပ်လျှင် ပြား ၁၀၀ စနစ်ကို ဘဏ္ဍာရေးဝန်ကြီး ဦးတင်က ပြည်သူ့လွှတ်တော်သို့ တင်ပြပြီး ဥပဒေအဖြစ် ပြဋ္ဌာန်းခဲ့သည်။ ဖဆပလအစိုးရလက်ထက်တွင် ၁၉၅၆ ခုနှစ်၊ ဇွန် ၁၁ ရက်အထိ ဘဏ္ဍာရေးဝန်ကြီး၊ ၁၉၅၆ ခုနှစ်၊ ဇွန် ၁၁ ရက်မှ ၁၉၅၈ ခုနှစ်၊ အောက်တိုဘာ ၂၈ ရက် (အိမ်စောင့်အစိုးရဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးနေဝင်းတာဝန်ယူသည့်နေ့)အထိ ကုန်သွယ်မှုတိုးတက်ရေးနှင့် ပစ္စည်းထောက်ပံ့ရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် ခန့်အပ်ခြင်း ခံခဲ့ရသည်။

မြန်မာ့အလင်းဦးတင်သည် ပြည်သူလူထုက ထောက်ခံအားပေးမှုဖြင့် ဒီမိုကရေစီနည်းအရ ရွေးချယ်တင်မြှောက်သော ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲများတွင် ၁၉၄၈ ခုနှစ်၊ ရန်ကုန်မြို့မ (သိမ်ဖြူ) မဲဆန္ဒနယ်မှလည်းကောင်း၊ ၁၉၅၂ ခုနှစ်တွင် ရွှေဘိုမဲဆန္ဒနယ်မှလည်းကောင်း၊ ၁၉၅၆ ခုနှစ်တွင် ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်တောင်ပိုင်းမဲဆန္ဒနယ်မှလည်းကောင်း ပြည်သူလူထု၏ ရွေးချယ်တင်မြှောက်ခြင်းကို ခံခဲ့ရသည်။

၁၉၅၈ ခုနှစ်၊ ဗိုလ်ချုပ်ကြီးနေဝင်း အိမ်စောင့်အစိုးရလက်ထက်တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ်မြန်မာ့အလင်း ဦးတင်အား ရွေးချယ်တင်မြှောက်ခံခဲ့ရသည်။ သီလ၊ သမာဓိ၊ သိက္ခာကြီးမြင့်၍ နိုင်ငံတော်၏အကျိုးကို နှစ်ပေါင်းများစွာ ထက်ထက်မြက်မြက်ဆောင်ရွက်ခဲ့သည့် ဦးတင်အား ၁၉၆၁ ခုနှစ်တွင် နိုင်ငံတော်သမ္မတကြီး မန်းဝင်းမောင်က မြန်မာ့အလင်းဦးတင်အား 'သတိုးသီရိသုဓမ္မဘွဲ့' ထူးချီးမြင့်ခဲ့သည်။

(၃)

မြန်မာ့အလင်းဦးတင်၏ လူမှုရေးဆောင်ရွက်မှုဂုဏ်ရည်ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးတွင် တွေ့မြင်ခဲ့ရပြန်လေသည်။ မေတ္တာ၊ စေတနာ၊ ကရုဏာရှင် ဘွားဦးဇွန်းတည်ထောင်ခဲ့သော ရန်ကုန်မြို့ သဃ်န်းကျွန်း၊ နှင်းဆီကုန်းရပ်ကွက်ရှိ နှင်းဆီကုန်းလူအိုရုံကြီးကို မြန်မာ့အလင်းဦးတင်က ကြီးကြပ်ဦးဆောင်ဆက်လက်တည်ထောင်ခဲ့သည့် သာဓကရှိခဲ့သည်။ ခရစ် ၁၉၄၃ ခုနှစ်တွင် မန္တလေးမြို့ မင်းကွန်းနှင်းဆီကုန်းလူအိုရုံ၌နေသည့် တိုင်းကျိုးပြည်ကျိုးဆောင် TBS ဘွဲ့ရဘွားဦးဇွန်းက နှင်းဆီကုန်းလူအိုရုံကြီးကို ဦးတင်အား ဆက်လက်ကြီးကြပ်ဆောင်ရွက်နိုင်ရန် တာဝန်ပေးအပ်ခဲ့သည်။ ၂၅-၁၀-၁၉၄၃ ခုနှစ်တွင် မန္တလေးမြို့ မင်းကွန်းလူအိုရုံမှ ဘွားဦးဇွန်းက ရန်ကုန်မြို့ရှိ မြန်မာ့အလင်း ဦးတင်ထံသို့ "အဘွားလည်း အသက်အရွယ်ကြီးပါပြီ။ ကောင်းကောင်းလည်း မကျန်းမာသဖြင့် ရန်ကုန်မြို့ နှင်းဆီကုန်းလူအိုရုံကို မောင်တို့ပဲ ဆက်လက်တာဝန်ယူကြပါ" ဟု မြန်မာ့အလင်းဦးတင်အား တာဝန်ပေးခဲ့လေသည်။

မြန်မာ့အလင်းဦးတင်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော နှင်းဆီကုန်းလူအိုရုံကြီးကို ယခုထက်ပို၍ သင့်တော်မည့် နေရာတစ်နေရာအား ရှာဖွေသောအခါ ယခုလက်ရှိနှင်းဆီကုန်းလူအိုရုံကြီးတည်နေရာ အမှတ် ၂၁၊ ကမ္ဘာအေးစေတီလမ်းရှိ အဆောက်အအုံတစ်ခုကို ငွေကျပ်သုံးသောင်းဖြင့် ဝယ်ယူနိုင်ခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် ရန်ကုန်မြို့ သဃ်န်းကျွန်းနှင်းဆီကုန်းလူအိုရုံကို 'နှင်းဆီကုန်းဘိုးဘွားစောင့်ရှောက်ရေးအဖွဲ့' ဟူ၍ ဥက္ကဋ္ဌမြန်မာ့အလင်းဦးတင်က နာမည်ပြောင်း၍ မှတ်ပုံတင်ခဲ့သည်။

နှင်းဆီကုန်းဘိုးဘွားစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌဦးတင်၏ စီမံဆောင်ရွက်ချက်ကောင်းခြင်း၊ ကြိုးစားအားထုတ်မှုရည်မှန်းချက်မြင့်မားမှုတို့ကြောင့် ကမ္ဘာအေးဘုရားလမ်းရှိ ယခုမြင်တွေ့နေရသော ကြီးမားတင့်တယ်ခန့်ထည်သည့် နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးဖြစ်ပေါ်ခဲ့သည်။

မြန်မာ့အလင်း ဦးတင်သည် နှင်းဆီကုန်းဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ်ဖြင့် တစ်ဖက်မှ တာဝန်ထမ်းဆောင်သလို နိုင်ငံရေးရာထူးဖြင့်လည်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ၁၉၆၀ ပြည့်နှစ်အထိ ထမ်းဆောင်ခဲ့သည်။

(၄)

မြန်မာ့အလင်းဦးတင်ကို ခရစ် ၁၈၉၇ ခုနှစ်၊ ဩဂုတ် ၁၇ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့တွင် ဖခင် ဦးဖိုးသန့်၊ မိခင် ဒေါ်ရွှေရွက်တို့မှ ဖွားမြင်ခဲ့သည်။ ကြံခင်းမြို့ အာရ်စီအမ်ကျောင်းတွင် သတ္တမတန်းအောင်မြင်ခဲ့ပြီးနောက် ရန်ကုန်မြို့ မြန်မာ့အလင်းသတင်းစာတိုက်တွင် စတင်အမှုထမ်းခဲ့သည်။ ၁၉၄၅ ခုနှစ်၊ မေလတွင် ဗိုလ်ချုပ်အောင်ဆန်းက ဖဆပလအဖွဲ့ချုပ်ဘဏ္ဍာရေးမှူးအဖြစ် တာဝန်ပေးအပ်ခဲ့သည်။

ဦးတင်သည်မြန်မာ့အလင်းသတင်းစာတိုက်တွင် မန်နေဂျာအဆင့်အထိ ရာထူးတိုးခန့်ထားခံရပြီးနောက် မြန်မာ့အလင်းသတင်းစာ၌ 'မြန်မာစာနှင့် မြန်မာစကားကို နေရာတိုင်းတွင် အသုံးပြုပါ' ဆိုသည့် စာတန်းဖော်ပြခဲ့သည်။ ယနေ့ သတိပြုရန်ဆိုသော ခေါင်းစဉ်ဖြင့် "ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်စေနှင့်၊ တရားစောင့်သောသူအား တရားက ပြန်စောင့်သည်"။

"ကောင်းတာလုပ်၊ ဟုတ်တာပြော၊ မှန်တာကြံသူတို့အဖို့မှာ နေ့စဉ်နေ့တိုင်း ရက်ရာဇာဖြစ်၏။ မကောင်းတာလုပ်၊ မဟုတ်တာပြော၊ မမှန်တာကြံသူတို့ အဖို့မှာ နေ့စဉ်နေ့တိုင်း နေ့ဆိုး၊ နေ့ပုပ်၊ ရက်ယုတ်၊ ပြဿဒါးနေ့ဖြစ်၏။ အခြားရက်ရာဇာ၊ ပြဿဒါး စသည်တို့မှာ ဗုဒ္ဓမြတ်စွာဘုရား၏အလိုမဟုတ်ပါ" ဟူ၍ မြန်မာ့အလင်းသတင်းစာတိုက်ထုတ်ပြက္ခဒိန်တွင် မြန်မာ့အလင်းဦးတင်က ပညာပေးဖော်ပြခဲ့သည်။

နိုင်ငံကျော်စာရေးဆရာကြီး မြဒေါင်းညိုက "မြန်မာ့အလင်းဦးတင်သည် လူတန်းစားမရွေး၊ လူကိုတစ်တန်းစားတည်းထား၍ ဆက်ဆံပြုမူသည်၊ လူကို အဖြူအမည်းမခွဲဘဲ လူဟူ၍သာသတ်မှတ်ပြီး လူ့သိက္ခာကို တန်ဖိုးထား၍ နာယကဂုဏ်နှင့် ပြည့်စုံသူ၊ ကောင်းမြတ်သော စိတ်စေတနာရှင်ဖြစ်သည်" ဟု ရေးသားဖော်ပြခဲ့သည်။

(၅)

ဤသို့သော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ဖြင့် ပြည့်စုံ၍ ပြည်သူအများလေးစား၊ ချစ်ခင်၊ ကြည်ညိုခြင်းခံရသည့် သတင်းစာဆရာကြီး၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့တွင် ၃၆ နှစ်တိုင်တိုင် ဦးဆောင်မှုပေးခဲ့သူ မြန်မာ့အလင်း ဦးတင်သည် ၁၉၇၈ ခုနှစ်၊ အောက်တိုဘာ ၃ ရက်တွင် အသက် ၈၂ နှစ်အရွယ်၌ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဝင်္ကဘာရိပ်သာလမ်း၊ ခြံအမှတ် ၃ နေအိမ်၌ လူကြီးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်ခဲ့ရှာသည်။

ယခုအခါ တိုင်းပြည်က လေးစားကြည်ညိုတန်ဖိုးထားရသည့် နိုင်ငံရေးခေါင်းဆောင်ကြီး မြန်မာ့အလင်းဦးတင်သက်ရှိထင်ရှားမရှိတော့သော်လည်း မြန်မာ့အလင်း ဦးတင်၏ ဂုဏ်သတင်းမှာ မြန်မာနိုင်ငံတည်နေသရွေ့ ထွန်းလင်းတောက်ပလျက် မော်ကွန်းတင်ကျန်ရှိနေမည်သာဖြစ်သည်။

■ ■ ■



# စိနရဋ္ဌ၊ ဘောဂျင်းဆောင်းဦး နှင့် ညီလာခံအမှတ်တရများ(၁၂)

မုံရွာအောင်ရှင်




(၁)

တရုတ်ပြည်ကွန်မြူနစ်ပါတီ ၁၉ ကြိမ်မြောက်နိုင်ငံလုံးဆိုင်ရာ ညီလာခံသို့ လေ့လာရေးခရီးရောက်ခဲ့သော မြန်မာ့သတင်းမီဒီယာအဖွဲ့သည် ၂၆-၁၀-၂၀၁၇ နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။ ၁၀-၁၀-၂၀၁၇ မှ ၁၆-၁၀-၂၀၁၇ နေ့အထိ ၁၀ ရက်ကြာမြင့်ခဲ့သော လေ့လာရေးခရီးစဉ်တွင် CPC ၁၉ ကြိမ်မြောက်ညီလာခံအပြင် ကုကုန်းခေါ် ရှေးဟောင်းနန်းတော်၊ မဟာတံတိုင်းကြီး စသော တရုတ်ယဉ်ကျေးမှုသမိုင်းဝင်နေရာများ၊ တီယန်ဂျင်းစီးပွားရေးမြို့ပြဒေသများသို့လည်း ရောက်ခဲ့သည်။ အထူးသဖြင့် မြန်မာနိုင်ငံ၌ စီးပွားရေးရင်းနှီးမြှုပ်နှံလျက်ရှိသော SPIC နှင့် CITC Group များသို့လည်း လေ့လာခဲ့ရသည်။ ယင်းကုမ္ပဏီ၊ ကော်ပိုရေးရှင်းတို့၏ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံဆဲလုပ်ငန်းများ၊ အလားအလာများကို သိခွင့်ရရှိခဲ့သည်။

အထူးသဖြင့် မြန်မာနိုင်ငံကျောက်ဖြူစီးပွားရေးအထူးဇုန်နှင့် ရေနက်ဆိပ်ကမ်းစီမံကိန်းကို တာဝန်ယူလုပ်ကိုင်လျက်ရှိသော CITC Group ထက် လတ်တလောစီမံကိန်းရပ်စဲနေဆဲဖြစ်သော ဧရာဝတီမြစ်ဆုံရေအားလျှပ်စစ်ထုတ်လုပ်ရေးကို တာဝန်ယူနေရသည့် SPIC ကုမ္ပဏီနှင့် တွေ့ဆုံဆွေးနွေးခဲ့ရသည်မှာ စိတ်ဝင်စားဖွယ် ပိုမိုကောင်းမွန်ပါသည်။ ကော်ပိုရေးရှင်းကြီး နှစ်ခုစလုံးမှာ တရုတ်ပြည်သူ့အစိုးရနှင့် ဆက်စပ်နေပြီး ကမ္ဘာတစ်ဝန်းရင်းနှီးမြှုပ်နှံလုပ်ကိုင်နေသော လုပ်ငန်းစုကြီးများဖြစ်ကြပါသည်။

SPIC (State Power Inverstment Corporation) အစိုးရစွမ်းအင်ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်းမှ တာဝန်ရှိသူများ၏ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းနှင့်ပတ်သက်သော ရှင်းလင်းတင်ပြမှုနှင့် အချက်အလက်များကို ရရှိခဲ့သည်။ မိမိတို့နှင့်အတူပါလာသော သတင်းမီဒီယာသမားများ၏ မေးမြန်းချက်နှင့် ပြန်လည်ဖြေကြားချက်များကို ကြားသိခဲ့ရသည်။

သဘာဝသယံဇာတပြုန်းတီးမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဒေသဖွံ့ဖြိုးရေး၊ ဒေသခံလူထု၏ သက်သာချောင်ချိရေး၊ စီးပွားရေးနှင့် အသက်မွေးဝမ်းကျောင်းမှု၊ နေထိုင်မှုတိုးတက်ရေး စသည့် ဘက်ပေါင်းစုံ ညီညွတ်မျှတ၊ ချမ်းသာကြွယ်ဝရေးကို စဉ်းစားကြရသည်။ အခြားတစ်ဖက်တွင်လည်း ရင်းနှီးမြှုပ်နှံသူများ၏ အကျိုးစီးပွားနှင့် မိမိနိုင်ငံ၏ အကျိုးစီးပွားသယံဇာတဖြစ်ရေးကိုလည်း စီစဉ်ကြရသည်။ လမ်းပန်းဆက်သွယ်ရေးမှအစ ပညာရေး၊ ကျန်းမာရေး၊ လူမှုဘဝအဖုံဖုံဖြစ်စဉ်များမြှင့်တင်နိုင်ရေးကို စီမံကိန်းချကြရသည်။ တစ်ခွန်းတည်းနှင့် ပြောရလျှင် ရေရှည်တည်တံ့ဖွံ့ဖြိုးသည့် စီမံကိန်းဖြစ်ပေါ်ရေးကို ကြိုးစားကြရသည်။ ရေတို၊ ရေရှည်အဖြေများနှင့် ရလဒ်များကို ထည့်တွက်ကြရသည်။

စီမံကိန်းများ (အထူးသဖြင့်) နိုင်ငံတော်နှင့်ဆိုင်သော စီမံကိန်းများသည် အစိုးရဝန်ကြီးဌာန၏ လုပ်ငန်းစီမံချက်များအပြင် ဒေသခံများ၊ ပြည်သူများ၊ သက်ဆိုင်ရာ (အစိုးရမဟုတ်သည့်) အဖွဲ့အစည်းများ၏ အသံကို နားထောင်ရသည်။ လိုလားမှုနှင့် ဆန့်ကျင်မှု၊ ဘက်နှစ်ဖက်စလုံး၏ ထင်မြင်ယူဆချက်များအပေါ် သုံးသပ်ရသည်။

(၂)

သမ္မတကြီး ဦးသိန်းစိန်ဦးဆောင်သော ကြံ့ခိုင်ဖွံ့ဖြိုးရေးအစိုးရက ၂၀၁၁ ခုနှစ်၊ စက်တင်ဘာ ၃၀ ရက်တွင် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်ရေးကို ရပ်ဆိုင်းခဲ့သည်။ မြစ်ဆုံဒေသရှိ ၇ ဆင့် ခန့်ဆင့်ကဲ တည်ဆောက်ထားသော ဆည်ကြီးများမှ လျှပ်စစ်ဓာတ်အား ၁၀၀ ဘီလီယံကီလိုဝပ်ထုတ်လုပ်နိုင်မည်ဖြစ်ပြီး တည်ဆောက်ချိန်ကာလ ၈ နှစ်ကြာမြင့်မည်ဖြစ်သည်။ ယခု ၂၀၁၈ ဆိုလျှင် ယင်းစီမံကိန်းရပ်နားထားခဲ့သည်မှာ ၆ နှစ်ကျော်ခဲ့ပြီဖြစ်သည်။

ကျွန်ုပ်တို့သည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းများကို စဉ်းစားမိကြသည်။ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပထဝီနိုင်ငံရေးကို ဆင်ခြင်ကြသည်။ သယံဇာတကျိန်စာဆိုသည်ကိုလည်း သတိပြုကြရသည်။ သယံဇာတကျိန်စာကို ရှောင်လွှဲဖို့အတွက် သယံဇာတကို အကျိုးရှိအောင်၊ ရေရှည်တည်တံ့အကျိုးဖြစ်အောင် ဘယ်လိုကိုင်တွယ်မလဲ ဆိုသည်ကို သုံးသပ်ကြရသည်။ တစ်ဆက်တည်းမှာပင် နှစ်ပေါင်း ၇၀ မျှ သက်ဆိုးရှည် မင်းမူနေသော ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ၏ ဘေးထွက်ဆိုးကျိုးများ၊ ဆက်သွယ်ယှက်နွယ်နေမှုများကိုလည်း အဓိကစိန်ခေါ်မှုအဖြစ် ထည့်သွင်းကြရသည်။ နောင်တစ်ချိန်ပေါ်ပေါက်လာမည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတွင် မဖြစ်မနေထည့်သွင်းစဉ်းစားကြရသော 'အာဏာခွဲဝေမှုနှင့် သယံဇာတခွဲဝေမှု' ပုံစံများကိုလည်း မြော်မြင်ထားကြရသည်။

အစိုးရအပြောင်းအလဲနှင့် တစ်ပါတည်းစဉ်းစားကြရမည်မှာ ယေဘုယျအားဖြင့် အစိုးရသစ်သည် အစိုးရဟောင်း၏ ကောင်းမွေ၊ ဆိုးမွေကို ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ လက်ခံကြရသည်။ ယခင်အစိုးရဟောင်းလက်ထက်က ဆောင်ရွက်ခဲ့သော စီမံကိန်းများ၊ ဆောင်ရွက်ချက်များ၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ဥပဒေများကို ဘာပဲဖြစ်ဖြစ် ကာလတစ်ခုအထိတော့ ဆက်ခံကြရသည်။ အထူးသဖြင့် နိုင်ငံတကာနှင့် သို့မဟုတ် ကမ္ဘာ့ကုလသမဂ္ဂနှင့် ချုပ်ဆိုထားသော၊ သဘောတူထားသော စာချုပ်စာတမ်းများ၊ ပဋိညာဉ်များမှတ်တမ်းမှတ်ရာများအပေါ် အသိအမှတ်ပြုပေးကြရသည်။ "ယခင်က ချုပ်ဆိုခဲ့လို့ ယခုအသိအမှတ်မပြုနိုင်" ဟု ရုတ်တရက်ငြင်းပယ်လေ့မရှိပေ။ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စာချုပ်များဆိုလျှင် အထူးသတိပြုကြရသည်။ ရင်းနှီးမြှုပ်နှံသူတို့၏ ယုံကြည်စိတ်ချမှု ကို ထိခိုက်မခံရအောင် စောင့်ထိန်းကြရသည်။

ဒီမိုကရေစီဆိုသည်မှာ ပြည်သူတို့၏ သဘောဆန္ဒကို အထူးလေးစားကြရသည်။ ထို့ကြောင့် အစိုးရများ၊ နိုင်ငံရေးခေါင်းဆောင်များသည် မိမိတို့ဆောင်ရွက်ရမည့်ကိစ္စများ၊ လုပ်ငန်းများအဆင်ပြေချောမောစေရန် ပြည်သူလူထုအား စည်းရုံးကြရသည်။ အကျိုးအကြောင်း၊ အဆိုးအကောင်းကို ရှင်းလင်းပြကြရသည်။ စာချုပ်စာတမ်းများအပေါ် ပွင့်လင်းမြင်သာမှုရှိအောင် အတတ်နိုင်ဆုံး ချပြဖို့ ကြိုးစားကြရသည်။ အားကောင်းချက်နှင့် အားနည်းချက်တွေကို သုံးသပ်ကြရသည်။ သစ်တောကြီးတစ်ခုလုံးအရေးလား၊ သစ်ပင်တစ်ပင်ချင်းအရေးလားဆိုသည်ကို ခွဲခြမ်းစိတ်ဖြာပြကြရသည်။ သီးခြားဖြစ်စဉ်နှင့် ထူးခြားချက်များကို မှတ်ချက်ပေးကြရသည်။ လူထုအသံအစစ်လား၊ ပယောဂသံတွေလား၊ ကိုယ်စားပြုမှုအမှန်လား ဆိုသည်ကို ဆန်းစစ်ကြရသည်။ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးဆိုသည်မှာ ဘုရားသခင်က ပေးခြင်းဖြစ်ပြီး အခြားမိတ်ဆွေနိုင်ငံများနှင့် ဆက်ဆံရေးမှာမူ မိမိ၏ ရွေးချယ်မှုနှင့် သက်ဆိုင်သည်။ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးဘဝမှာ သိမ်မွေ့ပါသည်။ စိတ်ကောက်၍ သို့မဟုတ် မသင့်တင့်၍ ခွဲခွာနေရခြင်းမျိုးလုပ်မရပေ။

(၃)

အနုပညာနှင့် လူမှုရေးဘဝ မျက်နှာစာတွင် 'အလှအပတန်ဖိုးနှင့် အသုံးချတန်ဖိုး' ဟူသော သတ်မှတ်ချက်ရှိသည်။ အလှအပတန်ဖိုးကိုချည်း ကိုးကွယ်နေမှာလား၊ အရာရာကို အသုံးချတန်ဖိုးအဖြစ်ပဲ သတ်မှတ်ဆက်ဆံနေမှာလား ဆိုသည်ကို စဉ်းစားကြဖို့လိုသည်။ အဓိကမှာ အစွန်းမရောက်ကြဖို့လိုပါသည်။ အသုံးချမှုတန်ဖိုးနှင့် အလှအပတန်ဖိုးကို သဟဇာတဖြစ်အောင် ဆောင်ရွက်ကြဖို့လိုပါသည်။

မြစ်ဆုံစီမံကိန်း၏ အဓိကပြဿနာမှာ ယခင်မှားယွင်းသောအုပ်ချုပ်ရေးစနစ်၏ ပွင့်လင်းမြင်သာမှုမရှိခြင်းများမှ ထင်ဟပ်ချက်များဖြစ်ပါသည်။ အန္တိမကျသော ဆုံးဖြတ်ချက်ဟူသည် မရှိနိုင်ပေ။ ရှဉ်လည်း လျှောက်သာ၊ ပျားလည်းစွဲသာ၊ Win Win Situation သို့မဟုတ် နှစ်ဖက်လုလမ်းကြောင်းကို လျှောက်ကြဖို့ သင့်ပြီထင်ပါသည်။ နိုင်ငံအတွက် အကျိုးရှိမည့် အခြားသောရွေးချယ်မှု alternative ကို ထပ်မံရှာဖွေဖို့ သင့်မည်ထင်ပါသည်။ အကျပ်အတည်းနှင့် စိန်ခေါ်မှုများမှ ထွင်းဖောက်၍ အခွင့်အလမ်းကောင်းကို ရှာကြဖို့ အချိန်တန်ပြီထင်ပါသည်။ သောင်မတင် ရေမကျအခြေအနေကို ဖြစ်ပေါ်စေသော တရားသေဆင်ခြေဆင်လက်များသည် သိပ္ပံနှင့် နည်းပညာတိုးတက်နေသော ယနေ့ကာလအဖို့ အကျိုးရှိတော့မည်မဟုတ်ပေ။

ဒီမိုကရေစီဆိုသည်မှာ စေ့စပ်ညှိနှိုင်းခြင်း၊ အပေးအယူအလျှော့အတင်းပြုလုပ်ခြင်းဖြင့် နှစ်ဖက်အကျိုးတူဖြစ်အောင် လုပ်ရသောစနစ်ဖြစ်ပါသည်။

■ ■ ■

www.free4readers.com




# ဗဟိုကော်မတီ အစည်းအဝေးအကြောင်း တစေ့တစောင်း (၃)

အယ်ဒီတာတစ်ဦး

(၁)

ဗဟိုလုပ်ငန်းအဖွဲ့များထဲက လွှတ်တော်ကိုယ်စားလှယ်တိုင်ကြားစာဌာနက တင်သွင်းတဲ့ အစီရင်ခံစာဟာ တက်ရောက်လာကြတဲ့ ပြည်နယ်/တိုင်းဗဟိုကော်မတီဝင်တွေ စိတ်ဝင်စားခံရတဲ့ အစီရင်ခံစာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်နဲ့ သက်ဆိုင်ရာပါတီ အလုပ်အမှုဆောင်အဖွဲ့ဝင်များအကြား ပူးပေါင်းဆောင်ရွက်မှု၊ ညှိနှိုင်းမှုအားနည်းခြင်းကြောင့် ဖြစ်တယ်လို့ ပဏာမအားဖြင့် ဖွင့်ဆိုထားပါတယ်။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်က မိမိမဲဆန္ဒနယ်မြေကိုလှည့်လည်သွားရောက်ရန် ပျက်ကွက်ခြင်း၊ ပြည်သူများနဲ့ ဆက်ဆံရာမှာ မောက်မာခြင်း၊ အုပ်ချုပ်ရေးပိုင်းက လုပ်ရမယ့် အလုပ်တွေကို စွက်ဖက်ခြင်း၊ အထူးသဖြင့် စည်ပင်သာယာရေးဥပဒေများ၊ တည်ဆဲဥပဒေများနဲ့ လုပ်ထုံးလုပ်နည်းတွေကို သေသေချာချာနားမလည်ခြင်းတို့ကိုလည်း ထောက်ပြထားပါတယ်။

"ငွေကြေးသုံးစွဲမှုကို စာရင်းမရှင်းခြင်း၊ အဖွဲ့ချုပ်ရုံးခန်းအတွင်းတွင် အရက်သေစာသောက်စားခြင်း၊ မူးယစ်ရမ်းကားခြင်းစသောအကြောင်းများကြောင့်လည်း အများဆုံးတိုင်ကြားခံရကြောင်း တွေ့ရှိရပါသည်" လို့ ကောက်ချက်ချထားပါတယ်။

တိုင်ကြားစာဌာနဟာ မိမိတို့ထံရောက်ရှိလာတဲ့တိုင်ကြားစာ၊ ဓာတ်ပုံ၊ ဗီဒီယိုဖိုင်၊ အသံဖိုင်၊ လူသက်သေတွေကို ပထမဆုံးစစ်ဆေးပါတယ်။ သက်သေမခိုင်လုံရင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ထံ တင်ပြပြီး အမှုပိတ်သိမ်းပါတယ်။ တိုင်ကြားသူမှာ မိမိတိုင်ကြားမှုအပေါ် ခိုင်လုံကြောင်း သက်သေပြရပါတယ်။ တိုင်ကြားခံရသူရဲ့အကြောင်းပြချက်နဲ့ သူ့ဘက်က တင်ပြတဲ့ သက်သေများကိုလည်း စစ်ဆေးရပါတယ်။ တိုင်ကြားမှုမှန်ကန်ခြင်းမရှိရင်တော့ တိုင်ကြားခံရသူကို သံသယအကျိုးခံစားခွင့်ပြုပါတယ်။

"သို့ရာတွင် တိုင်ကြားခံရသူသည် အဂတိလိုက်စားကြောင်း ကျော်စောနေပါက ပါတီ၏ ပုံရိပ်ထိခိုက်ခြင်းမရှိစေရေးအတွက် တစ်မျိုးတစ်ဖုံ လုပ်ဆောင်ရန် လိုအပ်မည်ဖြစ်ပါသည်။ လိမ်လည်တိုင်တန်းခြင်း၊ မမှန်ကန်ကြောင်း ဖြေရှင်းသိရှိပြီးဖြစ်ပါလျက်နှင့် တိုင်ကြားခြင်း၊ ပါတီအတွင်း ညီညွတ်ရေးပျက်ပြားစေရန် ကြံစည်လုပ်ဆောင်ခြင်းတို့အတွက် တိုင်ကြားသူကို ပြန်လည်အရေးယူခဲ့ခြင်းများလည်း ရှိပါတယ်" လို့ သမာသမတ်ကျကျအစီရင်စာမှာ ထည့်သွင်းထားပါတယ်။ တစ်ဆက်တည်းမှာပဲ အဖွဲ့ချုပ်အဖွဲ့ဝင်တစ်ဦးရဲ့ လူမှုရေးဖောက်ပြန်မှုအကြောင်း တိုင်ကြားမှုအပေါ် တွေ့ရှိချက်နဲ့ သုံးသပ်ချက်ကို ဖော်ပြထားပါတယ်။

"နိဂုံးချုပ်အားဖြင့် တိုင်ကြားစာစိစစ်ရေးဌာနသည် အပြစ်ရှာအရေးယူရေးထက် ပြန်လည်ပြင်ဆင်နိုင်ခွင့်ပေးအပ်ရေးကို အဓိကထားလုပ်ဆောင်နေခြင်းဖြစ်ပါသည်။ တိုင်ကြားလာသောစာများနှင့်ပတ်သက်၍ အချက်အလက်မှန်ကန်မှုရှိ မရှိကိုသာ အဓိကဖော်ထုတ်ပြီး ဗဟိုအလုပ်အမှုဆောင်အဖွဲ့ထံ သုံးသပ်တင်ပြပါသည်" လို့ မှတ်ချက်ပြထားပါတယ်။

(၂)

ဗဟိုစီးပွားရေးကော်မတီရဲ့ အစီရင်ခံစာကတော့ ဒီကနေ့မြန်မာနိုင်ငံရဲ့ စီးပွားရေးစိန်ခေါ်မှုတွေအပေါ် သုံးသပ်ထားတဲ့အစီရင်ခံစာဖြစ်ပါတယ်။ စီးပွားရေးကော်မတီရဲ့သုံးသပ်ချက်တွေဟာ စီးပွားရေးဖြစ်စဉ်အပေါ် ပကတိအတိုင်းရဲရဲဝံ့ဝံ့ဖော်ပြထားတာဖြစ်တဲ့အတွက် ခေါင်းတော်ညိတ်၊ စိတ်တော်သိ အစီရင်ခံစာတော့မဟုတ်ပါဘူး။

NLD ဗဟိုစီးပွားရေးကော်မတီဟာ အပြည်ပြည်ဆိုင်ရာငွေရေးကြေးရေးအဖွဲ့အစည်း (IMF)၊ ကမ္ဘာ့ဘဏ်အုပ်စု (World Bank Group)၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၊ ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) အပါအဝင် နိုင်ငံတကာ နိုင်ငံရေးဝါရင့်ပုဂ္ဂိုလ်များ၊ သံတမန်များ၊ လွှတ်တော်ရေးရာကော်မတီများ၊ ကုန်သည်အသင်းများနဲ့ အရပ်ဘက်အသင်းအဖွဲ့များကို တွေ့ဆုံပြီး စီးပွားရေးဆိုင်ရာကိစ္စရပ်များကို ၃၃ ကြိမ်ခန့် ၆လအတွင်း ဆွေးနွေးခဲ့ကြတယ်လို့ အစီရင်ခံထားပါတယ်။

ဆွေးနွေးရာမှာ မူဝါဒရေးရာများ၊ နိုင်ငံတကာနဲ့ မြန်မာ့စီးပွားရေးအခြေအနေ၊ စိန်ခေါ်မှုနဲ့ အခွင့်အလမ်းများ၊ ဘဏ္ဍာရေး၊ ငွေရေး ကြေးရေး၊ ရင်းနှီးမြှုပ်နှံမှု၊ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်တွေ ပါဝင်ခဲ့ကြပါတယ်။

ဒါ့အပြင် LNG သုံးဓာတ်အားပေးစက်ရုံများတည်ဆောက်ရေးနဲ့ လျှပ်စစ်ဓာတ်အားပိုမိုရရှိရေး၊ မြန်မာနိုင်ငံအတွင်း ငွေရေးကြေးရေး၊ ဈေးကွက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပေးနိုင်မယ့်နည်းလမ်းများကိုလည်း ဆွေးနွေးခဲ့ကြပါတယ်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍတိုးတက်ဖွံ့ဖြိုးရေး (၂၀၁၈-၂၀၂၃) ၅ နှစ်စီမံကိန်းရဲ့ မဟာဗျူဟာဦးတည်ချက်များ၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကြမ်း၊ Euro Chamber of Commerce နဲ့ 2017 White Book ပါ မြန်မာ့စီးပွားရေးအခြေအနေများကို အပြန်အလှန်ဆွေးနွေးခဲ့ကြပါတယ်။

စီးပွားရေးကော်မတီက "လက်တွေ့စီးပွားရေးအခြေအနေမှာ တိုးတက်မှုတုံ့ဆိုင်းနှေးကွေးလျက်ရှိသော်လည်း သက်ဆိုင်ရာဌာနများ၏ စာရင်းဇယားအရ ယခင်နှစ်ကထက် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် နိုင်ငံခြားပို့ကုန်မှ ရငွေတိုးတက်လာပြီး ကုန်သွယ်မှုလိုငွေလျော့နည်းကျဆင်းလာတာကိုတွေ့ရပါတယ်" လို့ ဖော်ပြထားပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမျှော်လင့်သကဲ့သို့ စီးဝင်လာခြင်းမရှိတဲ့ အဓိကအကြောင်းရင်းကိုလည်း စိစစ်သုံးသပ်ထားပါတယ်။ "(က) မူဝါဒများကို ရင်းနှီးမြှုပ်နှံသူများ၊ လုပ်ငန်းရှင်များနဲ့ ပြည်သူလူထုသိရှိအောင် ဆောင်ရွက်နိုင်မှုအားနည်းခြင်း၊ (ခ) သက်ဆိုင်ရာဌာနများအနေဖြင့် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရှင်းလင်းတိကျသည့် တာဝန်နှင့် လုပ်ငန်းစဉ်များချမှတ်လုပ်ကိုင်ရန် အားနည်းခြင်း၊ (ဂ) ရင်းနှီးမြှုပ်နှံရန် လုပ်ငန်းစီမံကိန်းများ ခွင့်ပြုရရှိရေးအတွက် ဆုံးဖြတ်ချက်များကို ကြာရှည်စွာ စောင့်ဆိုင်းနေရခြင်း၊ (ဃ) လုပ်ငန်းလုပ်ဆောင်ရန် လွယ်ကူမှုနှင့် ကြိုတင်ခန့်မှန်းတွက်ချက်နိုင်မှု နိမ့်ကျခြင်း၊ (င) ကျွမ်းကျင်လုပ်သားရှားပါးခြင်း၊ (စ)၊ အခွန်ကောက်ခံမှုစနစ် အားနည်းနေသေးခြင်းတို့ကြောင့် ဖြစ်ပါတယ်" လို့ ကောက်ချက်ချခဲ့ပြီး ပြည်သူလူထုပူးပေါင်းပါဝင်မှုနဲ့ အစိုးရအဖွဲ့အစည်းများအကြား ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှုအားနည်းနေခြင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုကင်းမဲ့ခြင်း၊ ခေတ်အဆက်ဆက်ရဲ့ ယိုယွင်းနေတဲ့အတွေးအခေါ်နဲ့ အရှည်အသွေးညံ့ဖျင်းတဲ့ ဗျူရိုကရေစီယန္တရား၊ နက်ရှိုင်းစွာ အမြစ်တွယ်နေတဲ့ အကျင့်ပျက်ခြစားမှုများကြောင့် ပြဿနာများနဲ့ ကြုံတွေ့ခဲ့ရပြီး ပြည်သူလူထုရဲ့ယုံကြည်မှုနည်းပါးလာခဲ့တယ်လို့ သတိပေးခဲ့ပါတယ်။

ပြည်ထောင်စုအစိုးရနဲ့ ပြည်နယ်၊ တိုင်းအစိုးရများအကြား ချိတ်ဆက်ညှိနှိုင်းကြရန် လိုအပ်နေပြီး အစိုးရဌာနများနဲ့ ဆက်သွယ်ရာမှာ ဆုံးဖြတ်ရဖို့ အချိန်အကြာကြီး စောင့်ဆိုင်းနေရဲ့ရတယ်။ ဆက်သွယ်လုပ်ဆောင်ရမယ့်ကိစ္စတွေအပေါ် တိကျတဲ့အစီအစဉ်လမ်းညွှန်မှုကလည်း မရှိဘူး။ အစိုးရဌာနများမှာ ကြိုးနီစနစ် ဆက်လက်တည်ရှိနေဆဲဖြစ်တယ်လို့ ဆိုပါတယ်။

စီးပွားရေးကော်မတီက "လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာမှာ သက်ဆိုင်ရာဌာနရဲ့ လုပ်ငန်းတွေကို ပါတီက ဝင်ရောက်စွက်ဖက်မှုကင်းရှင်းရမှာဖြစ်ပါတယ်။ သို့သော် မူဝါဒများချမှတ်ရာမှာတော့ ပါတီနဲ့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ဖို့ လိုပါတယ်" လို့ အကြံပြုထားပါတယ်။

ဆက်လက်ပြီး ပြည်နယ်နဲ့ တိုင်းများက ဗဟိုကော်မတီအဖွဲ့တွေရဲ့ စိတ်ဝင်စားစရာ အစီရင်ခံစာတွေကို တင်ပြပါဦးမယ်။ ■

## မြစ်လမ်း

မုန်တိုင်းလှိုင်းထဲ ဖြတ်လျှော်မိမှတော့
တိမ်ပြာသောနေ့အကြောင်းကို
မဖွဲ့ဆိုနိုင်ခဲ့ဘူး
ရောမမြို့ကြီးကိုလည်း
ရောက်ခဲ့ပြီးပြီ
မိုးခါးရည်ကိုလည်း
သောက်ခဲ့ပြီးပြီ။

လေ့ထုံးအဟောင်းများ
ရေလိုက်ငါးလိုက်လမ်းစဉ်များ
မျက်ကန်းယုံကြည်မှုများ
ထားသင့်တာလား၊ သွားသင့်တာသွား
ထားပြီးသွားမှ ရောက်မယ့်ခရီး
အငြင်းပွားအချင်းများရုံမျှမပြီးတဲ့အကြောင်း
ရေရွတ်တမ်းတလိုချင်ရုံမျှမပြီးတဲ့အကြောင်း
လှေလောင်းတို့၊ ရေကြောင်းမှာ
နေမစောင်းမီ ပြင်ကြစို့။ ။

ခိုင်မျိုး



www.free4readers.com




# တိုင်းရင်းသားလူမျိုးများစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်သို့ ဒုတိယသမ္မတ တက်ရောက်အမှာစကားပြော

တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်ကို ဇန်နဝါရီလ (၁၈) ရက်က နေပြည်တော်၊ မင်္ဂလာသီရိဟိုတယ်တွင် ကျင်းပရာ နိုင်ငံတော်ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

အခမ်းအနားတွင်ဒုတိယသမ္မတက ယနေ့ကျင်းပသည့် ဖိုရမ် သည် တိုင်းရင်းသားများ၏ အသိအမြင်နှင့် ဗဟုသုတများရရှိဖော်ထုတ်နိုင်စေရန် ကျင်းပခြင်းဖြစ်၍ အလွန်တန်ဖိုးရှိသည့် ဖိုရမ်ဖြစ်ကြောင်း၊ တိုင်းရင်းသား လူမျိုးများသည် အများအားဖြင့် နယ်စပ်ဒေသတစ်လျှောက်နှင့် တောင်ပေါ်ဒေသများတွင် အများဆုံးနေထိုင်ကြပြီး တိုင်းရင်းသားအများစုနေထိုင်သည့်တောင်တန်းဒေသများသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး တစ်နေရာ နှင့် တစ်နေရာ လွယ်ကူစွာသွားလာရန် အခက်အခဲများရှိနေသေးသဖြင့် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရန် အခြေအနေဖန်တီးခွင့်နည်းပါးကြောင်းနှင့် တိုင်းရင်းသား ပြည်သူများအနေဖြင့် ဝိုင်းဝန်းအဖြေရှာရန် လိုအပ်မည် ဖြစ်ကြောင်း၊ မည်သည့်အခက်အခဲမည့်သည့်စိန်ခေါ်မှုမျိုးကိုမဆို တိုင်းရင်းသားအားလုံး စည်းလုံး ညီညွတ်စွာဖြင့် ဝိုင်းဝန်းကြိုးပမ်း ဖြေရှင်းကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားဒေသများတွင် နယ်မြေဒေသတည်ငြိမ်အေးချမ်းသာယာရေးကို ဦးစားပေး ဆောင်ရွက်နေပြီး အတွေးအမြင်မတူသည်များကိုဘေးဖယ်ထား၍ တူညီသည်များကို စုစည်းကာ ရှေ့ဆက်ဆောင်ရွက်ရခြင်းများရှိသကဲ့သို့မတူညီသော်လည်း ပေါင်းစပ် ဆောင်ရွက်နိုင်ကြောင်း အဓိကအရေး ကြီးသည့် ငြိမ်းချမ်းရေးရရှိလာပါက ကောင်းမွန်သည့်အုပ်ချုပ်စီမံမှု၊ လမ်းညွှန်မှုများနှင့် မှုမှုတတ ဆောင်ရွက်လျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မွန်ပြည်နယ် ပအိုဝ်း တိုင်းရင်းသားလူ မျိုးရေးရာဝန်ကြီး ဒေါ်စံဝင့်ခိုင်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားခဲ့သည်။

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က တိုင်းရင်းသားတို့၏ လူမှုစီးပွားဘဝများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နယ်မြေတည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိမှသာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် တိုင်းရင်းသား လူမျိုးများ၏ ရှုထောင့်များ၊ ဆန္ဒများ၊ မျှော်မှန်းချက်များ၊ ယဉ်ကျေးမှုများနှင့် ထုံးတမ်းအစဉ်အလာများကိုအလေးထား ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ တိုင်းရင်းသားဒေသများရှိတောင်သူလယ်သမားများ၊ အလုပ်သမား များ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အခြေခံလိုအပ်ချက်များကိုဖြည့်ဆည်းနိုင်မှသာ တိုင်းရင်းသားတို့၏ လူမှုစီးပွားဘဝများ စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်ကြောင်းနှင့် တိုင်းရင်းသား လူမျိုးများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို တစ်ချိန်တည်း တစ်ပြိုင်တည်း ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင် ပါမောက္ခဒေါက်တာအောင်ထွန်းသက် က တိုင်းရင်းသားလူမျိုးတို့၏ စီးပွားရေးဆိုင်ရာ အချက်အလက်များ စာတမ်းနှင့်တိုင်းရင်းသားသယံဇာတခွဲဝေအသုံးချမှု စာတမ်းကိုလည်းကောင်း၊ Burma News International မှ အမှုဆောင်ဒါရိုက်တာ ဦးသန်းမြင့်က ငြိမ်းချမ်းရေးနှင့် တိုင်းရင်းသား မီဒီယာစာတမ်းကိုလည်းကောင်း ဖတ်ကြားကြပြီး အဆိုပါ စာတမ်းများကိုသက်ဆိုင်ရာ ကဏ္ဍအလိုက်တာဝန်ရှိသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါဖိုရမ်ကို ဇန်နဝါရီ ၁၉ ရက်ထိ (၂) ရက်ကြာ ကျင်းပခဲ့ပြီး အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒေါက်တာ ဝင်းမြတ်အေးနှင့် နိုင်သက်လွင်၊ ငြိမ်းချမ်းရေး ကော်မရှင်အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ဒေသများမှ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ NGO၊ INGO အဖွဲ့များမှ ကိုယ်စားလှယ် များ၊ နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့သည်။

သက်အောင်-ပုလဲ

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ပုဏ္ဏားကျွန်းမြို့နယ် ဌာနဆိုင်ရာများနှင့် တွေ့ဆုံ




ရခိုင်ပြည်နယ် ဝန်ကြီးချုပ်ဦးညီပု၊ လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးအောင်ကျော်ဇံနှင့်အဖွဲ့သည် ဇန်နဝါရီ ၁၅ ရက် နံနက် ၈နာရီက ပုဏ္ဏားကျွန်းမြို့ မြို့နယ်ခန်းမ၌မြို့နယ်ဌာနဆိုင်ရာ အကြီးအကဲများ စည်ပင်သာယာရေးကော်မတီဝင်များနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

တွေ့ဆုံရာတွင်ပြည်နယ်ဝန်ကြီးချုပ်ဦးညီပုကပြည်သူတွေကို ဗဟိုပြုပြီးပြည်သူတွေအကျိုးစီးပွားရရှိစေမည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို ဌာနဆိုင်ရာများနှင့် သီးခြားတွေ့ဆုံခဲ့တာဖြစ်ပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြီးခဲ့တဲ့နှစ်တွေမှာလည်းဒေသ ဖွံ့ဖြိုးရေးကိစ္စတွေကိုလက်တွေ့ကျကျ ဆောင်နိုင်ပြီးဖြစ်ပါကြောင်း၊ ယခုနှစ်တွေမှာလည်းပြည်နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲတွေနဲ့ညှိနှိုင်းပေါင်းစပ်ပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို အစွမ်းကုန်ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ မြို့နယ်ဌာနဆိုင်ရာအခက်အခဲတွေကိုလည်းပွင့်ပွင့်လင်းလင်းဖြင့် အကောင်းဘက်ကိုရှေ့ရှုပြီး ဆွေးနွေးပေးစေလိုပါကြောင်းမှာကြားသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းဌေးက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ဌာနဆိုင်ရာအလိုက်လုပ်ငန်းများ အောင်မြင်ပြီးစီးမှုနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်းလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေ မှုများကို ရှင်းလင်းတင်ပြသည်။

# ကချင်ပြည်နယ် စိုက်/မွေးဝန်ကြီး ကျေးလက်သောက်သုံးရေရရှိရေး စစ်ဆေး



ကချင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဦးမြသိန်းသည် လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ဇန်နဝါရီ ၁၄ ရက်က ပူတာအိုမြို့နယ်အတွင်း နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့် ဆောင်ရွက်နေသော ကျေးလက်သောက်သုံးရေ ရရှိရေး စီမံစမ်းရေသွယ်ယူခြင်းလုပ်ငန်းကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပူတာအိုခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစောသီဟနှင့် တာဝန်ရှိသူများ လိုက်ပါ၍ မြို့နယ်အတွင်းရှိ ရီကျော်ဒီကျေးရွာနှင့် မူလာရိုးဒီကျေးရွာတို့တွင် ဒေသခံကျေးရွာပြည်သူများ သောက် သုံးရေ ရရှိစေရန် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြီးကြပ်၍ စီမံစမ်းရေသွယ်ယူခြင်းလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးသွားပါက အိမ်ခြေ ၄၃၇ လုံးမှ လူဦးရေ ၂,၅၃၅ ကျော် အနေဖြင့် သောက်သုံးရေ ဇုလုံစွာ သုံးစွဲနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

လင်းလက်နေ(ငါန်းဒွန်)

www.free4readers.com



# အမှတ်တရစာအုပ်

မောင်ရိုး

၂၀၁၈၊ ဇန်နဝါရီ ၆ ရက်က သခင်အုန်းမြင့်အနှစ် ၁၀၀ ပြည့်မွေးနေ့အထိမ်းအမှတ်ကို အင်းလျားကန်၊ ကန်ဖျားကျောင်းတိုက်မှာ ကျင်းပခဲ့တယ်။ မွေးနေ့နှစ် ၁၀၀ ပြည့်တွေမှာတော့ မွေးနေ့ဂုဏ်ပြုတဲ့ပရိသတ်အလာဆုံးပွဲဖြစ်ပါလိမ့်မယ်။ အဲဒီမွေးနေ့အခမ်းအနားအတွက် သခင်အုန်းမြင့် နှစ် ၁၀၀ ပြည့်မွေးနေ့အထိမ်းအမှတ်ဆိုတဲ့ အမှတ်တရစာအုပ်လည်း ထုတ်ဝေဖြန့်ချိပါတယ်။ ရာပြည့်အထိမ်းအမှတ်စာအုပ်တွေထဲမှာလည်း ဒီစာအုပ်ဟာ အခမ်းနားဆုံး၊ အသပ်ရပ်ဆုံးနဲ့ လူစုံတက်စုံအရေးဆုံးစာအုပ်လို့လည်း ပြောချင်ပြောလို့ရပါတယ်။ ဒါပေမဲ့ မွေးနေ့ နှစ် ၁၀၀ ပြည့်အခမ်းအနားလုပ်တဲ့အခါ အမှန်တကယ်မွေးတဲ့မွေးနေ့၊ မွေးရက်၊ မွေးလနဲ့ မကိုက်ညီတာကို တွေ့ရတယ်။ အဲဒီစာအုပ်ထဲမှာပဲ သခင်အုန်းမြင့် 'ကိုယ်ရေးအကျဉ်း' ဖော်ပြထားရာမှာ သခင်အုန်းမြင့်ဟာ ၁၉၁၈၊ ဧပြီ ၂၈ ရက် မွေးလို့ ရေးသားဖော်ပြထားလို့ပါပဲ။ သူ့ရဲ့နှစ် ၁၀၀ ပြည့်မွေးနေ့ဟာ ၂၀၁၈၊ ဧပြီ ၂၈ ရက်ဖြစ်ရမှာပါ။ ဒါပေမဲ့လည်း အခမ်းအနားကိုအဆင်ပြေသလို မွေးနေ့နဲ့ မွေးလမကိုက်တောင် မွေးနှစ်နဲ့ ကိုက်အောင် ကျင်းပလိုက်ပုံရပါတယ်။ ရေးချင်တာက မွေးနေ့အကြောင်းထက် သခင်အုန်းမြင့် နှစ် ၁၀၀ ပြည့်မွေးနေ့အထိမ်းအမှတ်စာအုပ်အကြောင်း ရေးချင်တာပဲဖြစ်တယ်။ အဲဒီစာအုပ် ကျွန်တော့်ဆီရောက်လာတဲ့အခါ လှန်လှောကြည့်ရှုရင်းနဲ့ ကျွန်တော်သခင်အုန်းမြင့်ကို ဂျာနယ်တစ်စောင်မှာ ထည့်ဖို့ အင်တာဗျူးခဲ့တဲ့ အင်တာဗျူးလည်း ပါလာတာတွေ့ရတယ်။ မေ့သလောက်လည်း ရှိနေပါပြီ။ 'ရွှေဝါရောင်တော်လှန်ရေး' မတိုင်ခင်က ထုတ်ဝေတဲ့ မြန်မာနေရှင်းဂျာနယ်က ကျွန်တော့်ကို တာဝန်ပေးပြီး အင်တာဗျူးခိုင်းစဉ်က အင်တာဗျူးခဲ့တဲ့ ဆောင်းပါးပါပဲ။ အဲဒီတုန်းက ဂျာနယ်ကိုထုတ်ဝေတဲ့ အယ်ဒီတာက ကိုသက်ဇင်၊ ဂျာနယ်ကိုစီမံခန့်ခွဲကြီးကြပ်တာကလည်း ကိုသက်ဇင်ပဲ။ ရွှေဝါရောင်မှာ ပါဝင်ပတ်သက်ခဲ့လို့ သူ့ကိုဖမ်းပြီး ထောင်ထဲသွင်းလိုက်တယ်။ ထောင် ၇ နှစ်ချလိုက်သလား။ ၅ နှစ်ချလိုက်သလားတော့ ကျွန်တော်လည်း မမှတ်မိတော့ဘူး။ အဲဒီအထဲမှာ 'ဂျာနယ်ကျော်နှင့် တိုးတက်ရေးအုန်းမြင့်' ဆိုတဲ့ သခင် အုန်းမြင့်' ဆိုတဲ့ သခင်အုန်းမြင့်နဲ့ အင်တာဗျူးပါတယ်။ အဲဒီအင်တာဗျူးရဲ့နိဒါန်းမှာ-

"ဒေါ်ဒေါ်(လူထုဒေါ်အမာ)က သူ့ကို မောင်အုန်းမြင့်ဟု ခေါ်သည်။ ဆရာတာရာက သူ့ကို ကိုအုန်းမြင့်ဟုခေါ်သည်။ ဆရာတိုက်စိုးကလည်း ကိုအုန်းမြင့်ဟုပင် ခေါ်သည်။ ကျွန်တော်တို့ကတော့ အန်ကယ်ဟုခေါ်သည်။ အန်ကယ်ဦးအုန်းမြင့်ဟုလည်း ခေါ်သည်။ အဘဦးအုန်းမြင့်ဟုလည်း ခေါ်သည်။ ကွယ်လွန်သွားတဲ့ ကျွန်တော်တို့ မိတ်ဆွေကြီးရှေ့နေ ကိုခင်မောင်အေးကတော့ အန်ကယ်ဟုခေါ်သည်။ သူက စာရေးသည့်အခါ 'တိုးတက်ရေးအုန်းမြင့်' ဟူသောကလောင်နာမည်ဖြင့် ရေးသည်။ သူ့ဆရာဂျာနယ်ကျော် ဦးချစ်မောင်က မောင်အုန်းမြင့်ဟူ၍ပင် သူ့ချစ်တပည့်ကို တရင်းတနှီးခေါ်လေသည်။ စင်စစ်အန်ကယ်ဦးအုန်းမြင့်မှာ သမိုင်းတွင်ထင်ရှားခဲ့သော 'ဂျာနယ်ကျော်' ဂျာနယ်ကို ဦးချစ်မောင်နှင့်အတူ မွေးဖွားပေးခဲ့သူဖြစ်ပေသည်။ ယနေ့ခေတ်ဂျာနယ်တို့၏ ရှေ့ဆောင်၊ ယနေ့ခေတ်ဂျာနယ်များစံထားရမည့်ဂျာနယ် 'ဂျာနယ်ကျော်' ကို မွေးဖွားခဲ့သည့်အကြောင်းကို အန်ကယ်ဦးအုန်းမြင့်နှင့် ဆရာဂျာနယ်ကျော်ဦးချစ်မောင်တို့သာ အသိဆုံးဖြစ်သည်။ ဦးအုန်းမြင့်သည် ဂျာနယ်ကျော် ဦးချစ်မောင်၏ တပည့်ရင်းဖြစ်၏။ ကျောင်းဆရာ ဦးချစ်မောင်၏ ငယ်တပည့်ကျောင်းသားဖြစ်သလို သတင်းစာပညာကိုလည်း ဦးချစ်မောင်ထံမှပင် သင်ယူခဲ့လေသည်။ ထိုသို့ဂျာနယ်ကျော်ဦးချစ်မောင်၏ တပည့်၊ ဂျာနယ်ကျော်ကို စတင်ခဲ့သူ၊ တိုးတက်ရေးသတင်းစာကို ထုတ်ဝေခဲ့သူ၊ လူထု ဦးလှနှင့် ရင်းနှီးခဲ့သူ၊ ဦးသိန်း(ဇဝန)နှင့်လည်း အလွန်ခင်မင်ခဲ့သူ၊ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲများတွင် ဦးဆောင်ခဲ့သူများနှင့် ခင်မင်ရင်းနှီးခဲ့သလို သူတို့နှင့်အတူ လက်တွဲ၍ လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့သူ၊ တိုးတက်ရေးဦးအုန်းမြင့်နှင့် မြန်မာနေးရှင်းက တွေ့ဆုံပြီး ဂျာနယ်ကျော်ဖြစ်စဉ်နှင့် သမိုင်းဖြစ်ရပ်တချို့ကို မေးမြန်းခဲ့ပါသည်။ ယခုအသက် ၈၉ နှစ်ရှိပြီဖြစ်သော အန်ကယ်ဦးအုန်းမြင့်က သူပါဝင်သိရှိခဲ့သမျှကို အတတ်နိုင်ဆုံးမှတ်မိသမျှ ပြောပြခဲ့ပါသည်။"

သခင်အုန်းမြင့်နိုင်ငံရေးလောက၊ စာပေလောကထဲရောက်လာရတဲ့သူ့ဆရာရင်းက ဂျာနယ်ကျော်ဦးချစ်မောင်ဖြစ် တဲ့အကြောင်း၊ သူ့ပထမဆုံးစာပေလောကရောက်တာဟာ 'ဂျာနယ်ကျော်' နဲ့အတူ မွေးဖွားခဲ့တာဖြစ်တဲ့အကြောင်း သခင်အုန်းမြင့်က

"ဂျာနယ်ကျော်ရဲ့အင်္ဂလိပ်နာမည်က Weekly Thunderer ဝိကလီးသန်ဒါရာလို့ခေါ်တယ်။ အဓိပ္ပာယ်ကတော့ တစ်ပတ်တစ်ခါ မိုးခြိမ်းသံပေ့ါဗျာ။ ဗြိတိသျှနယ်ချဲ့သမားတွေကို မိုးခြိမ်းသလို သတိပေးတိုက်ခိုက်နေမယ့်ဂျာနယ်ပေ့ါ။ ဆရာချစ်မောင်က အဲဒီလိုရည်ရွယ်ချက်နဲ့ ဂျာနယ်ကို ထုတ်တာပဲ"လို့ဖြေထားတဲ့အင်တာဗျူးကိုပြန်ဖတ်လိုက်ရတယ်။ ဒီစာအုပ်ရဲ့အထူးခြားဆုံးကတော့ သခင်အုန်းမြင့်ကို ဦးလေးအရင်းလို ချစ်ခင်အားကိုးတဲ့နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့ သခင်အုန်းမြင့်ကလည်း တူမအရင်း၊ သမီးအရင်းလိုသံယောဇဉ်ကြီးတဲ့ဒေါ်အောင်ဆန်းစုကြည်တို့ရဲ့အကြောင်း ဒေါ်အောင်ဆန်းစုကြည်က မှတ်မှတ်ရရ၊ တမ်းတမ်းတတနဲ့ ရိုးရိုးသားသားရေးလိုက်တဲ့အမှာစာလေးက စာအုပ်ကို ပိုပြီး အသက်ဝင်သွားစေတယ်လို့ ခံစားမိပါတယ်။

သမိုင်းဝင်ပုဂ္ဂိုလ်ကြီးတစ်ဦးရဲ့အကြောင်း၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့အတူ နိုင်ငံရေးဖြတ်သန်းခဲ့သလို ဗိုလ်ချုပ်အောင်ဆန်းရဲ့ အရင်းနှီးဆုံးသူငယ်ချင်း၊ တိုင်ပင်ဖော်တိုင်ပင်ဖက်လို သမိုင်းကို ရေးခဲ့တဲ့ ပြည်သူတစ်ယောက်အဖြစ် သခင်အုန်းမြင့်ဟာ မြန်မာ့နိုင်ငံရေးရဲ့စာမျက်နှာတစ်နေရာမှာ နေရာယူခဲ့သူဖြစ်ပါတယ်။

သခင်အုန်းမြင့် နှစ် ၁၀၀ ပြည့်မွေးနေ့အထိမ်းအမှတ်မှာ အားအရှိဆုံးနဲ့ အမှတ်တရအဖြစ်ဆုံးကတော့ သူ့ရဲ့အမှတ်တရစာအုပ်ကြီးပဲဖြစ်ပါတယ်။ ရဲဘော်တွေကို အမြဲလိုလို ကူညီတတ်သူ၊ ရဲဘော်တွေရဲ့ သာရေး၊ နာရေးဆိုရင်လည်း အမြဲရောက်ပြီး တစ်သားတည်းတစ်သွေးတည်းရှိတာကြောင့် သူ့မွေးနေ့ကို လာတဲ့သူတွေက သူ့ကိုတကယ်ချစ်ခင်ပြီး အမှတ်ရနေတဲ့သူတွေပဲဖြစ်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းတို့၊ သခင်သန်းထွန်းတို့နဲ့အတူနေ၊ အတူစား၊ အတူအိပ် ခင်မင်ရင်းနှီးခဲ့ရာမှ သူလည်း မာ့က်စ်ဝါဒကို ယုံကြည်ခဲ့သူဖြစ်တယ်။ သူ့ကို မိတ်ဆွေရဲဘော်တွေက ဘာကြောင့် ချစ်ကြသလဲ၊ ဘာကြောင့် ရင်းနှီးကြသလဲ ဆိုရင် သူဟာ ဟန်ဆောင်မှုမရှိဘဲ သူနဲ့ ခင်မင်လာသူတိုင်းကို ရင်ထဲက ဟန်ဆောင်မှုမရှိ ပေါင်းသင်းခဲ့၊ တွယ်တာခဲ့လို့ပါပဲ။ ဗိုလ်ချုပ်က သူ့ကိုချစ်တယ်ဆိုတာကလည်း သူကိုယ်တိုင်က ဗိုလ်ချုပ်ကို ဟန်ဆောင်ပြီး ခင်တာမဟုတ်၊ မြှောက်ပင့်ပြီး ပေါင်းတာမဟုတ်တာကြောင့် သူ့စိတ်ရင်းကိုသိပြီး ခင်မင်ခဲ့တာပါပဲ။

သူနဲ့ ဗိုလ်ချုပ်အောင်ဆန်းသံယောဇဉ်ကြီးမားပုံနဲ့ အလွန်ခင်မင်ရင်းနှီးခဲ့ပုံအကြောင်းကို ၁၉၄၇ ခုနှစ်၊ ဩဂုတ် ၉ ရက်က ထုတ်ဝေတဲ့ဂျာနယ်ကျော်ထဲမှာ ယခုလို ရေးထားခဲ့တယ်။

### ခွေးမသား စစ်ထဲဝင်

ထို့နောက်မှာကား ဂျပန်တို့ ဗမာပြည်ဝင်လာသည့်အခါ သူ့အား ဗိုလ်တေဇအဖြစ်နှင့် ပြန်၍ တွေ့ရ၏။ ကျွန်တော်လည်း တောမှ ရန်ကုန်သို့ တက်လာပြီး သူ့အား ဒီဗွန်းကုတ်တွင် စစ်ဝတ်စစ်စားနှင့် တွေ့လိုက်ရသောအခါ သူကကျွန်တော့်အား သုန်သုန်မှုန်မှုန်ကြီးကြည့်နေသည်။ ကျွန်တော်က "ဗိုလ်တေဇနေကောင်းရဲ့လား" ဟု စကားစလိုက်သည်နှင့် တစ်ပြိုင်နက် "ဘာဗိုလ်တေဇလဲ။ ခွေးမသား စစ်ထဲဝင်ရမယ်" ဟု ပြန်၍ နှုတ်ဆက်လိုက်သည်ကို ယခုတိုင်ကြားယောင်လျက်ရှိပါသေးသည်။

ထို့နောက် သခင်အောင်ဆန်း၊ သခင်တင်ဦး (ယခုပြည်သူ့ ဟစ်တိုင်အယ်ဒီတာအဖွဲ့ဝင်) သူရဲဗအေး။(ယခုအောင်လံကွန်မြူနစ်ပါတီခေါင်းဆောင်) တို့ ဂိုးလ်ဒင်းဘဲလ်လီတွင် အတူနေကြသည်။ တစ်နေ့ နံနက် သူ့အိပ်ရာထတွင် ကျွန်တော်က မုံရွာ ထောင်ထဲတွင် ရှိသည့် သခင်သန်းထွန်း၊ သခင်စိုးနှင့် အခြားရဲဘော်များကို သွားထုတ်ရန် လက်နက်နှင့် လူပေးဖို့ ပြောသည့်အခါ "ခွေးမသား မင်းသေချင်သလား၊ သူတို့လည်း သူတို့ဘာသာထွက်လာကြမှာပေ့ါ။ မင်းမသွားရဘူး" ဟု ပြတ်ပြတ်တောက်တောက်ပြောလေသည်။ ကျွန်တော်လည်း အံ့အားသင့်သလို ကြည့်နေစဉ် "ဒီပြင်လူတွေ ကြည့်လွှတ်ပို့မယ်ကွယ်၊ မင်းလိုက်မသွားပါနဲ့" ဟု လေချိုကလေးနှင့် ပြောသံကို ယခုတိုင် နားမှ မထွက်နိုင်၊ မမေ့နိုင်ကြားယောင်လျက်ပင်ရှိပါသေးသည်။

သို့ကျွန်တော့်အပေါ်ကြင်နာစိတ်ရှိသော်လည်း သခင်တင်ဦး၊ သခင်ဘအေး ကျွန်တော်နှင့် သူမျက်နှာချင်းဆိုင်တိုင်း ခွေးမသားတွေ မင်းတို့စစ်တိုက်ရမယ် ဟု အမြဲပြောလေ့ရှိသည်။

### သူနှင့် အရက်

တစ်ညသော် ကျွန်တော်တို့ ဗိုလ်စကြာအိမ်ရောက်သွားကြသည်။ ဗိုလ်စကြာတို့အိမ်တွင်သခင်တင(ယခုလက်ယာစိုက်ပျိုးရေးဝန်ကြီး)၊ နောင်ကြီးလင်း(ကွယ်လွန်သူ သထုံခရိုင်ဝန် သခင်လင်းကြီး) တို့လည်း ရှိရာ အားလုံးကပင်စစ်ဗိုလ်ဆိုရင်အရက်သောက်ရတယ်ဟု ပြောပြောဆိုဆို သခင်အောင်ဆန်းအားဝိုင်း၍ အရက်တိုက်ကြတော့သည်။ ပထမသော် မသောက် ဖွတ်ငြင်းသေးသည်။ နောက်မနေနိုင်တော့၊ စစ်တိုက်မှာပဲ သောက်မယ်၊ ငါသောက်မယ် အဟမ်းဟဲဟဲ ဟုဆိုကာ တစ်ခွက်မော့လိုက်လေသည်။ မော့ပြီးသည်နှင့် တစ်ပြိုင်နက် "မင်းတို့ဉစ္စာမကောင်းဘူး။ နံလည်း နံတယ်။ ပူလည်း ပူတယ်" ဟု မှတ်ချက်ချလေသည်။ ဗိုလ်စကြာ၊ သခင်တင်နှင့် နောင်ကြီးလင်းတို့ ကောင်းမှုကြောင့် သုံး၊ လေးခွက်လောက်သောက်ပြီးသော် သူ့ကို အတင်းတိုက်ရမလားဟု ဆဲသည်။ နောက် "ငါအိမ်ပြန်မယ်" ဟု ပြောပြောဆိုဆိုထပြန်လေသည်။ အိမ်ရောက်သောအခါ "ငါ မူးတယ်၊ အိပ်မယ်" ဟု ပြောကာ အိပ်ရာဝင်လေသည်။ ခဏမျှငြိမ်နေပြီး အိပ်ပျော်သွားပြီဟု ထင်နေစဉ် "ဟေ့ ခွေးမသားအုန်းမြင့်၊ တင်ဦး ငါမူးတယ် အိပ်လို့မရဘူး။ ငါ့အမူးပြေအောင် လုပ်ပေးကြ" ဟု အော်တော့သည်။ ကျွန်တော်တို့ဝင်သွားသောအခါ ဒယိမ်းဒယိုင်ထပြီး "ငါအမူးပြေအောင် လုပ်ပေးကြခွေးမသားတွေ" ဟု တစ်ကြိမ်းတည်း ကြိမ်းနေ၍ "ရေချိုးဗျာ၊ ပျောက်သွားမှာပဲ" ဟု ပြောလိုက်သည်နှင့်တစ်ပြိုင်နက် ဆင့်ကာဆင့်ကာကြိမ်းတော့သည်။ သခင်အောင်ဆန်းမှာ ရေကို ၇ ရက်၊ ၈ ရက်ကြာမှ ချိုးချင်မှ ချိုးသည်။ အမြင်မတော်၍ အခြားလူများက အတင်းချိုးခိုင်းမှ ချိုးတတ်သည့်အလေ့မှာ မပျောက်။ ထို့နောက်မှ သူ့အားသခင်တင်ဦးနှင့် ကျွန်တော်နှစ်ယောက်တွဲ၍ လမ်းလျှောက်နေရတော့သည်။ နောက်တစ်နေ့မနက်တွင် အိပ်ရာထ ခါတိုင်းထက် နောက်ကျပြီး အိပ်ရာမှနိုးလျှင် နိုးချင်း ခွေးမသားတွေ ငါမူးနေသေးတယ် ဟု မနက်ခင်းနှုတ်ဆက်လိုက်လေသည်။

နောက် ဗမာ့တပ်မတော်ဖွဲ့လေပြီ။ သခင်တင်ဦး၊ သခင်ဘအေးနှင့် ကျွန်တော်တို့စစ်ထဲမဝင်၍ "ခွေးမသားတွေစစ်ထဲဝင်ရမယ်" ဟု တစ်ကြိမ်းတည်းကြိမ်းနေသည်။ သခင်အောင်ဆန်းကားစစ်တပ်ကြီးကျယ်မှ လွတ်လပ်ရေးရမည်။ စစ်တပ်ကြီးကျယ်မှ လွတ်လပ်ရေးအစစ်ခိုင်လုံမည်ဟု တစ်ထစ်ချယုံကြည်သည်။ စစ်တပ်ကြီးကျယ်မှုကို ကြိုးစားသည်။ လုပ်ခဲ့သည်"။

ဗိုလ်ချုပ်အောင်ဆန်း၏ စရိုက်၊ ပွင့်လင်းမြင်သာမှု၊ ရိုးသားမှုတို့ကို အထင်းသားပေါ်လွင်အောင် ရေးသားနိုင်စွမ်းရှိတာကို တွေ့ရတယ်။ ဒဂုန်တာရာက အောင်ဆန်း သို့မဟုတ် အရိုင်းဆိုတဲ့ 'အရိုင်း'ရဲ့ရိုးသားပုံ၊ ပွင့်လင်းပုံ၊ ချစ်စရာကောင်းပုံတွေကို ဖော်ပြထားတဲ့အတွက် သခင်အုန်းမြင့် နှစ် ၁၀၀ ပြည့်မွေးနေ့အထိမ်းအမှတ်စာအုပ်ဟာ စာပေလောကရဲ့မှတ်တမ်းဝင်စာအုပ်တစ်အုပ်တော့ ဖြစ်သွားပါပြီ။ သခင်အုန်းမြင့်ဈာပနတုန်းက မောင်ညိုဝင်းရေးဆွဲထားတဲ့ သူ့ပန်းချီကားဟာလည်း လေထီးဗိုလ်အုန်းမောင်၊ ဆရာမြသန်းတင့် စတဲ့ ပန်းချီကားတွေနဲ့အတူ အမြဲသိမ်းထားဖို့ကောင်းတဲ့ မှတ်တမ်းဝင်ပန်းချီကားတစ်ချပ်လည်း ဖြစ်သွားပါပြီ။

■ ■ ■

www.free4readers.com

# အာဆာအကြမ်းဖက်အဖွဲ့ဝင် ၁၃၀၀ ကျော်၏ အမည်စာရင်းကို မြန်မာဘက်မှ ဘင်္ဂလားဒေ့ရှ်ဘက်သို့ ပေးပို့ထား



Arakan Rohingya Salvation Army (ARSA) အကြမ်းဖက် အဖွဲ့ဝင် ၁၃၀၀ ကျော်၏ အမည်စာရင်းကိုမြန်မာဘက်မှ ဘင်္ဂလားဒေ့ရှ်ဘက်သို့ ပေးပို့ထားကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရှိရပြီး ပြီးခဲ့သည့်နှစ် နိုဝင်ဘာ ၁၄ ရက်က နေပြည်တော်၌ ပြုလုပ်သည့် စတုတ္ထအကြိမ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့် တပ်ဖွဲ့များ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ ဗဟိုအဆင့် အစည်းအဝေးတွင် ပေးအပ်ခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။

ထို့ပြင် ARSAအကြမ်းဖက်သမားများအား ၁၉၈၀ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည့် နယ်နိမိတ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘော တူညီချက်နှင့် အညီ ဥပဒေကြောင်းအရ အရေးယူ ဆောင်ရွက်သွားနိုင်ရန် အတွက် ပြန်လည်လွှဲပြောင်းပေးရန် မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အကြောင်းကြားထားပြီး ဖြစ်ကြောင်း နိုင်ငံခြားရေး ဝန်ကြီးဌာနမှ သိရသည်။



# ဗဟိုအမျိုးသမီးကော်မတီအဆင့်ဆင့်ဖွဲ့စည်းရေး တွေ့ဆုံပွဲကျင်းပ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အမျိုးသမီးကော်မတီအဆင့်ဆင့်ဖွဲ့စည်းရေးနှင့်ပတ်သတ်ပြီး ဗဟိုအမျိုးသမီး ကော်မတီနှင့်ရန်ကုန်တိုင်း၊ ခရိုင်၊ မြို့နယ် အလုပ်အမှုဆောင်များတွေ့ဆုံပွဲကို ဇန်နဝါရီ ၂၀ရက်က အဖွဲ့ချုပ်ဗဟိုရုံးတွင် ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် ဗဟို အလုပ်အမှုဆောင်အဖွဲ့၊ အတွင်းရေးမှူးအဖွဲ့ဝင် ဦးဟံသာမြင့်က အမှာစကားပြောကြားပြီး၊ ဗဟိုအလုပ်အမှုဆောင်၊ ဗဟိုအမျိုးသမီးကော်မတီဥက္ကဋ္ဌ ဒေါက်တာဒေါ်မေဝင်းမြင့်က အမျိုးသမီးကော်မတီ ပေါ်ပေါက် ဖြတ်သန်းဆောင်ရွက်ခဲ့သော သမိုင်းကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ ဗဟိုအမျိုးသမီးကော်မတီ အတွင်းရေးမှူးဒေါ်ဇင်မာအောင်က ဖွဲ့စည်းပုံ အဆင့်ဆင့်ကို ရှင်းလင်းခဲ့သည်။

ထို့နောက် တက်ရောက်လာသော အမှုဆောင်များက မရှင်းလင်းသည့်ကိစ္စများအား မေးမြန်းပြီး ဗဟိုအမျိုးသမီး ကော်မတီမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ခြံစည်းရိုးကာရံရေးအပါအဝင် ကျပ်သန်းပေါင်း ၁၄၆ ဘီလီယံကျော်ကို လွှတ်တော်သို့ ပြည်ထဲရေး ဝန်ကြီးဌာန တင်ပြတောင်းခံ

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ခြံစည်းရိုး ကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် အပါအဝင် ၂၀၁၈ ခုနှစ် (၆) လတာ အမျိုးသားစီမံကိန်းအသုံးစရိတ်တွင် ကျပ်သန်းပေါင်း (၁၄၆) ဘီလီယံကျော်ကို ပြည်ထဲရေးဝန်ကြီး ဌာနမှ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြတောင်းခံခဲ့သည်။

ဇန်နဝါရီ ၁၆ ရက်ကကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လတာအမျိုးသား စီမံကိန်း ဥပဒေကြမ်းပါစီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေကြမ်းပါ ရသုံးငွေများစပ်လျဉ်းပြီး ရှင်းလင်းရာတွင် ပြည်ထဲရေး ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက ငွေလုံးငွေရင်းအသုံးစရိတ်ကျပ် ၁၄၆ ဒသမ ၈၆,၂၀၆ ဘီလီယံကို တင်ပြတောင်းခံခဲ့ခြင်းဖြစ်သည်။

"အကောင်အထည်ဖော် ဆောင်ရွက်မည့်အဓိကလုပ်ငန်းများမှာဆောက်လုပ်ရေးအသုံးစရိတ်ကျပ် ၄၄ ဒသမ ၃၀,၆၃၉ ဘီလီယံတွင် ပြည်ထဲရေး ဝန်ကြီးဌာန၊ တပ်ဖွဲ့ ဦးစီးဌာနမှ အဆောက်အအုံများပြုပြင်ခြင်းလုပ်ငန်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ခြံစည်းရိုးကာရံခြင်းနှင့် ဆက်စပ်လုပ်ငန်းများ၊ အကြီးအကဲများ၏ ခရီးစဉ်လမ်းညွှန်ချက်များ၊ လွှတ်တော်ကတိကဝတ်များ၊ အသစ်ဖွင့်လှစ်မည့် နယ်ခြားစောင့် ရဲတပ်ဖွဲ့ခွဲ လေးခုအတွက် လိုအပ်သော အဆောက်အအုံများ ဆောက်လုပ်ခြင်း"တို့ပြုလုပ်မည်ဟု ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက လွှတ်တော်သို့ ပြောသည်။

ထို့အပြင် အကျဉ်းဦးစီးဌာနမှ အကျဉ်းထောင်များနှင့် အကျဉ်းစခန်းတို့တွင် တိုးချဲ့တည်ဆောက် ရေးလုပ်ငန်းများ အကျဉ်းသားအိပ်ဆောင် ဆောက်လုပ်ခြင်းတို့ကိုလည်း ပြုလုပ်မည်ဖြစ်ကြောင်းလည်းသိရသည်။ စက်နှင့် စက်ပစ္စည်းအသုံးစရိတ်အတွက်ကျပ် ၀ ဒသမ ၀၆၀,၄၇၁ ဘီလီယံ တောင်းခံထားပြီး ပိုလန်နိုင်ငံမှ ချေးငွေဖြင့် မီးသတ်ယာဉ်နှင့် အပိုပစ္စည်းများ ဝယ်ယူရေးကိုလည်း ထည့်သွင်းလျာထားခဲ့ကြောင်းလည်း သိရသည်။

ကာကွယ်ရေးဝန်ကြီးဌာန၏ စီမံကိန်းလုပ်ငန်းများနှင့်ရသုံးငွေများအပေါ် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က တင်ပြခဲ့ရာ သာမန်အသုံးစရိတ်အဖြစ် ကျပ် ၇၂၃ ဒသမ ၁၀၇ ဘီလီယံ လျာထားပြီး ယင်းငွေများမှ စစ်ဆင်ရေးအတွက် ၂ ဒသမ ၁၀၇ ဘီလီယံ လျာထားတင်ပြထားကြောင်းနှင့် ငွေလုံးငွေရင်း အသုံးစရိတ်အဖြစ် ကျပ် ၆၁၂ ဒသမ ၀၈၇ ဘီလီယံ လျာထားတင်ပြထားကြောင်း သိရသည်။

"ကာကွယ်ရေး ဝန်ကြီးဌာနရဲ့ သာမန်အသုံးစရိတ် စာရင်းများကို တင်ပြသွားမှာ ဖြစ်ပါတယ်။ သာမာန်အသုံးစရိတ် စုစုပေါင်း ၇၂၃ဒသမ၁၀၇ ဘီလီယံ လျာထားပါတယ်။ ခေါင်းစဉ်များအလိုက် အသုံးစရိတ်များကတော့ လစာနှင့် စရိတ်များ ၃၉၂ဒသမ၂၃၉ ဘီလီယံ၊ ပစ္စည်းများ ၁၇၁ဒသမ၁၇၄ ဘီလီယံ၊ ပို့ဆောင်ရေး ၁၀ဒသမ၀၆၆ ဘီလီယံ၊ အင်ဂျင်နီယာ ၂၈ဒသမ၀၃၅ ဘီလီယံ၊ အထွေထွေ ၇၉ဒသမ၅၉၁ ဘီလီယံ၊ စစ်ဆင်ရေး ၂ဒသမ၁၀၇ ဘီလီယံ၊ စက်ရုံ၊ အလုပ်ရုံများ ၆၃ဒသမ၀၈၄ ဘီလီယံ၊ အတိုး ၂ဒသမ၈၁၁ ဘီလီယံ သာမန် အသုံးစရိတ် စုစုပေါင်း ၇၂၃ ဒသမ၁၀၇ ဘီလီယံဖြစ်ကြောင်း တင်ပြအပ်ပါတယ်" ဟု ဒုဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က ပြောသည်။

ကာကွယ်ရေးဝန်ကြီးဌာန၏ ငွေလုံးငွေရင်း အသုံးစရိတ်စုစုပေါင်းမှာ ၆၁၁ ဒသမ ၀၈၇ ဘီလီယံလျာထားပြီး ၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆)လတာ အတွက် ၆၁၈ ဒသမ ၀၁၇ ဘီလီယံ တောင်းခံထားကြောင်းနှင့် အဆိုပါ တောင်းခံငွေမှာ ယခင်ဘဏ္ဍာနှစ် ပထမ (၆) လပတ်ထက် ၁၄ ဒသမ ၃၅၃ ဘီလီယံ လျော့နည်း တောင်းခံ ထားကြောင်းလည်း ဗိုလ်ချုပ်မြင့်နွယ်က ပြောသည်။

အလားတူ သာမန်အသုံးစရိတ်တွင်လည်း ယခင်ဘဏ္ဍာရေးနှစ်၏ ပထမ (၆) လပတ်ထက် ၁၀၄ ဒသမ ၀၄၂ ဘီလီယံ လျော့နည်း တောင်းခံထားကြောင်း ဗိုလ်ချုပ်မြင့်နွယ်၏ တင်ပြချက်အရ သိရသည်။ သက်အောင်-ပုလဲ

News Photo



ဇန်နဝါရီ ၁၉ ရက်က ကောလင်းမြို့နယ် အမှတ် (၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြမြဝင်းနှင့် မြို့နယ်အလုပ်အမှုဆောင်အဖွဲ့ဝင်များ ရွာရှည်ကျေးရွာနှင့် ကန်ပေါက်တာကျေးရွာ ဆက်သွယ်မည့် ရွာချင်းဆက်မြေသားလမ်းဖောက်လုပ်နေမှုအား သွားရောက်စစ်ဆေးစဉ်။

www.free4readers.com

# ဖားခုန်ဖားဆင်း နိမ့်နင်းမညီ

ထက်ကျော်

'ဖားခုန်ဖားဆင်း' ဆိုတဲ့စကားလုံးဟာ မြန်မာစကားလုံးတစ်လုံးဖြစ်ပေမယ့် သိရှိမှုနည်းပြီး သုံးစွဲသူလည်း မများလှပါဘူး။ ဒီစကားလုံးဟာ လက်သုံးစကား၊ ဒါမှမဟုတ် စကားပုံ၊ ဒါမှမဟုတ် ဆိုရိုးစကားဆိုတာများထဲမှာ ရောစပ်သုံးနှုန်းအကျုံးဝင်တဲ့ စကားလုံးတစ်လုံးပဲဖြစ်ပါတယ်။ မြန်မာပေါရာဏအဘိဓာန်နဲ့ ဦးမဏိပေါရာဏကထာ၊ ပေါရာဏကထာအလင်္ကာသစ်၊ တွင်းသစ်ပေါရာဏစကားပြေ စတာတွေမှာ စတင်သတိထားမိပါတယ်။ မညီမညွတ်ဖြစ်နေတဲ့အဓိပ္ပာယ်ကို ဖော်ပြတာဖြစ်ပါတယ်။

ဒီတော့ ညီညွတ်တာ၊ မညီညွတ်တာကို သိရှိနားလည်မှ ဒီစကားရဲ့ အဓိပ္ပာယ်ကလည်း ပိုမိုရုပ်လုံးကြွလာမှာဖြစ်တဲ့အတွက် 'ညီညွတ်' ကိုမြန်မာစာပေအဘိဓာန်မှာ ရှာကြည့်မိပါတယ်။ တွေ့ပါပြီ၊ 'ညီညွတ်' ဆိုတာ 'ညီ' ဆိုတဲ့ကြိယာက ဆင်းသက်လာတာဖြစ်ပြီး 'ညီ' ကိုမျက်နှာပြင်တစ်ပြေးတည်းပြန့်ပြူးတာ၊ ထပ်တူဖြစ်တာ၊ တိုက်ဆိုင်လိုက်လျောတာတွေမှာ သုံးပါတယ်။ ဥပမာ- "သူတော်ချင်းချင်း၊ သီတင်းမြေ့မြေ့ ပေါင်းဘက်တွေ့က၊ လေ့လေ့ကျက်ကျက် ကျွမ်းဘက်ပီပီ၊ နှလုံးညီ၍၊ သွေးသည်ဝါဒ၊ ဟောပြောကြ၏" ဆိုတာမျိုးပါ။

အဲဒီ 'ညီ' ကနေ ဆင်းသက်လာတဲ့ 'ညီညာ'မှာတော့ 'ညီ' ကြိယာနဲ့ အတူတူ သဘောသက်ရောက်ပါတယ်။ 'မော်တော်ကားလမ်းကို ညီညာအောင်ညှိကြ၏'၊ 'ခြေလှမ်းညီညာမှ ခရီးရောက်မည်'၊ 'ဝိသာခါကလည်း ကျွန်ုပ်ပြုသမျှပင် အစဉ်ညီလာပါမည်လောဟု မေး၏'၊ 'တိုင်းပြည်နိုင်ငံအစီ ညီညာပါမည်လောဟု မေး၏'၊ 'တိုင်းပြည်နိုင်ငံအစီးအပွားများပြားတိုးတက်စေကြောင်းများကို ညီညာအောင် ဆောင်ရွက်ခြင်းဌာန'၊ 'ပြည်သူ့အစိုးရကို ပြည်သူတစ်ရပ်လုံးက ညီညာဖြဖြ ထောက်ခံကြသောကြောင့်' ဖြင့် ညီညာနဲ့ ပတ်သက်တာတွေကို တွေ့ရပါတယ်။

ညီညာမှုကို အဲဒီလိုအဓိပ္ပာယ်ဖွင့်ဆိုလေတော့ ညီညာတယ်ဆိုတာ ပြန့်ပြူးတာ၊ အနိမ့်အမြင့်မရှိတာ၊ ထပ်တူဖြစ်ကြတာ၊ တစ်ဦးနဲ့ တစ်ဦး အပြန်အလှန်လိုက်လျောတာ၊ လေးစားတာရယ်လို့ နားလည်ရပါတယ်။ ဒီနေရာမှာ အဲဒီစကားလုံးရဲ့ ဆန့်ကျင်ဘက်က အဖြေကို အကဲခတ်လိုက်တော့ အနိမ့်အမြင့်အကွေ့အကောက်များတာ၊ ဘယ်လိုမှ ထပ်တူထပ်မျှမဖြစ်တာ၊ အဆိုးမြင်နေတာ၊ စော်ကားမော်ကားလုပ်တာ၊ နှိမ့်တာတွေက အစချီတဲ့ အကျိုးသက်ရောက်မှုတွေဟာ မညီမညာမှုတွေ ဖြစ်ဖျားစီးဆင်းရာကိစ္စပဲဖြစ်ပါလိမ့်မယ်။

မညီညွတ်မှုကတစ်ဆင့် အနိမ့်၊ အမြင့်သိပ်ကွာလာတော့ တည်ဆောက်မရတာ၊ တွဲမရတာ၊ ပြိုကွဲတာတွေကို တွေ့ရမှာဖြစ်ပါတယ်။ စာနာမှု၊ နားလည်မှုထောက်ခံအားပေးမှု၊ အကျိုးကို လိုလားမှုတွေ ကင်းမဲ့လာတဲ့အခါ မညီမညာဖြစ်တာတွေကို တွေ့ရပါလိမ့်မယ်။ တစ်ယောက်ကို တစ်ယောက် တစ်ဦးကိုတစ်ဦး ယုံကြည်မှုကင်းမဲ့လာပြီး ဝေးကွာသွားတတ်ပါတယ်။

'ဖားခုန်ဖားဆင်း' ဆိုတာ မညီညာမှုကို ဖော်ပြတာပါ။ ဖားတစ်ကောင်ဟာ အပေါ်အတော်မြင့်မြင့်ကို ခုန်တက်နိုင်သလို အောက်ဘက်ခပ်ဝေးဝေးရောက်အောင်လည်း ခုန်ဆင်းနိုင်ပါတယ်။ သူခုန်တာနဲ့ သူဆင်းတာဟာ အကွာအဝေး အနိမ့်အမြင့် ကွာခြားပါတယ်။ မညီမညာရှိပါတယ်။ ဒါကြောင့် မညီမညာ၊ မညီမညွတ်ဖြစ်နေတဲ့ အခြေအနေတွေကို နိုင်းနှိုင်းဥပမာပြုရင်း 'ဖားခုန်ဖားဆင်း' လို့ အရင်က သုံးကြပါတယ်။

ဒါပေမဲ့ ဒီနေ့ကာလမှာတော့ 'ဖားခုန်ဖားဆင်း' ဆိုတဲ့ သုံးနှုန်းမှုကို အသုံးပြုမှုနည်းလာသလိုစကားလုံးဟာလည်း တိမ်ကောလာသလိုပါပဲ။ မညီမညာကွဲကွာသွားကြတာကို 'ဝါးအစည်းပြေ' တယ်လို့ သုံးကြသလို ညီညာစည်းလုံးမှုမရှိရင် ပြိုကွဲသွားတတ်တဲ့သဘောကို သားအဖတစ်တွေ ထင်းစည်းကိုချိုးတဲ့ ဥပမာ ထင်းချောင်းစည်းကို ခွဲပြီး ချိုးတဲ့ ဥပမာကို ပြပြီး သုံးနှုန်းဖော်ပြကြပါတယ်။

ထင်းစည်းကို တစ်ချောင်းစီခွဲပြီး ချိုးပြတဲ့ကိစ္စပဲဖြစ်ဖြစ်၊ ဝါးအစည်းပြေတာပဲဖြစ်ဖြစ်၊ ဖားခုန်ဖားဆင်းပဲဖြစ်ဖြစ် မညီမညာလို့ပြိုကွဲတာကိုပြနေပါတယ်။ မကောင်းတဲ့သင်္ကေတလက္ခဏာတွေကို ပြနေပါတယ်။ လိုလားကြိုဆိုစရာဝေါဟာရမဟုတ်ဘူး။ မညီမျှလို့၊ မညီညွတ်ပြီး ပြိုကွဲပျက်စီးသွားရတဲ့ကိစ္စတွေဟာ ဥပမာပြစရာ အပုံအပင်ရှိပါတယ်။ ပုံပြင်အသိန်းအသောင်းရှိပါတယ်။ ဒါတွေကို အတော်များများပုဂ္ဂိုလ်လေးတွေ ဖတ်ဖူး၊ မှတ်ဖူး၊ နားလည်ဖူးကြမှာပါ။ မြန်မာတွေရဲ့ ရှေးရိုးရာဇဝင်၊ ဇာတ်နိပါတ်တွေကအစ ကမ္ဘာ့သမိုင်းရာဇဝင်များမှာပါ သင်ခန်းစာယူစရာမျက်နှာတွေအဖြစ် လေ့လာနိုင်ပါတယ်။

'ဖားခုန်ဖားဆင်း' အနေအထားဟာ မညီညာတဲ့အနိမ့်အမြင့် ကွာဟတဲ့ကိစ္စက စပါတယ်။ ချစ်ခင်ရင်းနှီးမှုကို မျက်ကွယ်ပြုပြီး တစ်ဖက်ကို ပေယျာလကန်ထားတာက စပါတယ်။ ဘယ်သူသေသေ ငတေမာရင်ပြီးရော စိတ်ခတ်က စပါတယ်။ အဲဒီအခြင်းအရာတွေက အစပြုလိုက်တဲ့အခါ မသင့်တဲ့ကိစ္စတွေ ပေါ်လာတတ်ပါတယ်။ မငြိမ်းချမ်းမှုက အစပြုတဲ့ ဘေးဒုက္ခတွေ ပေါ်လာတတ်ပါတယ်။

မငြိမ်းချမ်းမှုဆိုတာမှာ ပထမစိတ်ရဲ့မငြိမ်းချမ်းမှုကအစပြုပြီး ကိုယ်မငြိမ်းချမ်းမှု၊ မိသားစုဘဝ မငြိမ်းချမ်းမှုကနေပြီး တိုင်းပြည်ရပ်ရွာမငြိမ်းချမ်းမှုအထိ ကူးစက်သွားနိုင်ပါတယ်။ မငြိမ်းချမ်းမှုတော့ အဲဒီလူ့အသိုင်းအဝိုင်းဟာ ဘယ်မှာအနေပျော်ပါတော့မလဲ၊ ဘယ်မှာ ချမ်းသာအောင်မြင်နိုင်ပါ့မလဲ။ အင်မတန်ရိုးစင်းတဲ့အဖြေပါ။

ရပ်ရွာဒေသမငြိမ်းချမ်းရင်၊ တိုင်းပြည်နိုင်ငံဒေသတွေဟာလည်း မငြိမ်းချမ်းနိုင်ဘူး။ တိုင်းပြည်နိုင်ငံတွေ မငြိမ်းချမ်းနိုင်မှတော့ ကမ္ဘာကြီးလည်း မီးလောင်တိုက်သွင်းခံရသလို ဖြစ်နေမှာသေချာပါတယ်။ လုံးဝမကောင်းတဲ့ကိစ္စပါ။ ဒါကို အားလုံးပဲ နားလည်ကြပါလိမ့်မယ်။

ဘယ်နေရာမှာမဆို ညီညွတ်စေချင်တယ်။ ငြိမ်းချမ်းစေချင်တယ်။ 'ဖားခုန်ဖားဆင်း'အခြေအနေမျိုးတွေ မပေါ်ပေါက်စေချင်ဘူး။ အနိမ့်အမြင့် ကွာဟလွန်းတဲ့၊ ညီညာမှုမရှိတဲ့ အဲဒီ 'ဖားခုန်ဖားဆင်း'အနေအထားဟာ ချိုးဖြူငှက်တွေ ပျံသန်းလာစေမှာမဟုတ်ဘဲ မီးလောင်တိုက်သွင်းခံနေရတဲ့ ကမ္ဘာကြီးကိုပဲ ဖြစ်ပေါ်လာစေလိမ့်မယ်။ မျက်ရည်တွေ၊ ရှိုက်သံတွေနဲ့ သုသာန်သင်္ချိုင်းတွေကိုပဲ အများအပြားပေါ်ပေါက်စေလိမ့်မယ်။ ဒါကို ယုံပါ။

ငြိမ်းချမ်းမှုကို သတ္တဝါတိုင်း လိုချင်တပ်မက်ကြပါတယ်။ ဘယ်သူမဆို ငြိမ်းငြိမ်းချမ်းချမ်း ပျော်ပျော်ရွှင်ရွှင်နဲ့ သူတို့ဘဝကိုအကောင်းဆုံးတည်ဆောက်ချင်ကြပါတယ်။ ဒါပေမဲ့ ဆန္ဒဟာ ဆန္ဒပဲဖြစ်ပြီး ဘဝဟာ ဘဝပဲဖြစ်ပါတယ်။ လက်တွေ့ဘဝမှာ ဆန္ဒပြည့်ရဲ့လားလို့ မေးရင် အများစုက ခေါင်းယမ်းကြမှာသေချာတယ်။ ဟုတ်တယ်လေ။ မငြိမ်းချမ်းတဲ့ ညီညွတ်မှုကင်းမဲ့တဲ့ ဒုက္ခပင်လယ်ဝေနေရတဲ့ ဘဝတွေမှာ သူတို့တစ်တွေ ကျင်လည်နေကြရတာကိုး။

'ဖားခုန်ဖားခင်၊ နိမ့်နင်းမညီ' ဆိုတဲ့ ဝေါဟာရကို မသုံးစေချင်ဘူး။ အသုံးမလွယ်စေချင်ဘူး။ ဖြစ်နိုင်ရင် ဒီဝေါဟာရကို လူ့လောကကနေ ပျောက်ကွယ်သွားစေချင်တယ်။ တကယ်ပါပဲ။ ဒီဝေါဟာရရဲ့ဆန့်ကျင်ဘက်အဓိပ္ပာယ်ဆောင်တဲ့၊ ညီညွတ်တဲ့၊ ငြိမ်းချမ်းတဲ့၊ သာယာဝပြောတဲ့ ကမ္ဘာလောကကြီး ဖြစ်စေချင်ပါတယ်။

■ ■ ■

## ငါတို့သည်

ငါတို့သည်
အရိပ်ထဲမှာမဟုတ်ပါ
နေပူကျဲမှာ လှော်ခတ်
စိတ်ဓာတ်မြှင့်တင်ထားသူတွေပေ့ါ။

ငါတို့သည်
အရိပ်ထဲမှာမဟုတ်ပါ
လုပ်အားခဲကာ လှော်ခတ်
ချွေးသိပ်အလှရှာသူတွေပေ့ါ။

ငါတို့သည်
အရိပ်ထဲမှာမဟုတ်ပါ
တာတိုဘဝဲမှာ လှော်ခတ်
သတ်မှတ်စည်းရိုးလေးစားသူတွေပေ့ါ။

ငါတို့သည်
အရိပ်ထဲမှာမဟုတ်ပါ
မေတ္တာပူတရိပ်ရိပ်ကြား
တထိတ်ထိတ်တရား မျှော်လင့်ပင်ပန်း
ငြိမ်းချမ်းရေးခရီးစဉ်တစ်လျှောက်
လမ်းပျောက်ကို လမ်းဖောက်ချစ်ကြည်
ညီအစ်ကို မောင်နှမမိတ်ဆွေကောင်းတွေပေ့ါ။ ။

**မောင်ကြေးရည်**(ပုသိမ်)



စာမျက်နှာ (၁၁)မှ အဆက်...>>

မျိုးပုံစား အာဟာရလည်းပြည့် ဗိုက်လည်းဝတဲ့၊ ညကျ ကွေ့တီယို ခေါက်ဆွဲပြုတ်ပူပူလေး တစ်ပွဲ ဘတ်၃၀၊ တကယ်လည်း ဒီလိုပုံစားပဲ စားကြတာ ဖြစ်သည်။ စားသောက်ဆိုင်တွေ၊ ရှော့ပင်းမောလ်တွေမှာလည်း စားကြသောက်ကြပါသည်။ ဒါမျိုးက တစ်ပတ်တစ်ခါ ပိတ်ရက်လို သူငယ်ချင်း မိတ်ဆွေတွေ တွေ့ဆုံဖို့ရှိတဲ့အခါ စားကြတာလို့ ဆိုသည်။

အဖွဲ့အစည်း၊ ကျောင်းစသည်တို့က အခမ်းအနားပဲလုပ်လုပ်၊ လေ့လာရေးသွားသွား ကျွေးသည့်အချိန်ကျ အဆိုပါ ထမင်းပေါ် ဟင်းတစ်မျိုးပုံထားသည့် ဘူးတွေဝေတာ၊ ကျွေးတာဖြစ်သည်။ အလှူတွေဆိုလည်း ထို့အတူ လွယ်လွယ်ကူကူ ထမင်းပေါ် ဟင်းပုံစားကြ ဒီလိုပုံစံဖြင့် လှူကြတာ များသည်။ ထမင်းရေချောင်းစီး မောင်းတီးလှူတာ မြန်မာတွေလောက်ပဲ ရှိမည်ထင်သည်။ အလှူကနေစားပြီး အစာအဆိပ်သင့်သည့် အလှူမျိုး မဖြစ်အောင် သန့်ရှင်းစွာ ချက်ပြုတ်ကြဖို့ကတော့ လိုနေသည်။

ဆိုင်တွေမှာ အလွယ်တကူ စိတ်ချလက်ချ ဝယ်ယူ စားသောက်နိုင်တဲ့အခါ အမှန်တကယ် ချွေတာရာ ရောက်ပါသည်။ အခြေခံစားသောက်ကုန်တွေ တင်မက ဂက်စ်၊ ရေ၊ ဆပ်ပြာ စသဖြင့် အဘက်ဘက်က အကုန်အကျသက်သာသွားသည်။ လက်ဆေး ဆပ်ပြာကအစ တစ်ရှူး ပါမကျန် ပြည်ပက ဝယ်ယူနေရသည့် မြန်မာနိုင်ငံအဖို့ အကုန်အကျသက်သာစရာတွေ များလှသည်။ သို့သော် လူတိုင်း ပြင်ပဆိုင်တွေမှာ ဝယ်မစားရဲကြပေ။

ချွေတာရေးလည်းဖြစ် သန့်ရှင်းသည့် စားသောက်နည်းစနစ်ဖြင့် စားကြသောက်ကြ လှူကြတန်းကြသည့် အခြေအနေတစ်ခုဖြစ်အောင် ပြုပြင်ရမည်။ မိမိကိုယ်တိုင်က စပြီး အများလိုက်နာလာအောင် လူတိုင်းလိုလို သန့်ရှင်းစွာ ချက်ပြုတ် ရောင်းချပြီး လူတိုင်းနီးပါး ချွေတာရေးအဖြစ် ဆိုင်တွေကပဲ စိတ်ချလက်ချ ဝယ်စားကြသည့် အခြေအနေ တစ်ရပ် ရောက်နိုင်ကြပါစေ၊ တာဝန်ရှိသူတွေလည်း မျက်နှာမလွှဲဘဲ တတ်အားသရွေ့ ဆောင်ရွက်ကြပါလို့ ဆိုချင်ပါသည်။

www.free4readers.com



# ရောဝတီကို ဘယ်လို ကယ်တင်ကြမလဲ (၄)

သန့်ဇော်(သန်လျင်)

လောကကြီးမှာ လူတွေဟာ အပြန်အလှန်အသိအမှတ်ပြုမှုကိုတော့ လိုချင်ကြတာချည်းပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံတွေမှာတော့ အစိုးရနဲ့ ပြည်သူ အပြန်အလှန်အသိမှတ်ပြုဖို့ ပို၍ပင် အရေးကြီးတယ်လို့ မြင်ပါတယ်။ နိုင်ငံတိုးတက်ဖို့ တိုင်းပြည်မှာဘာတွေလုပ်ကြမလဲ၊ ဘာတွေကို စီမံကြမလဲ စတာတွေကို ပြည်သူလူထုကို အသိပေးတာတွေ၊ ချပြတာတွေ၊ အကြံဉာဏ်တောင်းတာတွေကိုလုပ်ကြရပါမယ်။ အကူအညီတွေကိုလည်းရယူရပါမယ်။ ပြည်သူလူထုကို အစိုးရက ချပြတယ်ဆိုတာ အသိပေးတယ် ဆိုတာတွေကို ပြည်သူလူထုရွေးချယ်တင်မြှောက်ထားတဲ့ ကိုယ်စားလှယ်တွေကတစ်ဆင့် ပြုလုပ်ကြရပါတယ်။ ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားတဲ့ ကိုယ်စားလှယ်တွေနဲ့ တိုင်ပင်ဆွေးနွေးကြရပါမယ်၊ ဆွေးနွေးဆုံးဖြတ်ပြီးကာကျမှ အကောင်အထည်ဖော် လုပ်ဆောင်ကြရပါမယ်။ ရှေ့ကနေ မားမားမတ်မတ်ရပ်ပြီး ဆုံးဖြတ်လုပ်ကိုင်ကြရပါမယ်။

ဧရာဝတီမြစ်ကြီးနဲ့ပတ်သက်လို့လည်း မြစ်ကြောင်းတစ်လျှောက် ဘယ်လိုပြုပြင်မယ်၊ ရေကြီးရေလျှံ မဖြစ်အောင်ပြည်သူတွေဒုက္ခမရောက်အောင် ဘယ်လိုလုပ်ကြမယ်ဆိုတာတွေနဲ့ပတ်သက်ပြီး ရေရှည်လုပ်ငန်းစဉ်ကို အကွက်ကျကျ တွက်ချက်ပြီးလုပ်ရပါမယ်။ တိုင်းပြည်တိုးတက်ရေးနဲ့ ဘေးထွက်ဆိုးကျိုးတွေကို အထူးဂရုပြုလေ့လာပြီး ဘေးထွက်ဆိုးကျိုးနည်းနိုင်သမျှ နည်းကာ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ဖို့ကို ရှေ့တန်းတင်ရမှာပဲ ဖြစ်ပါတယ်။ ကျွန်တော့်အမြင်အရ ၂၁၇၀ ကီလိုမီတာ ရှည်တဲ့ ဧရာဝတီမြစ်ကြီးကိုရေစီးဆင်းမှုကောင်းစေရန်၊ နုန်းမတင်သောင်တွေမထွန်းစေရန်၊ ရေကြီးရေလျှံ ရေတိုက်စားမှုမရှိစေရန်၊ မြစ်ရေသန့်ရှင်းကြည်လင်စေရန်အတွက် အနည်းဆုံး ရေကာတာ သို့မဟုတ် တာတမံ ၁၀ ခုထက်မနည်း တည်ဆောက်ရမှာဖြစ်ပါတယ်။ ရေကာတာတွေကနေ မြစ်ရေကို ထိန်းညှိလွှတ်ပေးမယ်ဆိုရင် ဧရာဝတီမြစ်အတွက် ဘက်ပေါင်းစုံမှာအကျိုးဖြစ်ထွန်းမှုတွေ မလွဲမသွေ ဖြစ်လာမှာပဲ ဖြစ်ပါတယ်။ နိုင်ငံရေးအရပဲကြည့်ကြည့်၊ စီးပွားရေးအရပဲကြည့်ကြည့်၊ လူမှုရေးအရပဲကြည့်ကြည့်၊ ဘာသာရေးအရပဲကြည့်ကြည့် (ကမ်းပါးများရေတိုက်စားခြင်းနှင့် ကမ်းပြိုခြင်းများ မရှိတော့တာကြောင့်) ဘယ်လိုရှုထောင့်ကပဲကြည့်ကြည့် အားလုံးအကျိုးရှိမယ့် ကိစ္စပဲဖြစ်နေပါတယ် ။

ရေကာတာကြီးတွေတည်ဆောက်တဲ့အခါမှာလည်း ကမ္ဘာပေါ်မှာတည်ဆောက်ထားတဲ့ခေတ်မီရေကာတာကြီးတွေလို နည်းစနစ်တကျ မြေငလျင်နဲ့ သဘာဝဘေးဒဏ်တွေကို အန်တုနိုင်အောင် တည်ဆောက်ကြရပါမယ် ။ Concrete Hyperbolic Dam, Concrete Face Rockfill Dam, Clay Core Wall of Rockfill Dam စသဖြင့် ရေကာတာအမျိုးအစား ၁၀ မျိုးထက် မနည်း ရှိပါတယ်။ Concrete Face Rockfill Dam အမျိုးအစားသည် မြေငလျင်ဒဏ်အဆင့် ၈-၉ လောက်ကို ခံနိုင်ရည်ရှိသည်ဟု သိရပါတယ်။ မြေငလျင်ကြောနဲ့ နီးကပ်တဲ့နေရာတွေမှာ ဘယ်လိုရေကာတာအမျိုးအစားကို တည်ဆောက်သင့်တယ်၊ ဝေးတဲ့နေရာမှာ ဘယ်လိုအမျိုးအစားကို တည်ဆောက်သင့်တယ်၊ ရေလှောင်ပမာဏအပေါ်မူတည်ပြီး ဘယ်အမျိုးအစားတာတမံတွေဆောက်သင့်တယ် စသဖြင့် ကမ္ဘာ့အဆင့်မီတာတမံများကို ကျွန်တော်တို့မြန်မာနိုင်ငံရှိဧရာဝတီမြစ်နဲ့ တခြားမြစ်တွေပေါ်မှာတည်ဆောက်ပြီး မြစ်ကြောင်းတွေကို ထိန်းချုပ်ထိန်းသိမ်းကြပြီး ရေအားလျှပ်စစ်ပါထုတ်ယူနိုင်မယ်ဆိုရင် တစ်တိုင်းပြည်လုံး မီးလင်းသွားမှာဖြစ်ပါတယ်။ ယခုဆိုလျှင် ကျွန်တော်တို့မြန်မာနိုင်ငံရှိ အိမ်ထောင်စုအားလုံး၏ ၃၇ ရာခိုင်နှုန်းသာ လျှပ်စစ်မီးသုံးနိုင်ပါသေးတယ်၊ စိတ်မကောင်းစရာပဲဖြစ်ပါတယ် ။ အိမ်ထောင်စု ၁၀၀ မှာ ၃၇ အိမ်ထောင်စုသာလျှင် လျှပ်စစ်ဓာတ်အားသုံးစွဲပြီး အိမ်ထောင်စု ၆၃ စုဟာ အမှောင်ထဲမှာ နေနေကြရပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ဟာ လျှပ်စစ်မီးလင်းတဲ့နေရာမှာနေထိုင်ကြပြီး လျှပ်စစ်မီးမလင်းသေးတဲ့နေရာတွေကို ကိုယ်ချင်းစာကာ လျှပ်စစ်မီးရရှိအောင် စွမ်းဆောင်ပေးကြရမှာပဲဖြစ်ပါတယ်။ အလျှံပယ်လျှပ်စစ်မီးများရလာခဲ့ရင် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမည့်သူများကိုလည်း ဆွဲဆောင်လို့ ရနိုင်မှာလည်းဖြစ်ပါတယ် ။

ကျွန်တော်တို့မြန်မာနိုင်ငံရဲ့လျှပ်စစ်လိုအပ်ချက်ဟာ တိုင်းပြည်တိုးတက်ရေးနဲ့ တိုက်ရိုက်အချိုးကျနေတာဖြစ်လို့ လျှပ်စစ်ဓာတ်အားလည်းရစေ၊ ညစ်ပေဆိုးဝါး ဆန့်ငင်ဆန့်ငင်ဖြစ်နေတဲ့ ကျွန်တော်တို့ရဲ့ဧရာဝတီမြစ်ကြီးကို အလျင်အမြန် ကယ်တင်ရမှာပဲဖြစ်ပါတယ်။ ဧရာဝတီမြစ်ကြီးသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံသားများ၊ ဧရာဝတီမြစ်ဝန်းကျင်နေပြည်သူများက သဘောတူကြမှာပဲဖြစ်ပါတယ်။ ယခု လက်ငင်းပြဿနာကတော့ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းလုပ်ရေး မလုပ်ရေးကိစ္စပဲဖြစ်ပါတယ်။ မြစ်ဆုံအထက်ပိုင်း မေခမြစ်ပေါ်ရှိနန်းခေါင်လံဖူး၊ ဖီဇော၊ ဂူဆောက်၊ ချီဖွေ ဒေသတွေမှာလည်း ရေအားလျှပ်စစ်ထုတ်လုပ်ဖို့ စီမံကိန်းချထားတယ်လို့လည်း သိရပါတယ်။ ဒီကိစ္စတွေကိုလည်း သက်ဆိုင်ရာတို့ဆွေးနွေးနေကြတယ်လို့လည်း သိရှိပါတယ် ။

ဧရာဝတီမြစ်ရဲ့ဟိုးအထက်ပိုင်း မေခမြစ်နဲ့ မလိခမြစ်တွေမှာ ရေကာတာတွေတည်ဆောက်ပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်တာ မကန့်ကွက်ချင်ပေမယ့်လည်း ဧရာဝတီမြစ်အောက်ပိုင်းသင့်တော်ရာနေရာတွေမှာလည်း ဧရာဝတီမြစ်ကြီးတစ်ခုလုံးအတွက် ရေကာတာများတည်ဆောက်ပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်သင့်ပါတယ်။ ရေကာတာတွေတည်ဆောက်ပြီး လျှပ်စစ်မီးတွေရရင် အကျိုးအမြတ်ကို သင့်တော်သလို ခွဲဝေယူသင့်ပါတယ်။ ခုလည်းပဲ ထွက်ရှိလာမယ့် လျှပ်စစ်ဓာတ်အားကို ရင်းနှီးမြှုပ်နှံထားတဲ့နိုင်ငံနဲ့ သူမနာ ကိုယ်မနာ နှစ်ဦးနှစ်ဖက် ညှိယူကြမယ်ဆိုတာသိရလို့သက်ပြင်းတစ်လုံး ချရပါတော့တယ်။ ကျွန်တော်တို့တိုင်းပြည်မှာ အရင်းအနှီးမရှိတော့ ရင်းနှီးမြှုပ်နှံမယ့် ဘယ်နိုင်ငံမဆို နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ နိုင်ငံတကာရေးရာအခြေအနေအရ ရှုမြင်သုံးသပ်ပြီး မိမိနိုင်ငံအကျိုးစီးပွားအတွက် လက်ခံရမှာပဲဖြစ်ပါတယ် ။

ကျွန်တော်ရေးခဲ့တဲ့ ဆောင်းပါးရဲ့ အဓိကထားဆိုလိုချင်တာကတော့ ဧရာဝတီမြစ်ကြီးတစ်ခုလုံး သာယာလှပဖို့နဲ့ ရေရှည်အကျိုးဖြစ်ထွန်းဖို့ပဲဖြစ်ပါတယ်။ နည်းပညာအရ မြေငလျင်ဒဏ်ကိုကောင်းကောင်းခံနိုင်အောင် တည်ဆောက်ရတာမခဲယဉ်းပါ။ အင်ပါယာစတိတ်နဲ့ နိုင်ငံတကာက အထပ်တစ်ရာကျော်တည်ဆောက်ထားတဲ့အထပ်မြင့်အဆောက်အဦတွေတောင် မြေငလျင်ဒဏ်ခံနိုင်သေးတာ ဧရာဝတီမြစ်ကိုဖြတ်ပိတ်မယ့်ရေကာတာတွေလောက်တော့ နည်းပညာက အာမခံနိုင်နေပြီဖြစ်ပါတယ်။ ကျွန်တော်စိုးရိမ်တာက တစ်ခုပဲရှိပါတယ်။ အဲဒါက လူတွေကိုပဲဖြစ်ပါတယ်။ ဧရာဝတီမြစ်ကြီးကိုထိန်းချုပ်ရမယ့်သူတွေက လူတွေပဲဖြစ်ပါတယ်။ ထိန်းသိမ်းကြရမယ့်သူတွေကလည်း လူတွေပဲဖြစ်ပါတယ် ။ ဒီလူတွေစည်းကမ်းရှိနိုင်ကြပါ့မလား။ ဒီလူတွေ တရားဥပဒေကို လေးစားလိုက်နာနိုင်ကြပါ့မလား ဆိုတာ။

■ ■ ■

## တည်တည်ငြိမ်ငြိမ် ညီမလေး

နောက်ဖေးလမ်းကြားလေး
မဆွံ့အသေးခင်အချိန်ထိ သူမလှနေဦးမယ်
စိန်ပန်းပွင့်ရာကျောင်းတော်ကြီးရှိနေသမျှ
သူမနုပျိုနေဦးမယ်
အဓိပတိလမ်းတွေ အငိုမတိတ်သေးခင်အချိန်ထိ
သူမချစ်ဖို့ကောင်းနေဦးမယ်
သူမက ကျွန်တော့်ညီမလေးပေါ့။

စက်ရုံတွေလည်ပတ်နေသေးသမျှ
သူမရှင်သန်နေဦးမယ်
အချိန်မှန်မှန်အပြုံးပန်းဆက်သနေတဲ့ သူမ
ညီမလေးလေ
အခုချိန်ထိ နုဆဲ ပျိုဆဲ လှနေဆဲပေါ့။

ငါတို့ရင်ထဲက အဖိနှိပ်ခံညီမလေး
ဖိနှိပ်သူကို တွန်းလှန် တော်လှန်ခြင်းရဲ့
အလုပ်သမပျိုလေးပေါ့။

ညီမလေးပေါ့ အဲဒီညီမလေးပေါ့
ဒီမြေပေါ်က ညီမလေးပေါ့
ဒီရေပေါ်က ညီမလေးပေါ့
ဟောဒီကမ္ဘာကြီးထဲက ညီမလေးပေါ့
လမ်းပြကြယ်ညီမလေးပေါ့။

ငါတို့ရင်ထဲက ထာဝရညီမလေးလေ
ဘယ်ဂြိုဟ်ပေါ်ကကြည့်ကြည့်
ဘယ်နှလုံးသားနဲ့ကြည့်ကြည့်
ဘယ်အနုပညာနဲ့ကြည့်ကြည့်
ဘယ်မျက်လုံး နဲ့ကြည့်ကြည့်
ထာဝရတည်တံ့နေမယ့် ညီမလေးပေါ့။

ကြယ်များသခင် အလင်းရှင်ညီမလေး
ငါတို့ချစ်တဲ့ညီမလေး
အစာအိမ်တို့ရဲ့မိတ်ဖက် သမုဒ္ဒရာတို့ရဲ့စီးဆင်းရာ
ပန်းတို့ရဲ့သခင် ဒီမြေပြင်မှာ ထာဝရတည်တံ့ပါစေ။ ။

**ဇော်ဇော်ထိုက်** (၅၂၈)





# သဘာဝပတ်ဝန်းကျင် ချစ်တတ်အောင်သင်

မြမြင့်မိုရ်

အမှန်အတိုင်းဝန်ခံရလျှင် ကျွန်တော်သည် ကျေးတောသားတစ်ယောက်ဖြစ်ခဲ့ဖူးသည်။ ငယ်စဉ်က သဘာဝရေမြေတောတောင်ကြားတွင် နေခဲ့ဖူးသည်။ တစ်ဖက်က တောင်ကုန်းတောင်တန်း၊ တစ်ဖက်က အနောက်ရိုးမတောင်ခြေအထိ ကျယ်ပြန့်သော လယ်ကွင်းတွေရှိရာ ကျေးလက်၌ နေခဲ့ဖူးသည်။ သမင်တွေ၊ ဒရယ်တွေ၊ တောဝက်တွေရှိရာ တောထဲတောင်ထဲ ထင်းခုတ်၊ ဝါးခုတ်လည်း သွားဖူးသည်။ သစ်ပင်တောတောင်တွေကြား ရောင်စုံသစ်ခွပန်းတွေလည်း တွေ့ဖူးသည်။ စမ်းပေါက်တွေမှာ ရေချိုးဖူးသည်။ တောတွင်းက ရေအိုင်တွေမှာ ရေချိုးဖူးသည်။ ရောင်စုံငှက်ကလေးတွေ၊ လိပ်ပြာကလေးတွေ တွေ့ဖူးသည်။ သို့သော် သဘာဝပတ်ဝန်းကျင်ကို စာတစ်စောင် ပေတစ်ဖွဲ့နှင့် မခံစားတတ်ခဲ့။ ဒီလိုနှင့် နေလာရင်း ဆရာဇော်ဂျီ၏ 'သဘာဝအလှ၊ ပုဂံမှ' ကဗျာကို အမှတ်ထင်ထင်ဖတ်လိုက်မိသည်။ ရင်ထဲကို သဘာဝတရားက အလှတစ်ပါးအဖြစ် ဝင်ရောက်သွားခဲ့သည်။ ဆရာ၏ ကဗျာမှာ ရှုမဝတွင် ၁၉၈၄ က ရေးခဲ့သော ကဗျာ။ ထိုကဗျာကြောင့် သဘာဝအလှကို ခံစားတတ်သွားသည်ဟု ဝန်ခံလိုပါသည်။

ညီသစ်ဆင်း
မင်းပုဂံရောက်
ဤတစ်ခေါက်တွင်
ဆောင်းပေါက်ခါစ
တန်ဆောင်လတည့်။
မြူဝေညနေ
မှိုင်းဝေဝေနှင့်
တောင်ခြေတုရင်
ညိုပြာဆင်တည့်
တုရင်မြင့်ကျိုး
တောင်ကျောခိုင်းလျက်
တွဲဆိုင်းတည်ငြိမ်
တိမ်မကန်းကွက်
ကောင်းကင်ထက်ဝယ်
ပြက်ပြက်ထင်ထင်
မင်းမြင်ခဲ့ရာ ငေးမိပါဟု
ဆိုလာမင်းက မင်းတမ်းတ
သဘာဝအလှ ပုဂံမှ။

ကဗျာဆရာကြီးက သူ၏ညီသစ်ဆင်း အစချီကဗျာများဖွဲ့ရာတွင် ညီအစ်ကိုနှစ်ယောက် စကားပြောသလိုဖွဲ့တတ်ရာ တုရင်တောင်ကိုနောက်ခံထား၍ သဘာဝအလှတစ်ကွက်ကို ဖော်ပြခဲ့သည်။ တုရင်တောင်တဝိုက်မှ တောင်ခြေတွင် ညိုပြာဆင်သော အရောင်နှင့်တော။ ပြီးတော့ တုရင်တောင်မြင့်က အခြားတောင်များကို ကျောခိုင်းထားရုံမက ကောင်းကင်ထက်၌ တိမ်မကန်းကွက်အထပ်ထပ်ကို မြင်အောင် ပြခဲ့သည်။ လူတိုင်းမြင်ဖူး၊ ကြုံဖူးသောမြင်ကွင်းကို အလှတရားတစ်ခုအဖြစ် စာတတန် ပေတတန်ဖွဲ့ခဲ့ရာ ရင်ထဲသို့ ဝင်သွားသည်။ ထိခိုက်ခံစားရသည်။ ပြီးတော့ ဆရာ၏ စကားအသုံးအနှုန်းတစ်ခု။ 'တွဲဆိုင်းတည်ငြိမ်၊ တိမ်မကန်းကွက်၊ ကောင်းကင်ထက်ဝယ်' ဆိုသည့် အဖွဲ့အနွဲ့။

ဗုဒ္ဓဝင်၌ သိဒ္ဓတ္ထမင်းသားသည် ကပိလဝတ်ရွှေပြည်မှ တောထွက်ကာ အနော်မာမြစ်ကို ဖြတ်ကူး၍ ရဟန်းမဝတ်မီ သူ၏ဆံတော်ကိုပယ်၍ ဘုရားအဖြစ်ကို ရမည်ဆိုလျှင် သူ၏ဆံစုသည် ကောင်းကင်၌ တည်ပါစေသားဟု ဆုတောင်း၍ ဆံတော်ကို ကောင်းကင်သို့ ပစ်လိုက်ရာ ကောင်းကင်၌ ဘုရားအလောင်းသိဒ္ဓတ္ထ၏ ဆံစုသည် တွဲဆိုင်းတည်ငြိမ်တည်လေ၏ ဆိုသည့် အသုံးအနှုန်းမျိုးဖတ်ခဲ့ဖူးရာ တုရင်တောင်၏ ကောင်းကင်၌ တိမ်မကန်းကွက်တို့တည်နေပုံကို ဆရာကြီးက 'တွဲဆိုင်းတည်ငြိမ်' ဟု သုံးလိုက်ရာ ရင်ထဲ၌ ကျေနပ်သွားမိသည်။ ယခင်က တိမ်မကန်းကွက်တို့ကို တွေ့ဖူးသော်လည်း ကဗျာဆရာကြီး၏ ကဗျာကိုဖတ်ပြီးမှ တုရင်တောင်အစိမ်းနှင့် နောက်က တောတောင်ညိုပြာပြာအစိမ်းကိုပါ ခံစားတတ်သွားသည်။

အကြောင်းအားလျော်စွာ ပုဂံရောက်တော့ တုရင်တောင်ပေါ်မှ ဘုရားကိုဖူးရင်း တောတောင်တွေကိုရော၊ တိမ်တွေကိုရော ပုဂံခေတ်က နာမည်ကြီးမြကန်ကိုပါ မြင်ယောင်မှန်းဆ ခံစားတတ်သွားပါသည်။ သဘာဝအလှကို ခံစားတတ်အောင် ဆရာသခင်တို့က သင်ကြားလမ်းညွှန်ပေးသည်ဟု ခံယူမိပါသည်။ ကဗျာက ဒီလောက်နှင့်မပြီးပါ။

ဟုတ်ကဲ့အကို၊
ညီထပ်ဆိုအံ့
ထိုညနေချမ်း
တစ်ဖက်တမ်းက
တောင်တန်းခုံ့ခုံ့။
တန့်ကြည်ပေါ်တွင်
နေမေးတင်သည့်
နေဝင်သာယာ နီရွှေဝါနှင့်
ညီလာခံကြိုက်
စံပျော်ခိုက်တွင်
သုတ်လိုက်သုတ်လိုက်
အုပ်လိုက်စီရရီ
တုရင်ဆီသို့ ညီညာပျံသန်း
အိပ်တန်းပြန်ကြ
တောကျီးအတို့
တစ်မနှစ်မ လေးငါးမကို
မြင်ရသည်တွင်
ငေးချင်းစရာ ညီဆိုပါသည်
သဘာဝအလှ ပုဂံမှ။

ကျွန်တော်ကတော့ ဂူးဘုရားရင်ပြင်မှ တန့်ကြည်တောင်ဆီ နေဝင်ချိန်ကို ငေးကြည့်ဖူးသည်။ တန့်ကြည်တောင်ဘက်မှ တုရင်တောင်ဘက်သို့ ငှက်တွေ နေဝင်ချိန်၌ အုပ်စုလိုက် အုပ်စုလိုက် အသုတ်လိုက် အသုတ်လိုက်ပျံသည်ကို တွေ့ဖူးသည်။ ကဗျာဆရာကြီးကတော့ အိပ်တန်းပျံငှက်တွေဟု ပြောသည်။ တုရင်တောင်ဘက်၌ တောတွေ၊ တောင်တွေရှိသည်လေ။ ပြီးတော့ တန့်ကြည်တောင်ပေါ်နေ မေးတင်သည်ကိုလည်း စောင့်ကြည့်ဖူးရာ ဘုရင်မင်းမြတ်တွေ ညီလာခံကျင်းပသကဲ့သို့ နီဝါရွှေနှင့် နောက်ခံကားချပ်အဖြစ် လှပနေရာ ထိုနောက်ခံကား၌ တောကျီးအတွေ အဆုတ်လိုက် ပျံသန်းကြပုံကလည်း ငေးကြည့်ချင်စရာဟု ကဗျာဆရာကြီးက ဖွဲ့ပါသည်။

အိပ်တန်းပြန်ငှက်တို့ကို သဘာဝအလှအဖြစ် တခမ်းတနားဖွဲ့ဆိုထားရာ ကျွန်တော်တို့မှာ သတိမပြုဘဲ မနေနိုင်တော့ပေ။ ညနေခင်း တန့်ကြည်တောင်ပေါ်နေ မေးတင်ပုံ၊ ညနေခင်းတစ်ခုလုံး လှပနေပုံ၊ တောကျီးအတို့ ပျံသန်းကြပုံတွေ ဖတ်ရင်း သဘာဝတရားကို ပုဂံနောက်ခံနှင့် ခံစားတတ်အောင် ကဗျာဆရာကြီးက သင်ပြန်ပြီဟု တွေးရင်း ကျေးဇူးလည်း တင်မိ၊ စိတ်ထဲ၌လည်း ကြည်နူးမိသည်။ ဒီကဗျာကြောင့် ပတ်ဝန်းကျင်က သဘာဝအလှတွေကို အထူးတလည်သတိပြုမိလာပါသည်။

ပင်လယ်ကမ်းခြေတွေရောက်တော့လည်း ကဗျာဆရာကြီး၏ကဗျာကို အမှတ်တရရှိကာ ထပ်ဆင့်ပွားများ ခံစားတတ်သွားသည်။ အဆိုတော်ကြီးမာမာအေး၏ 'ဆည်းဆာ' သီချင်းကို လှိုင်းတွေမြင်သည်နှင့်ကြားယောင်လာသည်။ လှိုင်းကလေးတွေ ဖွေးကာ ဖွေးကာ ပြာသောကောင်းကင်အောက်မှာ ချစ်စရာ ဆည်းဆာ။ လှိုင်းကလေးတွေကလည်း သဘာဝအလှပင် မဟုတ်ပါလား။ စစ်ကိုင်းဘက်ရောက်တော့လည်း စစ်ကိုင်းတောင်သီချင်းသံကို ကြားယောင်ရင်း စစ်ကိုင်းတောင်အထက်နားဆီက အရှေ့တစ်လှွားရှုလိုက်ရင်လေ ဧရာဝတီ၊ ဒုဋ္ဌာဝတီ နတ်ပန်းချီဆေးစုံ ထွင်းရောလေသလား၊ ဝဲလက်ယာ အတွန့်အတွန့်နှင့် အလွန့်အလွန် သာယာပါပေသည် ဆိုတာ သဘာဝအလှပဲ ဖြစ်သည်လေ။

မြန်မာနိုင်ငံမှာက ကြည့်တတ်၊ မြင်တတ်၊ ခံစားတတ်မည်ဆိုလျှင် သဘာဝပတ်ဝန်းကျင်အလှတွေ အများအပြား ရှိနေသည်ကို သတိပြုမိကြလိမ့်မည်ဟု ထင်မြင်ယူဆမိပါကြောင်း။ သဘာဝပတ်ဝန်းကျင်အလှတွေကို လမ်းညွှန်သင့်သည်ဟုလည်း ထပ်ဆင့်ယူဆမိပါကြောင်း။

■ ■ ■

## လမ်း

စိတ်က ခုန်ထွက်သွားတယ်
အရိပ်လည်း ဒရောသောပါး
လိုက်ပါ ခုန်ထွက်သွားတယ်
ငါ လူးလဲထ ခုန်ထွက်လိုက်တယ်
မျှော်လင့်ရိပ်တွေ
အိပ်ရာထဲမှာ ခွေလို့
အပြင်မှာ
မြူထဲက လမ်း
မြစ်တွေထက် ပိုကွေ့နေတယ်။ ။

မောင်နီမွန်





# ဘဝမှတ်တမ်း

နှင်းပန်းအိမ်

ကရင်လူမျိုးရဲ့ ဘဝဖြစ်တည်မှုနဲ့ နီးကပ်စွာ နေခွင့်ရခဲ့တဲ့ကျွန်မအတွက် ကရင်ရိုးရာ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာတွေကို ချစ်ခင်နှစ်သက်ခဲ့ရပါတယ်။

ဝါခေါင်လပြည့် ကရင်ရိုးရာလက်ချည်ပွဲကို ပထမဆုံးဆင်နွှဲခဲ့ရတာ ထိုင်းနိုင်ငံ နို့ဖိုးဒုက္ခသည်စခန်းမှာပါ။ ကရင်စစ်ပြေး ဒုက္ခသည်စခန်းမှာ နေထိုင်ရသူ ကရင်ဒုက္ခသည်တွေအတွက် ဇာတိမြေကို လွမ်းစိတ်နဲ့ ကျင်းပကြရတဲ့ပွဲဆိုရင်လည်း မှားမယ်မထင်ပါဘူး။

ထိုးစစ်တိုက်စစ်တွေကြောင့် မီးလောင်တောင်ယာတွေမြင်ရင် ဝမ်းနည်းကြေကွဲကြရတယ်။ တောင်ခြေချောင်းထဲက ကျွဲခလောက်သံ ပုံမှန်ကြားရရင် ပျော်ကြတယ်။ ဒါ ထိုးစစ်မရှိဘူး ဆိုတဲ့ အဓိပ္ပာယ်။ မောင်းထောင်းသံ၊ ဆန်ပြာသံကလည်း သူတို့အတွက် ဂီတသံတစ်ခုလို နားဝင်ချိုရတယ်ဆိုတဲ့ ကရင်လူမျိုး စစ်ပြေးဒုက္ခသည်တွေရဲ့ ရင်ဖွင့်စကားသံကလည်း ငြိမ်းချမ်းရေးကို တောင်းဆိုနေတဲ့အသံပါပဲ။

ရိုးရှင်းတဲ့ဘဝနဲ့ သဘာဝတရားနဲ့ အနီးကပ်ဆုံးနေကြရသူ ကရင်လူမျိုးတွေရဲ့ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာထဲမှာတော့ တောင်ထဲက ရလာတဲ့ သစ်ပင်ပန်းပွင့်တွေ၊ မြေစာပင်တွေ အဓိကပါဝင်ပါတယ်။ ငှက်ပျောဖီး၊ ကြံပင်၊ မြေစာပင်၊ ကောက်ညှင်းထုပ်၊ သစ်သားယောင်းမ ဝါးနဲ့ လုပ်ထားတဲ့အရာတွေမှာ အဓိပ္ပာယ်တွေ အများကြီးရှိနေတယ်။

ကရင်ဝတ်စုံနဲ့ ကွမ်းသွေးအပြည့်ရှိတဲ့ နှုတ်ခမ်းပေါ်မှာ အပြုံးတွေ တပ်ဆင်ထားတဲ့ ကရင်အဘွားအိုက 'ဖလူးလာ' 'ဖလူးလာ' လို့ ကရင်လိုခေါ်နေတယ်။ လက်ထဲက သစ်သားယောက်မလေးနဲ့ ထမင်းဟင်းအပြည့်ထားတဲ့ နီးစကောကို ရိုက်ရင်း ခေါ်နေတာပါ။ လိပ်ပြာတွေ ဝိညာဉ်တွေလာခဲ့ပါပေ့ါ။

နီးနဲ့ ရက်ထားတဲ့ အခင်းပေါ်မှာ ကောက်ညှင်းထုပ်၊ မြေစာပင်၊ ကြံအဆစ်အပိုင်းတွေ၊ ငှက်ပျောဖီးတွေထားထားတယ်။ အပ်ချည်ဖြူလေးတွေကလည်း ရစ်ခွေလို့။ ကောက်ညှင်းထုပ်ရဲ့ အဓိပ္ပာယ်က စည်းလုံးခြင်း။ မြေစာပင်ကတော့ ကရင်လူမျိုးတွေက ဘယ်လောက်ဖိနှိပ်ခံရခံရ ပင်ပန်းဆင်းရဲပါစေ၊ အနှင်းခံဘဝဖြစ်ပါစေ ပြန်လည်ရှန်းထရှင်သန်နိုင်တယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ ကြံအဆစ်အပိုင်းတွေက လူ့ဘဝရဲ့ အချိုးအကွေ့ ဘယ်လောက်များပါစေ အောင်မြင်အောင် ကြိုးစားနိုင်တယ်။ ငှက်ပျောဖီးကတော့ ကရင်လူမျိုးတွေက အစုအဖွဲ့နဲ့ နေတတ်တယ်၊ စုစုစည်းစည်းရှိတယ်ဆိုတဲ့အဓိပ္ပာယ်ပါ။ ဒီလို အဓိပ္ပာယ်ပြည့်စုံလှတဲ့အရာတွေပေါ်မှာ ရှိတဲ့ အပ်ချည်ဖြူက မေတ္တာကို ကိုယ်စားပြုတယ်။ ဒီအပ်ချည်ဖြူနဲ့ မေတ္တာကို ကိုယ်စားပြုပြီး လက်ကောက်ဝတ်မှာ ချည်နှောင်ပေးတဲ့ လက်ချည်ပွဲပါပဲ။ နှိမ့်ချမှုရှိခြင်းနဲ့ သစ္စာရှိခြင်းအရာမှာ ကရင်လူမျိုးတွေက ကျွန်မအတွက် စံပြဖြစ်ခဲ့ပါတယ်။

ဘုရားတနေရတဲ့ ခေတ်ကြီးကို ကျွန်မဖြတ်သန်းခဲ့ရပါတယ်။ ကျွန်မနည်းတူဖြတ်သန်းခဲ့ရတဲ့ ကရင်အမျိုးသမီးကြီး နော်ထူးဖော(ခ) နော်ရွှေပွင့်နဲ့ ကျွန်မဆုံခဲ့ဖူးပါတယ်။ နော်ထူးဖော(ခ) နော်ရွှေပွင့်ကို ကျွန်မတို့က အမိုးလို့ခေါ်ကြတယ်။ အမိုးက နိုင်ငံရေးအကျဉ်းကျမိသားစုဝင်တစ်ယောက်ပါ။ အမိုးသားက နိုင်ငံရေးအကျဉ်းသားဟောင်း ကိုစောသက်ထွန်းပါ။ ကဗျာဆရာနေခြူးအဖြစ် အနုပညာဖန်တီးသလို ကောင်းကင်ခေတ်စာသင်ကျောင်းကို တည်ထောင်သူလည်းဖြစ်ပါတယ်။

ဇရာဝတီတိုင်း မြစ်ဝကျွန်းပေါ်ကရင်အမျိုးသမီးအမိုးက နို့ဖိုးဒုက္ခသည်စခန်းက စစ်ပြေးဒုက္ခသည်ကရင်လူမျိုးတွေလို စစ်ပြေးဒုက္ခသည်မဖြစ်ပေမယ့် နိုင်ငံရေးဝေဒနာကို သေသည်အထိ ခံစားသွားရသူပါ။

ခေတ်စနစ်က ပေးလိုက်တဲ့ပြည်တွင်းစစ်မီးကို ကြုံခဲ့ရတယ်။ အကျဉ်းထောင်သံတိုင်တွေနောက်မှာ အနှစ် ၂၀ ကျော်နေရတဲ့သားကို တတ်နိုင်သလောက်ထောင်ဝင်စာတွေခဲ့ရသူ။ ခွဲခွာခြင်းကို ကြုံခဲ့ရပေမယ့် ဆင်းရဲပင်ပန်းမှုကို ကြုံခဲ့ရပေမယ့် မြေစာပင်လို ရှင်သန်နိုင်သူ။ သားဖြစ်သူနဲ့ တစ်နေ့ပြန်ဆုံရမယ်ဆိုတဲ့ ပြင်းပြတဲ့ယုံကြည်ချက်နဲ့ အသက်ရှင်နေထိုင်ခဲ့သူပါ။

အမိုးက ခေတ်ပညာတတ်ဘွဲ့ရမိခင်တစ်ယောက်မဟုတ်ပါဘူး။ ကျေးလက်မှာ နေထိုင်ပြီး ဘဝကြမ်းကြမ်းကို ရင်ဆိုင်ရပေမယ့် ခေတ်မီတဲ့အတွေးအခေါ်ကိုပိုင်ဆိုင်ထားသူပါ။ ခရစ်ယာန်ဘာသာကို သူ့အသက်ထက်ဆုံးယုံကြည်တယ်။ ဒါပေမဲ့ သူ့သားသမီးတွေကိုတော့ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ပေးခဲ့ပါတယ်။ သူ ယုံကြည်တဲ့ ခရစ်ယာန်ဘာသာထဲကို ဇွတ်အတင်းမသွင်းခဲ့ဘူး။ ဖိအားမပေးခဲ့ပါဘူး။ ငါ မိဘပဲ ငါလုပ်သလို သားသမီးတွေလိုက်လုပ်ရမယ်လို့ တစ်ခါမှ မပြောခဲ့သူပါ။ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်တဲ့ သားသမီးတွေကို နားလည်မှုပေးပြီး တစ်မိုးအောက်မှာ အတူငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်သူဖြစ်ပါတယ်။ "ဘာသာတရားတိုင်းက မေတ္တာကို အခြေခံတယ်" ဆိုတဲ့ အမိုးက မေတ္တာတရားအပြည့်နဲ့ နေထိုင်သွားသူဖြစ်ပါတယ်။

သာယာဝတီအကျဉ်းထောင်မှာ အကျဉ်းကျခံနေရတဲ့ ကိုစောသက်ထွန်းကို ထောင်ဝင်စာတွေ့ဖို့ ကြိုးစားရင်း NLD လူမှုအထောက်အကူကလည်း အမိုးကို ဝိုင်းဝန်းကူညီပေးပါတယ်။ နိုင်ငံရေးကြောင့် သားအမိနှစ်ရှည်ခွဲခွာနေရပေမယ့် နိုင်ငံရေးကို အပြစ်မမြင်၊ သားကို အပြစ်မမြင်သူတစ်ယောက်၊ သူ့သားလုပ်သမျှကို ဂုဏ်ယူတတ်သူ မိခင်တစ်ယောက်ပါပဲ။

အမိုးက သူ့သားသူငယ်ချင်းတွေကို သူ့သားလို သဘောထားပြီး ပြုစုယုယနွေးထွေးမှုပေးနိုင်သူပါ။ ကိုစောသက်ထွန်းသူငယ်ချင်းတစ်ယောက် ရွှေဝါရောင်တော်လှန်ရေးမှာ ပါဝင်လို့ အာဏာပိုင်က ဖမ်းဆီးဖို့ရှာဖွေနေချိန် ထွက်ပြေးတိမ်းရှောင်နိုင်ခဲ့ပါတယ်။ အမိုးက သား သူငယ်ချင်းကို လယ်ကွင်းထဲမှာ ဖွက်ထားပေးပြီး ထမင်းပို့ပေးပါတယ်။ ညဘက် လူခြေတိတ်ချိန် လူမမြင်အောင် လယ်ကွင်းထဲကို သွားရတာပါ။ ဖားရှာငါးရှာပြီး ထည့်ရတဲ့ ဝါးပလိုင်းထဲ ထမင်းထည့်တယ်။ တခြားသူမြင်ရင် လယ်ထဲ

> ငါ့သားအရွယ်၊ ငါ့သားသူငယ်ချင်း
> အကျဉ်းထောင်ထဲမှာ ငါ့သား ခံစားရသလို မခံစားစေချင်ဘူး

ကန်သင်းရိုးထဲ ငါးရှာ၊ ဖားရှာတယ်ပဲ ထင်ကြမှာပါ။ ဒီပလိုင်းထဲမှာ ပုန်းရှောင်နေသူအတွက် အသက်ဆက်ဖို့ ထမင်းပါတယ်၊ ဟင်းပါတယ်၊ မေတ္တာတွေ ပါခဲ့တယ်။

သားသူငယ်ချင်းနဲ့ အမိုးဘဝထပ်တူရင်းရတဲ့ အခြေအနေပါ။ ဒါကို အမိုးသိတယ်။ ငါ့သားအရွယ်၊ ငါ့သားသူငယ်ချင်းအကျဉ်းထောင်ထဲမှာ ငါ့သားခံစားရသလို မခံစားစေချင်ဘူး။ လွတ်မြောက်စေချင်တဲ့မိခင်စိတ်ကို ပိုင်ဆိုင်သူအမိုးပါ။ သူပိုင်ဆိုင်တဲ့ သူ့အမြတ်တနိုးထားဝတ်ဆင်တဲ့နားက နားကပ်လေးချွတ်ပြီး လွတ်မြောက်နယ်မြေအထိ သွားနိုင်ဖို့ အမိုးကူညီပေးလိုက်တယ်။

လူနဲ့ စနစ်ကို ခွဲခြားမြင်တတ်တဲ့ အမိုးပါ။ ကရင်တိုင်းရင်းသူအမိုးက ဗမာတိုင်းရင်းသားတစ်ယောက်ရဲ့ လွတ်မြောက်မှုကို ဘဝနဲ့ ရင်းကူညီခဲ့တာတွေကို သိရတော့ နက်ရှိုင်းစွာ ဂုဏ်ယူမိတယ်။

အချစ်ဆုံးသား ကိုစောသက်ထွန်း လွတ်မြောက်လာချိန်မှာ ခွဲခွာခဲ့ရတဲ့နှစ်တွေကို အတိုးချပြီး လက်ဖဝါးကြမ်းကြမ်းတွေနဲ့ သားပါးပြင်ကို ကိုင်တရှုံ့ရှုံ့နမ်းလိုက်တဲ့ အမိုးရဲ့ ချစ်ခြင်းကိုမြင်တော့ ကျွန်မတို့ မျက်ရည်ကျရပါတယ်။

ပညာရေးဆုံးခန်းမတိုင်ဘဲ အကျဉ်းကျခံခဲ့ရတဲ့ ကိုစောသက်ထွန်းက နိုင်ငံရေးအကျဉ်းကျမိသားစုဝင်တွေအတွက် ပညာရေးနဲ့ ဘဝကို အမြင့်ဆုံးပျံသန်းနိုင်ဖို့ ကောင်းကင်ခေတ်ဆိုတဲ့ ကျောင်းကိုတည်ထောင်ပါတယ်။

"ကျွန်တော့်ဘဝမှာ မိသားစု ၃ စု ရှိပါတယ်။ ကျွန်တော့်မိသားစုရယ်၊ အမိုးရယ်၊ အပါးရယ်၊ ကောင်းကင်ခေတ်ပါ"

ကိုစောသက်ထွန်းက စနစ်တကျနေရာချတတ်သူတစ်ယောက်ပါ။ ဖြစ်တည်မှုတိုင်းအတွက် တာဝန်ကျေပွန်သူတစ်ယောက်ပါ။ ကောင်းကင်ခေတ်စာသင်ကျောင်းအတွက် ငွေပိုသုံးရတဲ့အခါ မိသားစုအတွက် ငွေကို ခြိုးခြံရပါတယ်။ သူချစ်တဲ့အမိုးအတွက် နေစရာ၊ စားစရာ ဖန်တီးပေးပြီး ကျန်းမာရေးစောင့်ရှောက်မှုကိုပါ ပေးနိုင်သူ။ အမိုးအတွက် ပိုမိုလုပ်ပေးချင်ပေမယ့် ကျောင်းအတွက် ပိုအားစိုက်ရလို့ဆိုတာကို ရှင်းပြတဲ့အခါ အမိုးက သူ့ထုံးစံအတိုင်း အားပါးတရပြုံးရင်း နှစ်သိမ့်တတ်ပါတယ်။

"အမိုးအတွက် ငွေမလိုဘူး ဖိုးခွား။ ဖိုးခွားအတွက် အမိုးခေါင်းမော့ရင်ကော့ ဂုဏ်ယူနိုင်တယ်။ စောသက်ထွန်းအမိုးဖြစ်ခွင့်ရတာနဲ့တင် ပြည့်စုံတယ်" တဲ့။

ခက်ခဲကြမ်းတမ်းတဲ့ဘဝခရီးလမ်းမှာ နားလည်ပေးခြင်းခံရတာ၊ အားပေးခြင်းခံရတာ ဘယ်တော့မှ အထီးကျန်းမှုမဖြစ်ဘူးဆိုတာကို နားလည်သူအမိုးပါ။ ဒါကြောင့်လည်း ဘုရားတနေရတဲ့ခေတ်ကြီးကို ကျွန်မတို့အတူတကွ ဖြတ်သန်းနိုင်ခဲ့၊ ကျော်လွှားနိုင်ခဲ့တာသည် ဒီလိုမေတ္တာတွေကြောင့်ပါပဲ။

၂၀၁၈ နှစ်သစ်မှာ ကျွန်မတို့ချစ်ခင်သူတွေနဲ့ ခွဲခွာရတယ်။ အမိုးလည်း ကျွန်မတို့ကို ခွဲခွာသွားခဲ့ပါပြီ။ အမိုးရဲ့ နောက်ဆုံးခရီးများပနကို ခရစ်ယာန်ဘာသာဝင်တစ်ယောက်ရဲ့ထုံးတမ်းစဉ်လာအတိုင်း ဖြည့်ဆည်းပေးနိုင်ခဲ့ကြပါတယ်။

ချည်ရောင်စုံရက်ဖောက်ထားတဲ့ ကရင်ဝတ်စုံနဲ့ အမိုးခရစ်တော်ထံမှာ အိပ်ပျော်သွားပါပြီ။

အမိုးရဲ့ဘဝမှတ်တမ်းထဲမှာ ပြည်တွင်းစစ်မီးကို ခံခဲ့ရသူအဖြစ်၊ နိုင်ငံရေးဝေဒနာသည်အဖြစ် ဖြတ်သန်းမှုတွေကို ချန်ထားခဲ့ပြီး မေတ္တာခရီးသည်အဖြစ် ရှေ့ခရီးကို ငြိမ်းချမ်းစွာ လျှောက်လှမ်းနိုင်ပါစေလို့ ကျွန်မတို့အားလုံး အမှုပေးဝေဆုတောင်းလိုက်ရပါတယ် အမိုးရေ။

www.free4readers.com

# အိုသူတွေ ပျိုရွှယ်မယ့်ဆေး ပေးတတ်ကြပါစေ

မိုးမခ (နန်းမြေ)




မြတ်စွာဘုရားဟောကြားတော်မူခဲ့သော 'စိတ်သာ အဓိက' ဆိုရာမှာ တတိယအရွယ်ရောက်လာကြတဲ့ သက်ကြီးရွယ်အိုတွေအတွက် အဓိက အရေးပါလှပါတယ်။ နိုင်ငံ့တာဝန် စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ပြီး ပင်စင်ယူခဲ့ကြတဲ့ သက်ကြီးရွယ်အိုတွေမှာ စိတ်နဲ့ ပတ်သက်တဲ့ ရောဂါပိုလို့ ဖြစ်နိုင်ပါတယ်။ အသက်အရွယ်ကြီးလာတဲ့အခါ စိတ်ပျော်ရွှင်ရပါ့မလား၊ ကိုယ့်သားသမီးတွေကရော ကိုယ့်အပေါ်စိတ်ချမ်းသာမှုပေးနိုင်ကြပါ့မလားဆိုတာ တွေးမိတဲ့ အဘိုးအဘွားအရေးအတွက် နည်းမှာပါ။ အကြင်နာတရား နည်းပါးလာကြတဲ့ ခေတ်ကာလမှာကိုယ်တိုင်သက်ကြီးရွယ်အို ဘဝရောက်တဲ့အခါ ဘယ်လိုများ ရင်ဆိုင်ဖြတ်သန်းရပါ့မလဲ တွေးကြည့်ရုံနဲ့တင် ကျွန်မစိတ်တွေ ခဏသေခဲ့ဖူးပါတယ်။

တာဝန်တစ်ခုအရ ဘဏ်ကိုသုံးလတစ်ကြိမ်ရောက်မိတိုင်း ကျွန်မချစ်တဲ့ အဘိုးအဘွားတွေနဲ့ အမြဲဆုံရပါတယ်။ များသောအားဖြင့် သူတို့တွေ ကိုယ်ရပိုင်ခွင့်ရှိတဲ့ပင်စင်ငွေလေးကိုအပင်ပန်းခံပြီး လာရောက်ကြရုံ သက်သက်မဟုတ်ပါဘူး။ ပင်စင်ထုတ်မှတွေ့ကြရတဲ့အပေါင်းအသင်းတွေကိုဒီလိုနေရာမှာ တစ်စုတစ်စည်းတည်းတွေ့ခွင့်ရတာကြောင့် လာကြတဲ့သူတွေက များပါတယ်။ လုပ်ဖော်ကိုင်ဖက် အချင်းချင်း မြင်တွေ့ကြရတဲ့အခါ ဝမ်းသာအားရ နှုတ်ဆက်ကြ၊ အလာပ သလ္လာပပြောကြ ကြားနေရတဲ့ ကျွန်မ သံဝေဂ အမြဲရပါတယ်။ မြင်တွေ့နေရတဲ့ သူတို့တွေ တစ်ခါတလေ ရယ်စရာကောင်းကြသလို တစ်ခါတလေ ချစ်စရာကောင်းနေပြန်တယ်။ တစ်ခါတလေ ကြည်နူးစရာကောင်းသလို တစ်ခါတလေ စိတ်မကောင်းစရာတွေ မြင်တွေ့ရလေ့ရှိတဲ့ပင်စင်စားများ ဘဝလေးတွေပါ။

"ဟာ သူငယ်ချင်း ဝမ်းသာလိုက်တာကွာ မတွေ့ရတော့ဘူးထင်တာ ပြီးခဲ့တဲ့လက မင်းမလာလို့ ငါစိတ်ပူနေသေး၊ အိမ်က ကလေးတွေကလည်း သူတို့အလုပ်နဲ့ သူတို့မအားကြတာနဲ့ မင်းအိမ်လာမေးချင်ပေမယ့်ကွာ . . ."

"အေးကွာ ငါလည်း မင်းဆီ ဖုန်းဆက်ပြောပြချင်သား ဖုန်းခေါ်ခိုင်းတော့လည်း အိမ်က သမီးက မအားဘူးတဲ့ကွာ ဒို့တွေ ပင်စင်ထုတ်ရင်တော့ တွေ့ကြမှာဆိုတော့လည်း . . ."

အဘိုးအို နှစ်ယောက်သား တစ်ယောက်လည်ပင်း တစ်ယောက်ဖက် မျက်ရည်ဝိုင်းလို့ စကားလက်ဆုံကျနေကြတယ်။ ဘဝနေဝင်ချိန်နီးသူ အချင်းချင်း နှလုံးသားချင်းယှက်၊ နွေးထွေးမှုတွေနဲ့ အပြန်အလှန်အားပေးနေကြရင်းပေါ့။

အဘိုးအိုနှစ်ယောက် ထိုင်နေတဲ့နေရာကို မျက်ခုံးမွေး ခပ်မျှင်မျှင်လေး ဆွဲထားပြီး မိတ်ကပ်အဖွေးသားလိမ်းလို့ ပြုံးရွှင်နေတဲ့ မျက်နှာနဲ့ အဘွားတစ်ယောက် ထပ်ရောက်လာပါတယ်။

"ဟယ် ကိုဘိုးအောင် တော်တို့ရောက်နေတာ ကြာပြီလား။ ကျုပ်နောက်ကျသွားတယ်။ သမီးအကြီးမကကားနဲ့ လိုက်ပို့မယ် စောင့်ပါဦးဆိုတာနဲ့ တော်။ တကယ်ပါပဲ"

အဘွားက ပြောပြောဆိုဆိုနဲ့ စကားတွတ်ထိုးနေတဲ့ အဘိုးအိုနှစ်ယောက်ဘေး ခပ်သွက်သွက် ထိုင်ချလိုက်တယ်။ ပြီးတော့ လက်ထဲကပိုက်ဆံအိတ်ဖွင့်ပြီး စာရွက်တစ်ရွက်ထုတ်လိုက်တယ်။ အဲဒါကို မြင်တဲ့ အသားညိုညိုအဘိုးအိုက အသားဖြူတဲ့ အဘိုးအိုကို လက်တို့ပြီးပြတယ်။ ဘာလုပ်တာလဲပေါ့။ အဲ့လိုပြတာကိုအဘွားက မြင်ဖြစ်အောင် မြင်သွားပြီး အဘိုးအိုနှစ်ယောက်ကို မျက်စောင်းလှမ်းခဲတယ်။

"ကျုပ်အကြောင်းအတင်းပြောနေတာ မဟုတ်လား၊ ကျုပ်သိတယ်နော်" တဲ့။

"မဟုတ်ပါဘူးဟ နင်ကလည်း တွေ့တာနဲ့ ငယ်ငယ်ကလို စွာနေရောပဲ။

"ဩော် လှတာပေါ့တော် ကျုပ်သမီးလတ်က အလှပြင်ဆိုင်ဖွင့်ထားတာလေ ဟဲ ဟဲ"

အဘွားစကားကြောင့် အဘိုးနှစ်ယောက် တဟားဟား ထရယ်ကြသလို သူတို့ဘေးမှာ ထိုင်မိနေတဲ့ ကျွန်မလည်း ပြုံးစိစိ ဖြစ်သွားတယ်။

"အေးပေါ့ အဲဒါကြောင့် နင့်မျက်နှာက တရုတ်သရဲမလို ဖြစ်နေတာ"

"ဒါပေါ့ ငါ့သမီးက အကောင်းစား မိတ်ကပ်နဲ့ ပြင်ပေးတာကိုး မင်းသမီးနဲ့ တူမှာပေါ့ဟဲ့"

ပျော်တတ်တဲ့ အဘိုးနဲ့ နားမကောင်းတော့ဘဲ သူကြားချင်ရာကြားပြီး ပြောချင်တာ ပြောနေတဲ့ အဘွား အသံက ဘဏ်ကိုလာသမျှ လူတွေ စိတ်ပင်ပန်းမှုကို ပြေစေခဲ့သလိုပါ။

တချို့သော ပင်စင်စား အဘိုးအဘွားများကလည်း အိုမင်းမစွမ်း၊ ကိုယ့်ခန္ဓာ ကိုယ်မသယ်နိုင်ပေမယ့် ရသမျှ ပင်စင်လစာလေးတွေကို လာထုတ်နေကြပါတယ်။ တုန်ချိချိခြေလှမ်း၊ မှုန်ဝါးဝါးမျက်စိ၊ ထိုင်းသောနား၊ ကိုင်းသောခါးကို အားတင်းပြီး လာထုတ်နေကြတဲ့ ပင်စင်လစာက သူတို့အတွက် အဓိကမဟုတ်ခဲ့ပါဘူး။ ဇရာကြောင့် အားမရှိပေမယ့် လုပ်ဖော်ကိုင်ဖက်တွေနဲ့ ဆုံကြရတဲ့ နေရာလေးမို့ ဇရာအိုတွေ မျက်နှာအပြုံးတွေ ချိုမြလို့နေပါတယ်။ ငယ်မူ ငယ်သွေး ပြန်ရတဲ့ နေရာလေးမို့ ဘဏ်လေးက သူတို့မပျက်မကွက် လာချင်နေကြတဲ့ နေရာလေးတစ်ခုပေါ့။ အသိတစ်ယောက်ရဲ့ အဘိုးဆို ဘဏ်သွားရမယ့် ရက်တိုင်း မနက် လေးနာရီကတည်းက အိပ်ရာထ၊ ရေမိုးချိုး၊ အမွှေးနံ့သာလိမ်းချယ်လို့ ဝတ်စားပြင်ဆင်ပြီး အချိန်ကို ထိုင်စောင့်နေတတ်တာကို ကြားဖူးပါတယ်။

စိတ်ပျိုရင် ကိုယ်နုတာမို့ အသက် ခုနှစ်ဆယ်၊ ရှစ်ဆယ်ကျော်ပေမယ့် ဖျတ်လတ်သွက်လက်နေဆဲ အဘိုးအဘွားတွေရှိသလို ပင်စင်ယူတဲ့တစ်နှစ်မပြည့်ခင်မှာဘဲ ကျန်းမာရေးချူချာပြီး ရောဂါတစ်မျိုးပြီးတစ်မျိုးဖြစ်လို့ အိပ်ရာထဲလဲတဲ့သူ၊ လေဖြတ်တဲ့လူတွေလည်း ဒုနဲ့ဒေးနဲ့ပါ။

နိုင်ငံ့တာဝန် ထမ်းဆောင်ခဲ့စဉ်က မိမိတာဝန်ကျေပွန်ခဲ့တာတွေကို စိတ်ကျေနပ်ပြီး ကျန်ရှိနေတဲ့ ဘဝသက်တမ်းကိုစိတ်လက်ပေါ့ပါးစွာ ဖြတ်သန်းနေကြတဲ့သူတွေ၊ အရင်က အချိန်မရခဲ့လို့ မလုပ်ရသေးတဲ့ ဘာသာရေး၊ လူမှုရေးတွေနဲ့ ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းကြသူတွေကတော့ "ကျန်းမာရေးများ နှာတောင်မစေးဘူးကွ" လို့ဂုဏ်ယူကြရတဲ့ အထိ ဒေါင်ဒေါင် မြည်တယ်။ တရားနဲ့ မွေ့လျော်သူ၊ စာပေနဲ့ ပျော်မွေ့သူတွေ အပါအဝင်ပေါ့။

တချို့ပင်စင်စားများကျတော့ ပင်စင်ရလို့အနားယူခဲ့ပေမယ့် ကိုယ်တာဝန်ယူခဲ့တဲ့ရာထူးအပေါ် မက်မောစိတ်၊ ဂုဏ်ယူစိတ်တွေကို ပင်စင်ရလို့ အနားယူခဲ့တဲ့အချိန်အထိ သယ်လာခဲ့ပြီး 'ငါ' စွဲမကျ မာန်မချမိခဲ့ဘူး။ တင်းထားမိတဲ့ စိတ်သန္တာန်တွေကြောင့် ပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေမနေနိုင်တဲ့အခါ ဝိရောဓိတွေများလာခဲ့ပြီး မနေတတ်၊ မထိုင်တတ်နဲ့ကျန်းမာရေး ဖောက်လာပါတော့တယ်။ သွေးတိုး၊ ဆီးချိုကစလို့ မဖြစ်ဖူးခဲ့တဲ့ ရောဂါတွေပါ ဖြစ်လာတဲ့အထိ ဖြစ်လာကြတဲ့အခါ စိတ်ဓာတ်တွေ ပိုကျပြီး လေဖြတ်ခြင်း ဝေဒနာတွေကိုပါ နောက်ဆက်တွဲခံစားလာကြရပါတယ်။ နိုင်ငံ့တာဝန်ထမ်းဆောင်နေကြတဲ့ အချိန်က သွက်လက်ဖျတ်လတ်ခဲ့သလောက် ပင်စင်ယူပြီးတဲ့အချိန်မှာ သူတို့ကျန်းမာရေးတွေ ဖောက်ပြန်လာခဲ့တဲ့ အဓိက တရားခံက 'စိတ်'ပါ။

ကိုယ်တိုင် လုပ်ငန်းခွင်က ပင်စင်စားမဟုတ်တဲ့မိသားစုပင်စင်စားအဘွားတစ်ယောက်ကိုလည်း တွေ့ဆုံခဲ့ဖူးပါတယ်။ မိသားစုပင်စင်ဖြစ်စေ၊ ပင်စင်စားဖြစ်စေ၊ ကိုယ်တိုင်လာမဟုတ်နိုင်တဲ့အခါ ကိုယ်စားလှယ်လွှဲစာနဲ့ ပင်စင်ထုတ်ယူလို့ရပါတယ်။ သုံးလတစ်ကြိမ်သို့မဟုတ် ခြောက်လတစ်ကြိမ်တော့ လူတွေ့စစ်ဆေးပါတယ်။ ဘဏ်မှာ ပင်စင်လာထုတ်ကြတဲ့သူတွေထဲ လေဖြတ်ထားတဲ့ အဘိုးအဘွား တော်တော်များများကိုလည်း မြင်တွေ့နေရပါတယ်။ သူတို့တွေကို သားသမီး မြေးမြစ်တွေက ဖေးမပြီး တွဲခေါ်လာကြပါတယ်။ လေထိထားပေမယ့် အသိမလွတ်သေးတဲ့ အဘိုးအဘွားတွေရဲ့မျက်နှာမှာမူ အားငယ်ဝမ်းနည်းမှုတွေ အတိုင်းသား မြင်နေရပါတယ်။ ဘဏ်မှာ လူတွေ့စစ်ဆေးတဲ့အချိန်မို့ မဖြစ်မနေလာကြရတယ် ထင်ပါတယ်။ ဘဏ်စာရေးမခေါ်လာမယ့် နာမည်အလှည့်မကျလို့ စောင့်နေကြတုန်းမှာ

"ဟဲ့ဟဲ့ မဆွဲနဲ့လေ ငါ့အသားတွေ နာတယ်၊ မလုပ်နဲ့လေ အား"

အဘွားတစ်ယောက်ရဲ့စူးစူးဝါးဝါး အော်ဟစ်လိုက်တဲ့အသံကို ကြားလိုက်ရပြီး ဘဏ်မှာ စောင့်နေတဲ့လူတွေရဲ့ မျက်စိက အသံကြားရတဲ့ဆီရောက်သွားတယ်။

သမီးလို့ ထင်ရတဲ့ ခပ်ရွယ်ရွယ် အမျိုးသမီးက အသက် ခုနှစ်ဆယ်ကျော် ခပ်ပိန်ပိန် အဘွားအိုလက်ကို အတင်းဆောင့်ဆွဲပြီး လူတွေ့စစ်ဆေးမယ့် ကင်မရာရှေ့အတင်းဆွဲခေါ်နေတာ။

"လာပါ အမေရဲ့ ခဏလေးပါ။ အမေ့ကို ဓာတ်ပုံရိုက်ပေးမလို့တဲ့ လာပါနော် လာ လာ"

"ဟင် ဟုတ်လား၊ အေး အဲဒါဆို လိုက်မယ် လိုက်မယ်၊ လှလှလေး ရိုက်နော်၊ နေဦးဟဲ့ ငါ့ခေါင်းဖီးရဦးမယ်"

"အမြန်လုပ်ပါ အမေရဲ့"

သမီးလုပ်သူက သူတို့ နောက်မှာ စောင့်နေကြတဲ့ သူတွေကို အားနာလို့လား၊ စိတ်ကယောက်ကယက်ဖြစ်နေတဲ့ အမေအိုကို စိတ်မရှည်လို့လားမသိ။ လက်ကို အတင်းဆောင့်ဆွဲပြီး ခေါ်သွားတယ်။ သူတို့ကို ကြည့်နေကြတဲ့ အဘိုးအဘွားတချို့ရဲ့မျက်ဝန်းမှာ မျက်ရည်စတွေ ကျွန်မမြင်နေရတယ်။ ငယ်ရွယ်သူတချို့ရဲ့မျက်ဝန်းမှာ ဟာသ တစ်ပုဒ်ဖတ်နေရသလိုရယ်မောရိပ်တွေစွန်းထင်းနေတယ်။ အဘွားအိုကိုချော့လိုက်၊ ခြောက်လိုက်နဲ့ပဲ အဘွားအို ထုတ်ခွင့်ရတဲ့ပင်စင်ငွေစလေးတချို့ ထုတ်ယူတဲ့ အလုပ်အောင်မြင်သွားကြတယ်။ ဆိုက်တွဲလို့ ခေါ်တဲ့ ဆိုင်ကယ်ဘေးတွဲကြီးပေါ်မှာ ထမီစွန်တောင်ဆွဲပြီး ပါသွားတဲ့ အဘွားအိုရှိတဲ့ကတ္တရာလမ်းပေါ်အထိ စောစောပိုင်းက ရယ်မောနေတဲ့အဘိုး၊ အဘွားတွေရဲ့မျက်ရည်စို့နေတဲ့ မျက်ဝန်း မှိန်မှိန်ဖျော့ဖျော့ကလေးတွေလည်း ကပ်ပါသွားခဲ့တယ်။

သူတို့အတွေးထဲမှာ အိုမင်းမစွမ်းလို့ သားသမီးတွေ ငြိုငြင်ကြတဲ့အိုမင်းမစွမ်းရတဲ့ဒုက္ခကို သတိပြန်လည်စေတဲ့ မြင်ကွင်းလေ။ ပူငန်စပ်ခါး ရှောင်ရှားလို့ မွေးဖွားပေးခဲ့ရတဲ့ မိဘဒုက္ခ၊ သူတို့အရွယ်ရောက်လာအောင် ပြုစုစောင့်ရှောက်ခဲ့ရတဲ့သောကတွေ မစာနာလေရော့သလားလို့ ကိုယ်ချင်းစာတွေးနဲ့ ခဏ ငေးငိုင်သွားကြတဲ့ အဘိုးအဘွားတွေရဲ့မျက်နှာက မလန်းဆန်းတော့ဘူး။ ဗျစ်တောက်ဗျစ်တောက်ပြောရင်း အဘွားကို ဆွဲခေါ်သွားတဲ့ သမီးကို စိတ်မသက်သာတဲ့အကြည့်တွေနဲ့လည်း ကြည့်နေကြတယ်။ ကျွန်မလည်း အဲဒီမြင်ကွင်းကို မြင်မိတဲ့အချိန်မှာ ကိုယ်တိုင်လည်း အသက်ရှည်တဲ့ ကံပါလို့ အဘိုးအဘွား အရွယ်ရောက်ခဲ့ရင်ရော ဘယ်လိုဘဝရှိနေပါ့မလဲဆိုတဲ့ အတွေးနဲ့တင် ကျွန်မပါးမှာ မိုးရွာခဲ့တယ်။

တကယ်တော့ အသက်အရွယ်ရလာတဲ့ မိဘ ဘိုးဘွားသက်ကြီးရွယ်အိုတွေ အားလုံးကို ကျွန်မတို့အတွက် သားသမီးများလို သဘောထားပြီး ပြုစုယုယပေးကြရတော့မယ့်အချိန်ပါ။ သူတို့စိတ်ချမ်းသာဖို့ အဓိကပါ။ လူလားမြောက်လာတဲ့တစ်နေ့ တချို့သားသမီးတစ်ယောက်က အသက်အရွယ်ရလာတဲ့ မိဘကိုဘာမှတတ်သိနားလည်ခြင်းမရှိ ခေတ်မမီတော့တဲ့သူတွေလို သဘောထား ချောင်ထိုးထားတတ်ကြပါတယ်။

"အမေဘာမှ မသိပါဘူးဗျာ"၊ "အဖေ့အတွေးတွေက ဒိတ်အောက်နေပါပြီ" ဆိုတဲ့ စကားတွေက မိဘတွေရဲ့ နှလုံးသားမှာ ပိုပြီး အားငယ်စိတ်တွေ ဖြစ်တတ်ပါတယ်။ "ငါတို့ခေတ်ကဆိုရင်လေ" လို့ပြောလာမယ့်သက်ကြီးရွယ်အိုတွေရဲ့စကားကိုဗဟုသုတရလိုက်တာဆိုတဲ့ အတွေးနဲ့ နားထောင်ပေးတတ်သူနည်းလာပါပြီ။ "နေရာတကာ ပါလွန်းတယ်" လို့ ပြောဆိုတတ်တဲ့ သားသမီးတွေ၊ မြေးတွေနဲ့နေချင်သူ အဘိုးအဘွားမရှိပါဘူး။ အသက်ကြီးလာလေ သူတို့တွေရဲ့နာကျင်မှုက ပိုများလာလေလေပါပဲ။ သူတို့ရဲ့ ဘဝဖြတ်သန်းမှု အတွေ့အကြုံတွေကို သူတို့အနားမှာ နားထောင်ပေးမယ့်လူ ရှိလို့ကတော့ မစားမသောက်ဘဲ စကားပြောချင်ရှာကြတဲ့ အရွယ်။ အထီးကျန်စိတ်၊ အားငယ်စိတ်တွေကလည်း ပိုများလာခဲ့တဲ့ အရွယ်ပါ။

စာမျက်နှာ (၃၁) သို့ ... >>

www.free4readers.com

# ပုသိမ်ကြီးမြို့နယ် အဖွဲ့ချုပ်လူငယ်လုပ်ငန်းအဖွဲ့ရွေးချယ်



မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ် အဖွဲ့ချုပ် လူငယ်လုပ်ငန်းအဖွဲ့ ရွေးချယ်ခြင်းကို ဇန်နဝါရီ ၁၇ရက် နံနက် ၁၀ နာရီတွင် မေတ္တာစံအိမ်ခန်းမ၌ ကျင်းပခဲ့သည်။

ယင်းရွေးချယ်ပွဲကို အမရပူရမြို့နယ်အဖွဲ့ချုပ် ဒုတိယအကြိမ် လူငယ်ညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဦးဇော်ဖြိုးနောင်နှင့်အဖွဲ့က လာရောက်ကြီးကြပ်ပေးခြင်းဖြစ်ပြီး မြို့နယ်အဖွဲ့ချုပ် လူငယ်လုပ်ငန်းအဖွဲ့ကို မဲစနစ်ဖြင့် အဆင့်ဆင့်ရွေးချယ်ခဲ့သည်။ လူငယ်အဖွဲ့ဝင် အင်အား ၁၁၅ ဦးတက်ရောက်ခဲ့ကြောင်းသိရသည်။




တောင်တွင်းကြီးမြို့နယ် အဖွဲ့ချုပ် ဒုတိယအကြိမ် လူငယ်ညီလာခံ ကျင်းပခြင်းကို ဇန်နဝါရီ ၁၄ ရက်က သာသနာ့ဗိမာန်တော် ခန်းမ၌ ကျင်းပရာ နတ်မောက်မြို့နယ် ဒုတိယအကြိမ် လူငယ်ညီလာခံကျင်းပရေးကော်မရှင်က ကြီးကြပ်ပေးခဲ့သည်။

## News Photo



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဋ္ဌမအကြိမ်ဗဟိုကော်မတီအစည်းအဝေး အတွေ့အကြုံရှင်းလင်းပွဲကို ဗဟိုကော်မတီဝင်များဖြစ်သော လွှတ်တော်ဥက္ကဋ္ဌ တိုင်းဥက္ကဋ္ဌ ဦးသိန်းဇော်၊ မကွေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် ဇန်နဝါရီ ၁၈ ရက်၊ နေ့လယ် ၁ နာရီတွင် မကွေးတိုင်းရုံးတွင် ကျင်းပပြုလုပ်သည်။



ဇန်နဝါရီ ၁၃ရက်က ချောင်းဆုံမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင် ချောင်းဆုံမြို့နယ် အဖွဲ့ချုပ်ဒုတိယအကြိမ် လူငယ်ညီလာခံ ကျင်းပခြင်းကို မော်လမြိုင်မြို့နယ် ဒုတိယအကြိမ်လူငယ်ညီလာခံကျင်းပရေးကော်မရှင် ကြီးကြပ်ခဲ့စဉ်။




www.free4readers.com



# လူတော်လူကောင်းရွေးပွဲ

**အဏ္ဏဝါစိုးမိုး**

လူတော်လူကောင်းဆိုသည့်စကားလုံးကိုကြားဖူးနေခဲ့တာကြာပြီဖြစ်သည်။ လူတော်လူကောင်း၊ လူကောင်းလူတော်ဆိုသည့် စကားလုံးကို ကြားဖူးခဲ့တာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်စပြီး ကြားခဲ့ရတာဖြစ်သည်။ ပါတီရဲ့ခေါင်းဆောင်ကြီးက ပါတီဗဟိုကော်မတီအစည်းအဝေးမှာ အဲဒီစကားလုံးတွေကို သုံးခဲ့လို့ စတင်ကြားဖူးခဲ့တာဖြစ်သည်။ ခေါင်းဆောင်ကြီးက လူတော်မလိုချင်ဘူး၊ လူကောင်းလိုချင်တယ်လို့ ပြောခဲ့တာကို မှတ်မိနေသည်။ တော်ပြီး မကောင်းလျှင် အသုံးချလို့ မရသူဖြစ်သည်ဆိုသည့် သဘောဖြစ်သည်။ တော်သော်လည်း မကောင်းပါက အကျင့်ပျက်မှု၊ အဂတိလိုက်စားမှုတွေလုပ်နိုင်သူဖြစ်သည်လို့ ယုံကြည်ယူဆဟန်တူသည်။ အဲဒီတုန်းက ပါတီခေါင်းဆောင်ကြီးက လူကောင်းတွေကိုသာ လိုချင်ခဲ့ဟန်တူသည်။

အဲဒီအချိန်အခါကပင် အဲဒီကိစ္စမှာ ကျွန်တော်နှင့် သဘောထားကွဲလွဲသည်ထင်လို့ စဉ်းစားခဲ့ပါသည်။ လူတစ်ယောက်ဟာ ကောင်းရုံဖြင့် နိုင်ငံ့တာဝန်လို ကိစ္စမျိုးကို ဆောင်ရွက်ဖို့ အရည်အချင်းပြည့်စုံပါ့မလား၊ တတ်သိနားလည်ထူးချွန်ဖို့ မလိုတော့ဘူးလား၊ ကံငါးပါးမြဲသော်လည်း အကျိုးအကြောင်း၊ အဆိုးအကောင်း၊ အမှားအမှန်မသိသူတစ်ယောက်ကို နိုင်ငံတော်၏ကြီးလေးသည့် တာဝန်ပေးသင့်သလား ဆိုတာတွေးခဲ့တာဖြစ်သည်။ အဲဒီခေတ်အခါတုန်းကတော့ အခြေအနေနှင့် အချိန်အခါအရ နိုင်ငံ့ခေါင်းဆောင်ကြီးက သူပြောချင်တာ ပြောပြီး လုပ်ချင်တာ လုပ်နေခဲ့သည့်ကာလဖြစ်သည်။ လူကောင်းတွေက သူပြောတာမှန်သမျှကို ခေါင်းညိတ်ပြီး သူခိုင်းတာမှန်သမျှကို လုပ်ကြသည့် ကာလဖြစ်သည်။ လူတော်တွေကတော့ သူ့ကိုပြန်ပြော၊ ပြန်လှန်မေးခွန်းထုတ်၊ လိုအပ်လျှင် ဆန့်ကျင်ကြမည်ဖြစ်သည်။ အဲဒါကိုသိသည့် ခေါင်းဆောင်ကြီးက လူတော်တွေကို မလိုချင်ဘူး၊ လူကောင်းတွေကိုသာ လိုချင်သည်လို့ပြောခဲ့တာဖြစ်မည်ဟု တွေးမိခဲ့ပါသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးသမိုင်းမှာ ပါဝင်ခဲ့ကြသည့် နိုင်ငံရေးသမားကြီးတွေနှင့် နိုင်ငံ့ခေါင်းဆောင်ကြီးတွေ၏အများစုသည် တော်လည်းတော်ကြပြီး ကောင်းလည်း ကောင်းကြသည့် လူတော်လူကောင်းတွေများကြတာ တွေ့ရသည်။ ဂဠုန်ဦးစောလို ရှားရှားပါးပါးတစ်ယောက်တလေသာ တော်သော်လည်း မကောင်းသူပေါ်ခဲ့ဖူးသည်။ လက်နက်ကိုင်ပြီး တောခိုခဲ့ကြသည့် ခေါင်းဆောင်တွေထဲမှာတောင် တော်ပြီး မကောင်းသူတွေပါသလို လူတော်လူကောင်းတွေ ပါခဲ့သည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးသမိုင်းကကံဆိုးစွာဖြင့်ပင် ရှိုင်းစိုင်းကြမ်းတမ်းသည့် ကာလတစ်ခုကို ဖြတ်သန်းခဲ့ရသည်။ အတ္တလွှမ်းကဲသူတွေအုပ်ချုပ်သည့် ကာလရှည်ကြီးကို နှစ်ပေါင်းနှစ်ဆယ်ကျော်ကြာအောင် ဖြတ်သန်းခဲ့ရသည်။ သူတို့မတိုင်မီက တော်သလိုလို၊ ကောင်းသလိုလိုထင်ရသည့်သူတို့ဆရာကြီးတွေ အုပ်ချုပ်ခဲ့ကြသည့် နှစ်ပေါင်းနှစ်ဆယ်ကျော်နှင့် ပေါင်းလိုက်ပါက နှစ်ပေါင်းငါးဆယ်မျှ တော်မကောင်း၊ ကောင်းမတော်၊ မတော်မကောင်း၊ မကောင်းမတော်သူတွေ တိုင်းပြည်ကို အုပ်ချုပ်လိုက်ကြတာ တိုင်းပြည်လည်း စုတ်ပြတ်သတ်သွားခဲ့ရသည်။ အရှေ့တောင်အာရှမှာ အချမ်းသာဆုံး၊ သယံဇာတအပေါများဆုံး၊ ပညာတတ်အပေါများဆုံး၊ ဒီမိုကရေစီအထွန်းကားဆုံး၊ တရားဥပဒေအစိုးမိုးဆုံး၊ ငွေတန်ဖိုးအမြင့်ဆုံး၊ လူ့အခွင့်အရေးအရရှိဆုံးနိုင်ငံအဖြစ်မှ ကမ္ဘာမှာ အဆင်းရဲဆုံး၊ သယံဇာတအခန်းခြောက်ဆုံး၊ ပညာရေးအဆင့်အနိမ့်ဆုံး၊ ဒီမိုကရေစီအကင်းမဲ့ဆုံး၊ တရားဥပဒေစိုးမိုးမှုမရှိဆုံး၊ ငွေတန်ဖိုးမရှိဆုံး၊ ပြည်သူတွေကို အဖိနှိပ်ဆုံးနိုင်ငံအဖြစ် ကမ္ဘာကျော်ခဲ့ရသည်။

အကြောင်းခြင်းရာတို့သည် ဖြစ်ပြီးလျှင် ပျက်ရသည့် နိယာမသဘာဝအရ အဲဒီလူတွေအုပ်ချုပ်သည့်ကာလသည်လည်း နှစ်ပေါင်း နှစ်ဆယ်ကျော်အကြာမှာ အပြောင်းအလဲတစ်ခုကို ဦးတည်သွားသည်။ တော်သူ၊ ကောင်းသူတွေအုပ်ချုပ်မည့်ကာလတစ်ခုကို ရွေးရွာသွားသည်။ ကာလကြာရှည်စွာ ဖြတ်သန်းခဲ့ရသည့်နိုင်ငံရေးသမိုင်းက ရခဲ့သည့် သင်ခန်းစာတွေက သတိပေး၊ အသိပေးနေပြီဖြစ်လို့ နိုင်ငံကို လူတော်လူကောင်းတွေဖြင့် တည်ဆောက်မှရတော့မည်ဆိုတာကို သိလိုက်ကြသည်။ တော်ရုံဖြင့်မပြီး၊ ကောင်းဖို့လည်း လိုသည်။ ကောင်းရုံဖြင့် မပြီး၊ တော်ဖို့လည်း လိုသည်ဆိုသည့်အသိရလိုက်တာဖြစ်သည်။

မြန်မာ့နိုင်ငံရေးသည် လွတ်လပ်ရေးရခဲ့တာ နှစ်ပေါင်း ၇၀ ပြည့်ခဲ့ပြီဖြစ်သော်လည်း တည်ငြိမ်အေးချမ်းမှုမရှိသေးဖြစ်နေသည်။ တည်ငြိမ်အေးချမ်းအောင် တာဝန်ရှိသူတွေ ရှန်းကန်လှုပ်ရှား၊ ကြိုးစားနေရဆဲပဲရှိသေးသည်။ ပြည်တွင်းငြိမ်းချမ်းရေးမရနိုင်သေး၊ စက်မှုနိုင်ငံမထူထောင်နိုင်သေး၊ နိုင်ငံထုတ်ကုန်မှ ပြည်ပပို့ကုန်များများစားစားမရှိသေး၊ နိုင်ငံတကာမှာ သုံးစွဲနိုင်သည့် မြန်မာ့ငွေကြေးမဖြစ်သေးဆိုတာတွေနှင့် ရင်ဆိုင်နေရသည်။ ယခင်အုပ်ချုပ်သူတွေ ပေးသွားကြသည့်နိုင်ငံတကာကတိကဝတ်တွေနှင့် ယူသွားခဲ့ကြသည့် ကြွေးမြီတွေကို ပေးဆပ်နေရဆဲ၊ မြေပေါ်မြေအောက်သယံဇာတတွေကို တူးဖော်၊ ခုတ်လှဲ၊ ဖမ်းဆီး ရောင်းစားနေရဆဲ၊ အလုပ်လက်မဲ့ပေါများဆဲ၊ ပညာရေးအဆင့်နိမ့်ဆဲ၊ ကုန်ဈေးနှုန်းကြီးမြင့်ဆဲ၊ အမျိုးကောင်းသားသမီးတွေ အိမ်နီးချင်းနိုင်ငံတွေကို ထွက်ပြီး အလုပ်လုပ်နေရဆဲပဲရှိသေးသည်။ ဒါတွေကိုအဖတ်ဆည်ဖို့အတွက် နိုင်ငံတကာတာဝန်ကို ပခုံးပြောင်းတာဝန်ယူထားကြသည့် လူတွေကြိုးစားနေကြရဆဲပဲရှိသေးသည်။

မြန်မာ့နိုင်ငံရေးတာထွက်မှာ မြင်းကောင်းခွာလိပ်သတင်းတွေကို ကြားသိနေရသည်။ မဲဆန္ဒရှင်ပြည်သူတွေက အယုံအကြည်မရှိလို့ နုတ်ထွက်ပေးရန် တောင်းဆိုခံရသည့် လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်က မဲခွဲဆုံးဖြတ်ပြီး ထွက်ပေးရန် တောင်းဆိုခံရသည့် ပြည်နယ်ဝန်ကြီးဆိုတာတွေကြားသိရလို့ စိတ်မကောင်းဖြစ်ရပါသည်။ ပြည်နယ်အစိုးရဝန်ကြီးတစ်ပါးကို ထုတ်ပယ်မည်ဆိုပါက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၃ အရ ဆောင်ရွက်ရပေလိမ့်မည်။ အတော်တာဝန်ကြီးသည်။ ဥပဒေအရဆောင်ရွက်ရသည်ဆိုပါက လူတော်လူကောင်းတစ်ယောက်ဆုံးရှုံးရခြင်းဟုတ်၊ မဟုတ်ဆိုတာကို လေ့လာသုံးသပ်ရဦးမည်ဖြစ်သည်။ နိုင်ငံရေးပယောဂနှင့် ပုဂ္ဂိုလ်ရေးအာဃာတကင်းဖို့လိုသည်။ ဘယ်လိုအကြောင်းကြောင့်ဖြစ်ဖြစ် စိတ်မကောင်းဖြစ်ရပါသည်။

လူတော်လူကောင်းရွေးပွဲနှင့်ပတ်သက်ပြီး ဘုရားရှင်လက်ထက်တော်အခါကလည်း မှတ်သားစရာသာဓကတစ်ခုရှိခဲ့ဖူးသည်။ မြတ်စွာဘုရားသည် စမ္ပာမြို့သို့ ရောက်ရှိနေစဉ်မှာ ဗြဟ္မဏလူမျိုးသောဏဒဏ္ဍပုဏ္ဏားကြီးသည် မြတ်စွာဘုရားကို လာဖူးသည်။ ပုဏ္ဏားကြီးသည် အသက်အရွယ်ကြီးရင့်ပြီဖြစ်လို့ အထိုင်အထမှာ အတွဲအထူ၊ အကူအပံ့အလို့ငှာ သူ့တူတစ်ယောက်ကို ခေါ်လာခဲ့သည်။ အမျိုးမြတ်ပြီး ဇာတ်မြင့်သူဖြစ်လို့ မြတ်စွာဘုရားနှင့် စကားစမြည်ပြောတာမှာပင် အမျိုးဇာတ်မာနသံဖြင့် စကားပြောသည်။ ဒါကို ရိပ်မိသည့် မြတ်စွာဘုရားက မေးသည်။

"ဗြဟ္မဏတွေမှာ လူတော်လူကောင်းကို ဘယ်ပုံစံနဲ့ သတ်မှတ်သလဲ"

"မျိုးရိုးသန့်ရမယ်၊ ရုပ်ချောရမယ်၊ ဗေဒင်သုံးပုံအာဂုံဆောင်ရမယ်၊ ပညာတတ်ရမယ်၊ စာရိတ္တကောင်းရမယ်၊ ဒါမှ လူတော်လူကောင်းလို့ သတ်မှတ်ပါတယ်"

"အဲဒီငါးမျိုးထဲက လျှော့လို့ရတာများရှိပါသလား"

"မျိုးရိုးသန့်တာ၊ ရုပ်ချောတာနဲ့ ဗေဒင်သုံးပုံအာဂုံဆောင်တာကိုပဲ လျှော့လို့ရမယ်၊ ကျန်တာကိုတော့ လုံးဝလျှော့လို့မရပါဘူး"

"ဘာကြောင့်လဲ ပုဏ္ဏားကြီး၊ သာဓကပြပါဦး"

"တပည့်တော်ရဲ့ တူတော်မောင် ဒီကောင်ကြောင့်ပါပဲ။ ဒီကောင်ဟာ မျိုးရိုးလည်း သန့်တယ်။ ရုပ်လည်း ချောတယ်။ ဗေဒင်သုံးပုံကိုလည်း အာဂုံဆောင်တယ်။ ဒါပေမဲ့ အကျိုးအကြောင်းနဲ့ အဆိုးအကောင်းသိတဲ့ပညာမရှိဘူး။ သူတစ်ပါးအသက်ကို သတ်တယ်။ ခိုးတယ်။ သူများသားမယားကို ပြစ်မှားကျူးလွန်တယ်။ မဟုတ်တာ၊ မမှန်တာ ပြောတယ်။ အရက်သေစာသောက်တယ်။ အဲဒါကြောင့် ဒီကောင်ကိုတော့ လူတော်လူကောင်းလို့ မသတ်မှတ်နိုင်ပါဘူး"

ပုဏ္ဏားကြီး၏အဖြေစကားကိုကြားတော့ မြတ်စွာဘုရားက သာဓုသုံးကြိမ်ခေါ်လိုက်ပါသည်။ လူတော်လူကောင်းဆိုတာ ပညာတတ်ဖို့နှင့် စာရိတ္တကောင်းဖို့လိုသည်ဆိုသည့် သာဓကဖြစ်သည်။ နိုင်ငံတော်၏ အဆိုးရွားဆုံးအခြေအနေကိုကယ်တင်အဖတ်ဆည်ပြီး အကောင်းဆုံးဖြစ်အောင် ပြန်လည်ထူထောင်ကြမည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် တာဝန်ယူနေကြသည့်တာဝန်ရှိပုဂ္ဂိုလ်များသည် မလုပ်၊ မရှုပ်၊ မပြုတ်မှုဖြင့် ထိုင်ပြီး ငြိမ်နေလို့တော့ ဘာမှဖြစ်လာမည်မဟုတ်။ ပညာ၊ စာရိတ္တတို့ဖြင့် အလုပ်လုပ်ကြရမည်ဖြစ်သည်။

■ ■ ■




www.free4readers.com

## လွှတ်တော်တွင်ဘတ်ဂျက်သဘောတူညီချက် မရသဖြင့် အမေရိကန် အစိုးရရုံးများပိတ်

အမေရိကန် အထက်လွှတ်တော်၌ ဘတ်ဂျက်အသစ်အတည်ပြုရန် လိုအပ်သောမဲအရေအတွက်မရရှိသောကြောင့် အမေရိကန် အစိုးရရုံးဌာနအများအပြားကို စတင်ပိတ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

အထက်လွှတ်တော်တွင်တရားမဝင် နေထိုင်သူများအရေးနှင့် ပတ်သက်၍ ရီပတ်ဘလီကန်နှင့်ဒီမိုကရက်တစ်အမတ်များ ညှိနှိုင်းဆွေးနွေးမှု သဘောတူညီချက် မရရှိရာမှာ အစိုးရဘတ်ဂျက်သစ်အတွက် လိုအပ်သော ဆန္ဒမဲ မရရှိသောကြောင့် အစိုးရရုံးများကို ပိတ်လိုက်ခြင်းဖြစ်သည်။ သို့သော် အရေးကြီးသည့်ဌာနများကိုမူ ပုံမှန်အတိုင်း ဆက်ဖွင့်သွားမည်ဖြစ်သည်။

အထက်လွှတ်တော် အမတ်များသည် သန်းခေါင်ယံအချိန်ထိ လွှတ်တော်တွင် ဆွေးနွေးခဲ့ကြပြီး ထရမ့်အစိုးရအဖွဲ့ကမူ ယခုလိုရုံးများ ပိတ်လိုက်ရခြင်းသည် ဒီမိုကရက်တို့ကြောင့်ဖြစ်ကြောင်း ပြစ်တင်ဝေဖန်ခဲ့သည်။

အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူ ဆာရာဆန်ဒါက "ဒီညမှာ ဒီမိုကရက်တစ်တွေက ကျွန်မတို့ရဲ့အမျိုးသားလုံခြုံရေး၊ တပ်မိသားစုတွေ၊ အကာအကွယ်မဲ့ကလေးတွေ၊ ပြီးတော့ ကျွန်မတို့နိုင်ငံရဲ့ အမေရိကန်သားတွေ အားလုံးအပေါ် စောင့်ရှောက်မှုတွေထက် သူတို့ရဲ့နိုင်ငံရေးကို ရှေ့တန်းတင်လိုက်ကြပါတယ်။ ကျွန်မတို့ရဲ့ ဥပဒေဘောင်အတွင်း နေထိုင်တဲ့နိုင်ငံသားတွေကိုဝှဲကွက်တဲ့အနေနဲ့ ဥပဒေမဲ့ တရားမဝင် ဝင်ရောက်နေထိုင်သူတွေအရေးကို ဒီမိုကရက်တွေနဲ့ ဆက်ပြီးဆွေးနွေးမှာ မဟုတ်ပါဘူး" ဟု ပြောကြားခဲ့သည်။

အစိုးရရုံးများ ပိတ်သည်ဟုဆိုရာတွင် စစ်ဘက်၊ တရားရေး၊ ဘဏ္ဍာရေး၊ ကျန်းမာရေး စသည့် အရေးကြီးသည့်ဌာနများ မပါဝင်ဟု သိရသည်။ အမေရိကန် ပြည်ထောင်စုတွင် ယခုလိုကိစ္စမျိုး နောက်ဆုံးဖြစ်ပွားခဲ့သည်မှာ ၂၀၁၃ ခုနှစ်ကဖြစ်သည်။ ထိုစဉ်က ၁၆ ရက်ကြာ ပိတ်ထားခဲ့ရသည်။ ညှိနှိုင်းဆွေးနွေးမှုများ အဆင်ပြေသွားလျှင် ရုံးများ ပြန်ဖွင့်သော်လည်း ဝန်ထမ်းများသည် ထိုပိတ်သည့်ရက်များအတွက် လုပ်ခလစာ ရရှိမည်မဟုတ်ပေ။ Ref: BBC

## Some Short Stories about Jokes



Q : What has teeth but no mouth?
A : A comb.

"I would like vitamins for my son," a mother said.

"Vitamin A, B or C?" the pharmacist asked.

"It doesn't matter," the mother replied. "He can't read yet."

Credit - Internet

PASS THIS AROUND AND MAKE SOMEONE LAUGH!
LAUGHTER IS THE SOUL'S MEDICINE!!

## မြောက်ကိုရီးယားကိုယ်စားပြုအဖွဲ့ အလည်အပတ်လာရောက်မှု ဖျက်သိမ်းခြင်းမှာ ယာယီမျှသာဟုဆို

ဆောင်းရာသီ အိုလံပစ်ပြိုင်ပွဲတွင် ပါဝင်ဖျော်ဖြေရန် သဘောတူညီချက် ရရှိထားပြီးသားဖြစ်သည့် မြောက်ကိုရီးယား အကအဖွဲ့အတွက် ကြိုတင်ပြင်ဆင်ရန် လာရောက်မည့် ကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်ကို ရုတ်တရက်ဖျက်သိမ်းလိုက်ခြင်းမှာ အပြီးပိုင်ဖျက်သိမ်းခြင်းမဟုတ်ကြောင်း တောင်ကိုရီးယား၏ ပြန်လည်ပေါင်းစည်းရေး ဝန်ကြီးဌာနက စနေနေ့တွင် ထုတ်ပြန်ကြေညာသည်။

ဆောင်းရာသီ အိုလံပစ်ပြိုင်ပွဲတွင် ပါဝင်ဖျော်ဖြေမည့် မြောက်ကိုရီးယား အကအဖွဲ့အတွက် နေရာထိုင်ခင်းများ လာရောက်စစ်ဆေးမည့် အဖွဲ့ဝင် ခုနစ်ယောက်ပါဝင်သော မြောက်ကိုရီး ယား ကိုယ်စားလှယ်အဖွဲ့သည် စနေနေ့တွင် ရောက်လာမည်ဖြစ်ကြောင်း ပြန်လည်ပေါင်းစည်းရေး ဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။ သို့သော် ထိုအဖွဲ့မှာ စနေနေ့တွင် ရောက်မလာခဲ့ဘဲ ခရီးစဉ်ကို ရုတ်တရက် ဖျက်သိမ်းလိုက်ခြင်းဖြစ်သည်။ ခရီးစဉ်ဖျက်သိမ်းရသည့်အကြောင်းရင်းကို ထုတ်ပြန်ကြေညာခြင်းမရှိပေ။

"ဒါဟာ အကအဖွဲ့ရဲ့ ရှေ့ပြေးအဖွဲ့ လာရောက်မယ့် ခရီးစဉ်ကို အပြီးအပိုင် ဖျက်သိမ်းလိုက်တာမျိုး မဟုတ်ပါဘူး။ ယာယီဖျက်သိမ်းတာမျိုးပဲဖြစ်ပါတယ်" ဟု ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။

မြောက်ကိုရီးယား ကိုယ်စားလှယ်အဖွဲ့ ရောက်မလာသော်လည်း နှစ်နိုင်ငံ အထူးဆက်သွယ်ရေး လမ်းကြောင်းမှာ ဖွင့်ထားဆဲဖြစ်သောကြောင့် ခရီးစဉ်ဖျက်သိမ်းရသည့် ကိစ္စနှင့်ပတ်သက်၍ ဆက်သွယ်ဆွေးနွေးမေးမြန်းနိုင်ကြောင်း တောင်ကိုရီးယားဘက်မှ တာဝန်ရှိသူများက ဆိုသည်။

ယခုနှစ်ဆန်းပိုင်းတွင် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအွန်းက တောင်ကိုရီးယားတွင် ဖေဖော်ဝါရီလ၌ ကျင်းပမည့် ဆောင်းရာသီ အိုလံပစ်ပြိုင်ပွဲသို့ မြောက်ကိုရီးယား အားကစားအဖွဲ့စေလွှတ်ရန် စဉ်းစားနေကြောင်း စတင်ပြောကြားခဲ့ရာမှာ ကိုရီးယားနှစ်နိုင်ငံအကြား အဆက်အသွယ် ပြန်ရလာခဲ့သည်။ အားကစားအဖွဲ့ကိစ္စအဆင်ပြေသွားချိန်တွင် မြောက်ကိုရီးယားက အကအဖွဲ့လွှတ်ရန် ထပ်မံကမ်းလှမ်းခဲ့သည်။ Ref: AFP

## အမေဇုန်သားများအတွက် စိုးရိမ်ကြောင်း ပုပ်ရဟန်းမင်းကြီး ပြောကြား

အမေဇုန်မြစ်တစ်လျှောက် နေထိုင်သည့် မျိုးနွယ်စုများသည် စီးပွားရေးသမားများကြောင့် ယခင်က မကြုံဖူးသေးသည့် ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်နေရသည့်အတွက် စိုးရိမ်မိကြောင်း ပီရူးနိုင်ငံသို့ ရောက်ရှိနေသည့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က ပြောကြားသည်။

အသက် ၈၁ နှစ် အရွယ်ရှိပြီဖြစ်သော အာဂျင်တိုင်းသား ပုပ်ရဟန်းမင်းကြီးသည် လက်တင်အမေရိက ခရီးစဉ်အတွင်း အမေဇုန်မြစ်တစ်လျှောက်ရှိ ဘိုလီးဗီးယား၊ ပီရူး၊ ဘရာဇီးစသည့် နိုင်ငံများကို လှည့်လည်ခဲ့ရာ အမေဇုန်မြစ်ဝှမ်းရှိ မျိုးနွယ်စုခေါင်းဆောင်များက လာရောက်တွေ့ဆုံပြီး ၎င်းတို့ခြိမ်းခြောက်ခံရမှုများကို ပြောပြခဲ့ကြသည်။

ပုပ်ရဟန်းမင်းကြီးက "အမေဇုန်ရဲ့ နေရာတော်တော်များများမှာ အငြင်းပွားမှုတွေဖြစ်နေပါတယ်။ ရေနံ၊ သဘာဝဓာတ်ငွေ့၊ သစ်၊ ရွှေ စတာတွေကို ရယူလိုကြတဲ့ စီးပွားရေးလုပ်ငန်းတွေကြောင့် ခြိမ်းခြောက်မှုတွေဟာ ပိုမိုဆိုးရွားလာနေပါတယ်။ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် လုပ်နေကြတဲ့ မူဝါဒတွေဟာလည်း လူတွေကို ထည့်သွင်းစဉ်းစားတာမျိုးမရှိပါဘူး" ဟု ဆိုသည်။

## ရိုက်တာနှင့် အေအက်ဖ်ပီတို့မှ သတင်းထောက်များကို ဆူဒန်ဖမ်းဆီး

ဆူဒန်နိုင်ငံ မြို့တော် ခါတိုအမ်တွင် ဖြစ်ပွားနေသည့် ဆန္ဒပြမှုများကို သတင်းယူခဲ့သော ရိုက်တာသတင်းထောက်တစ်ယောက်နှင့်အေအက်ဖ်ပီသတင်းထောက်တစ်ယောက်ကို ဖမ်းဆီးထားကြောင်း ပြည်ပမီဒီယာများနှင့် ဆက်ဆံသည့်ပြင်ပ သတင်းကောင်စီက စနေနေ့တွင် ထုတ်ပြန်ကြေညာသည်။

ရိုက်တာ သတင်းဌာနက ၎င်းတို့၏ သတင်းထောက်ကို ဗုဒ္ဓဟူးနေ့က ဆန္ဒပြပွဲသတင်းသွားယူစဉ် နောက်ဆုံးအဆက်အသွယ်ရခဲ့ကြောင်း ထုတ်ပြန်သည်။ ထိုနေ့က ဆန္ဒပြပွဲများတွင် ရဲများ ဝင်ရောက်ထိန်းသိမ်းခဲ့ပြီးနောက် ဆန္ဒပြသူများနှင့် ရဲများအကြား တိုက်ခိုက်မှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ ဆူဒန်တွင် စားဝတ်နေရေး အဆင်မပြေသောကြောင့် ဆန္ဒပြပွဲများ ပေါ်ပေါက်နေခြင်းဖြစ်သည်။

"ထိန်းသိမ်းခံထားရသူတွေနဲ့ ပတ်သက်ပြီး ဘာသတင်းမှ ထပ်မရသေးပါဘူး။ လက်ရှိအခြေအနေကို သိရဖို့ ကျွန်တော်တို့ အားသွန်ခွန်စိုက် ကြိုးစားနေပါတယ်" ဟု ရိုက်တာမှ ပြောရေးဆိုခွင့်ရှိသူတစ်ယောက်ကဆိုသည်။

အဖမ်းခံရသည့် သတင်းထောက်နှစ်ယောက်စလုံးမှာ ဆူဒန်နိုင်ငံသားများဖြစ်ကြပြီး ဗုဒ္ဓဟူးနေ့တွင် ဖမ်းဆီးခံရပြီးနောက် ကြာသပတေးနေ့တွင် ပြန်လွှတ်ပေးမည်ဟုဆိုသော်လည်း ပြန်မလွှတ်သေးခြင်းဖြစ်သည်။ Ref: Reuters




www.free4readers.com




# ရေခဲပိုးလမ်းမနှင့် ရုရှား၏ပံ့ပိုးမှု

ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း ပုံမှန်ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ရုရှားသမ္မတ ဗလာဒီမာပူတင်က အာတိတ် စွမ်းအင်ထုတ်လုပ်ရေးတွင် တရုတ်နိုင်ငံ၏ ပူးပေါင်းပါဝင်မှုကို တိုက်တွန်းအားပေးကြောင်း ပြောသွားသည်။ ဒီဇင်ဘာလ အစောပိုင်း ကာလအတွင်း ရုရှား၏ အကြီးဆုံး ပုဂ္ဂလိက လုပ်ငန်းများထဲမှတစ်ခုဖြစ်သော နိုဗာတက် ကုမ္ပဏီက အာတိတ်ရပ်ဝန်းမှ LNG ဓာတ်ငွေ့အရည်များကို စတင်ထုတ်လုပ် နိုင်သည်ကို ရည်ညွှန်း၍ ပြောသွားခြင်းဖြစ်သည်။ ပထမဆုံး ထုတ်လုပ်မှုဖြစ်သောကြောင့် တစ်နှစ်လျှင် မက်ထရစ်တန် ငါးသန်းခွဲ ထုတ်နိုင်မည်ဖြစ်သည်။ အများဆုံးထုတ်နိုင်သည့် ပမာဏမှာ တစ်နှစ်လျှင် မက်ထရစ်တန် ၁၆ သန်းခွဲဖြစ်သည်။ ယာမဲလ်ဟု အမည်ပေးထားသည့် အဆိုပါ စွမ်းအင်ထုတ်လုပ်ရေးလုပ်ငန်းသည် ရုရှားတစ်ဦးတည်းပိုင်တော့မဟုတ်။ နိုဗာတက်က ၅၀ ဒသမ ၁ ရာခိုင်နှုန်း၊ ပြင်သစ် ကုမ္ပဏီ တိုတယ်လ်က ၂၀ ရာခိုင်နှုန်း၊ တရုတ်အမျိုးသားရေနံကော်ပိုရေးရှင်းက ၂၀ ရခိုင်နှုန်း၊ တရုတ် ပိုးလမ်းမရန်ပုံငွေက ၉ ဒသမ ၉ ရာခိုင်နှုန်းပါဝင်သောလုပ်ငန်းဖြစ်သည်။

ထို့ကြောင့် သမ္မတ ပူတင်က အာတိတ်စက်ဝိုင်းအတွင်း စွမ်းအင်ထုတ်လုပ်မှု၌ တရုတ်နိုင်ငံ၏ ပူးပေါင်းပါဝင်မှုကို ချီးကျူးဂုဏ်ပြုလိုက်ပြီး ဆက်လက်ပါဝင်သွားရန်လည်း တိုက်တွန်းလိုက်ခြင်းဖြစ်သည်။ အာတိတ်ဒေသသည် ရုရှားနိုင်ငံအတွက် အနည်းဆုံး အကြောင်းနှစ်ချက်ကြောင့် အရေးပါလျက်ရှိသည်။ တစ်ချက်မှာရုပ်ကြွင်းလောင်စာ ရောင်းချရာတွင် ပြိုင်ဘက်များဖြစ်သော ကာတာ၊ ဩစကြေးလျနှင့် အမေရိကန်ပြည်ထောင်စုတို့ကို ပြိုင်ဆိုင်နိုင်စွမ်း ပိုမိုမြင့်မားလာနိုင်ခြင်းဖြစ်သည်။ ရုရှား၏ စွမ်းအင်တင်ပို့မှု လုပ်ငန်းတွင် LNG တင်ပို့မှုကို တိုးမြှင့်နိုင်ခြင်းသည် လွန်စွာအရေးပါသည့်ကိစ္စဖြစ်သည်။ နောက်တစ်ချက်မှာ ဖိအားများကို ရင်ဆိုင်ဖို့ အားသစ်အင်သစ်များရရှိစေခြင်းဖြစ်သည်။ ယူကရိန်းကို ကျူးကျော်မှု၊ ရွေးကောက်ပွဲတွင် ဝင်ရောက်စွက်ဖက်သည်ဟု စွပ်စွဲမှုများဖြင့် အမေရိကန်ပြည်ထောင်စုက စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်နေချိန်တွင် ရုရှားအနေဖြင့် အမေရိကနှင့် ဥရောပမှ ပိတ်ဆို့မှုများရှိသည့်တိုင် အခြားနေရာမှ ငွေပင်ငွေရင်းရနိုင်သည်ဟု လက်မထောင်နိုင်သော အခွင့်အရေးတစ်ခုလည်းဖြစ်သည်။ ထို့ကြောင့် ရုရှား၏ ရည်ရွယ်ချက်မှာ ရှင်းလင်းသည်။ တရုတ်၏ပံ့ပိုးမှုဖြင့် အာတိတ်ဒေသကို အရင်းပြုကာ ကမ္ဘာ့အလယ်တွင် မာမာတင်းတင်း ဆက်လက်ရပ်တည်နိုင်ဖို့ဖြစ်သည်။ မေးစရာရှိသည်မှာ တရုတ်ဘက်က ဘယ်လို သဘောထားရှိနိုင်သလဲဆိုသည့် အချက်ဖြစ်သည်။

အရင်ဆုံး တရုတ်မီဒီယာများကို ကြည့်လျှင် ယာမဲလ် LPG စီမံကိန်းစတင်လည်ပတ်နိုင်သည်ကို ရွှန်းရွှန်းဝေအောင် အမွှန်းတင် ရေးသားထားကြသည်ကို တွေ့နိုင်သည်။ တရုတ်နိုင်ငံဘက်မှကြည့်လျှင် ထိုစီမံကိန်းသည် သမ္မတ ရှီကျင့်ဖျင်၏ ရွှေရောင်ရည်မှန်းချက်ဖြစ်သော ကုန်းတစ်လမ်း-ရေတစ်လမ်း ကုန်သွယ်ရေးလှုပ်ရှားမှု( Belt and Road Initiative-BRI)၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ လက်ရှိအချိန်တွင် BRI သည် တရုတ်နိုင်ငံ၏ အကြီးမားဆုံး အနာဂတ်ရည်မှန်းချက်လည်းဖြစ်သည်။ BRI အတွက် တရုတ်နိုင်ငံက ချပြထားသော လမ်းနှစ်သွယ်မှာ ပိုးလမ်းမစီးပွားရေးခါးပတ်ကွင်း ( Silk Road Economic Belt)နှင့် ၂၁ ရာစု ရေကြောင်းပိုးလမ်းမတို့ဖြစ်သည်။

ထိုလမ်းကြောင်းနှစ်ခုတွင် ရုရှားနှင့် တရုတ်တို့ ဆက်သွယ်မည့်လမ်းကြောင်းမှာ ကုန်းလမ်းခါးပတ်ကွင်းဖြစ်သည်။ ထိုလမ်းကြောင်းမှာ ကာဇက်စတန်မှ စထွက်ပြီး ဥဇဘက်ကစ္စတန်၊ တာဂျီကစ္စတန်၊ တာ့ခ်မင်နစ္စတန်၊ အီရန်တို့ကိုဖြတ်၍ ပင်လယ်နက်ကိုပတ်ကာ ဥရောပသို့ဝင်ပြီး မော်စကိုနှင့် ချိတ်ဆက်သည့်လမ်းကြောင်းဖြစ်သည်။ တော်တော်ရှည်လျားသည့် လမ်းကြောင်းဖြစ်နေသည်။ ထိုလမ်းကြောင်းကိုရှည်သည်ဟု ယူဆလျှင် ကာဇက်စတန်ကိုဖြတ်၍ မော်စကိုနှင့် တိုက်ရိုက်ချိတ်ဆက်နိုင်သော လမ်းကို တည်ဆောက်နိုင်သည်။ ယင်းမှာ တတိယ ပိုးလမ်းမဖြစ်လာနိုင်သည်ဟုလည်း ခန့်မှန်းထားကြသည်။

တရုတ်နိုင်ငံ အရှေ့ပိုင်းမှဆိုလျှင် တရုတ်အရှေ့ဖျားမှ ကပ်၍ဖြတ်သွားပြီး ရုရှားနိုင်ငံကို အရှေ့အနောက် ကန့်လန့်ဖြတ် ဆက်သွယ်ထားသည့် ဆိုက်ဘေးရီးယားဖြတ်ကျော် ရထားလမ်းကလည်း ရှိနှင့်ပြီးသားဖြစ်သည်။ ထိုလမ်းမှာ ရုရှားပြည်တွင်းလမ်းဖြစ်သည့်တိုင် တရုတ်နိုင်ငံက ချိတ်ဆက်လိုလျှင် ချိတ်ဆက်နိုင်သည်။

သို့သော် တရုတ်နိုင်ငံက ထိုလမ်းကြောင်းများထက် မြောက်ပိုင်းပင်လယ်လမ်း(North Sea Route-NSR)ကို ပိုမို စိတ်ဝင်စားလျက်ရှိသည်။ ပြီးခဲ့သည့် ဆယ်စုနှစ်များကတည်းက တရုတ်နိုင်ငံသည် ထိုလမ်းကြောင်းကို စိတ်ဝင်စားနေခြင်းဖြစ်သည်။ NSR သည် ရုရှား၏ ပြည်တွင်း ရေကြောင်းလမ်းဟုဆိုသော်လည်း ဂျပန်၊ တောင်ကိုရီးယား၊ တရုတ် အရှေ့ဖျားမှ ဥရောပ ဆိပ်ကမ်းမြို့ကြီးများကို တိုက်ရိုက်ဆက်သွယ်နိုင်သော ရေကြောင်းလမ်းဖြစ်သည်။ ဆိုဗီယက်ခေတ်ကာလက ထိုလမ်းကြောင်းကို သုံးပြီး စစ်အင်အား ဖြန့်ကြက်မှုများ၊ ကုန်စည် ပို့ဆောင်ခြင်းများ ရှိခဲ့သည်။ ဆိုဗီယက်ခေတ် ပျက်သုဉ်းသွားချိန်တွင် ထိုလမ်းကြောင်းကိုအသုံးပြုမှုမရှိလောက်ဖြစ်သွားသည်။ သမ္မတ ပူတင်လက်ထက်တွင် ပြန်လည်အသုံးပြုလာခဲ့သည်။

NSR ၏ အခက်အခဲမှာ အာတိတ်စက်ဝိုင်းမှ ရေခဲပြင်များဖြစ်သည်။ ကမ္ဘာကြီး ပူနွေးလာမှုကြောင့် အာတိတ်စက်ဝိုင်းမှ ရေခဲများ အရည်ပျော်လာခြင်းသည် ရုရှားအတွက် ကောင်းကျိုးပေးသလို ဖြစ်ခဲ့သည်။ သို့တိုင် ဆိုဗီယက်ခေတ်ကာလက နျူကလီးယားစွမ်းအားသုံး ရေခဲခွဲ သင်္ဘောကြီးများ၏ ကျေးဇူးကြောင့် လမ်းပေါက်နေခြင်းလည်းဖြစ်သည်။ ထိုလမ်းကြောင်းကို တရုတ်တို့က စိတ်ဝင်စားသည်။ တောင်ပိုင်းရေလမ်းကြောင်းအတိုင်း စူးအက်ကိုဖြတ်၍ ဆက်သွယ်နေသည့် လက်ရှိလမ်းကြောင်းမှာ အခွန်အခအားဖြင့်ယှဉ်လျှင် ရုရှားကို ပေးရမည်လောက် မများသည်မှာသေချာသည်။ သို့သော် မြင့်တက်နေသော ဓာတ်ဆီ၊ ဒီဇယ်ဈေးနှင့် ယှဉ်လိုက်လျှင် မြောက်ပိုင်းလမ်းသည် တစ်ဝက်လောက်သက်သာသွားစရာ ရှိနေသည်။

ယခု ယာမဲလ်မှထွက်သည့် LVG များကိုလည်း ထိုလမ်းကြောင်းမှပင် အရှေ့အနောက် ခွဲ၍ တင်ပို့နိုင်သောကြောင့် အလွန်အဆင်ပြေသည့် လမ်းကြောင်းဖြစ်သည်။ သမ္မတ ပူတင်လက်ထက်တွင် NSR ကိုအားပေးလာသောကြောင့်ကုန်စည်တင်ပို့မှုအားကောင်းလာသည်ဟု ဆိုသော်လည်း တစ်နှစ်လျှင် ဖြတ်သန်းနေသည့် ကုန်စည်ပမာဏမှာ တန်ချိန်ခုနစ်သန်း အလွန်ဆုံးဖြစ်သည်။ စူးအက်တွင် ဖြတ်သန်းနေသည့် တန်ချိန် ဘီလီယံနှင့်ချီသော ကုန်သွယ်မှုနှင့်ယှဉ်လျှင် ကလေးကစားသလိုဖြစ်နေသည်။

ထို့ကြောင့် တရုတ်တို့က ထိုလမ်းကြောင်းကို ရေခဲပိုးလမ်းမဟု အမည်ပေးကာ မျက်စပစ်နေခြင်းဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်တွင် တရုတ် ပို့ကုန်အားလုံး၏ ၅ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ NSR မှ တင်ပို့ဖို့ မျှော်မှန်းထားသည်။ ယခင်ကလည်း ယင်းလမ်းကြောင်းကို တရုတ်က စီးပွားဖြစ် သုံးဖူးသည်။ ၂၀၁၃ ခုနှစ်အတွင်း တရုတ် ကုမ္ပဏီ COSCO သည် တရုတ်နိုင်ငံ အရှေ့ဖျားရှိ ဒါလီယန်ဆိပ်ကမ်းမှာ ရော့တာဒမ်အထိ NSR ကိုဖြတ်ကာ ကုန်ပို့ခဲ့သည်။ နောက်ပိုင်း ဖြတ်သန်းမှု ပိုများလာသည်ဟု ဆိုနိုင်သည်။ ၂၀၁၇ ခုနှစ်တွင် ရှစ်စင်းအထိ ဖြတ်သန်းသွားလာခဲ့သည်။

ထို့ကြောင့် သမ္မတ ပူတင်၏ တိုက်တွန်းမှုသည် တရုတ်နိုင်ငံအတွက် သေချာပေါက် တွန်းအားတစ်ခုဖြစ်လာပေလိမ့်မည်။ တရုတ်က အာတိတ်စက်ဝိုင်းအတွင်းရှိ ရုရှားပိုင် အာခန်ဂက်စ် ဒေသတွင် ရေနက်ဆိပ်ကမ်းတည်ဆောက်ဖို့လည်း စိတ်ဝင်စားနေသည်။ ထို့ပြင် ရုရှားအလံတင်ထားသော ကုန်တင်သင်္ဘောများသည် ရုရှားနိုင်ငံထွက်ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေးတို့ကို တင်ပို့မည်ဆိုလျှင် NSR ကို ဖြတ်ရာ၌အထူးအခွင့်အရေးပေးမယ်ဆိုသည့် ဖြည့်စွက်ချက်ကို ကုန်သွယ်ရေကြောင်း ဥပဒေတွင် ထည့်သွင်းလိုက်သည်။ ယင်းမှာ တစ်ဖက်က ရုရှားလုပ်ငန်းများကို ဆွဲဆောင်လိုက်ခြင်းဖြစ်သလို တစ်ဖက်တွင် တရုတ်လုပ်ငန်းများ အာတိတ်၌ ရင်းနှီးမြှုပ်နှံရန် ပိုမိုစိတ်ဝင်စားလာအောင် ဆွဲဆောင်လိုက်ခြင်းလည်းဖြစ်သည်။

ထို့ကြောင့် ရေခဲပိုးလမ်းမသည် BIR ကိုပထဝီအနေအထားအရ ပိုမိုပံ့ပိုးပေးနိုင်သလို နိုင်ငံတကာအလယ်တွင် ပိုမို ဂုဏ်တင့်စေမည့် လမ်းကြောင်းဖြစ်နေသည်။ တစ်ဖက်မှကြည့်လျှင် ရုရှားအတွက်လည်း မက်လောက်စရာ ရင်းနှီးမြှုပ်နှံမှုများကို မျှော်လင့်နိုင်သည်။ ယခုယာမဲလ်တွင် ရုရှားဘက်က ရှယ်ယာအများစုကို ပိုင်ထားသည့်တိုင် ငွေပင်ငွေရင်း အများဆုံး ထုတ်သွားသည်မှာ တရုတ်ဘက်မှဖြစ်သည်။ သို့ဖြစ်ရာ အာတိတ်ဒေသသည် တရုတ်အတွက် ကုန်သွယ်ရေးနှင့် ဂုဏ်သိက္ခာအားဖြင့် အရေးပါနေသလို ရုရှားအတွက် ရင်းနှီးမြှုပ်နှံရေး အဓိက မျှော်လင့်ချက်အဖြစ် အရေးပါလျက်ရှိသည်။

Ref : The Diplomat



D.Wave

Tel : 01-559993, 01-543917, 09-263060760
E-mail : info@d-wave.org
d.wavejournal@gmail.com
Social : D-Wave
Address : No.361 (GF) , Pearl Thiri Housing, Nat Mauk Quarter, Tamwe Tsp., Yangon.

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က စီစဉ်တင်ဆက်ထုတ်ဝေလျက်ရှိသည့် ဒီလှိုင်းစာစောင်ကို
Online Version အဖြစ် ဝင်ရောက်ကြည့်ရှုနိုင်ပါပြီ။
www.d-wave.org

www.free4readers.com

## ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ စစ်ဘေးရှောင်ပြည်သူများအား လှူဒါန်း




ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုင်းဝေ့မြို့ ဈေးရပ်ကွက် မဟာမုနိကျောင်း ကယ်ဆယ်ရေးစခန်းရှိစစ်ရှောင်ပြည်သူ(၂၈၈) ဦးအတွက် ကုလားပဲ ပိဿာ (၃၀)၊ ကြက်သွန်နီ (၂၅) ပိဿာ ၊ ကြက်သွန်ဖြူ (၁၀) ပိဿာ ၊ မုန့်ညင်းချဉ် (၁၀) ပိဿာ၊ ကြက်ဥ (၈၆၄) လုံး ၊ ခြေအိတ် (၂၈၈)စုံ၊ လက်အိတ်(၂၈၈) စုံနှင့်အနွေးခေါင်းစွပ် (၂၈၈) ခု တို့ကို ကျောက်မဲမြို့ ဒေသခံများ၏ အကူအညီ ဖြင့် ဇန်နဝါရီ ၁၅ရက်က သွားရောက် လှူဒါန်းခဲ့ကြောင်းသိရသည်။

## News Photo



ဇန်နဝါရီ၂၀ရက် က ပြည်ထောင်စု လွှတ်တော်ရန်ပုံငွေ၊ ပြည်သူလူထုထည့်ဝင်ငွေများဖြင့် ဖောက်လုပ်သော မဟာနွယ်စဉ်ရပ် ၃၉လမ်း၄၀လမ်းကြား၊ ၇၃ လမ်း ၇၂လမ်းကြားရှိ သာစုမြတ်မွန် ထပ် ပိုးကတ္တရာခင်းလမ်းဖွင့်လှစ်စဉ်။



ဇန်နဝါရီ ၁၄ ရက်က မွန်ပြည်နယ်အဖွဲ့ချုပ်ရုံးတွင် မော်လမြိုင်မြို့နယ် အဖွဲ့ချုပ်လူငယ်လုပ်ငန်းအဖွဲ့ ရွေးချယ်ခြင်းကို ချောင်းဆုံမြို့နယ် ဒုတိယအကြိမ်လူငယ်ညီလာခံကျင်းပရေးကော်မရှင်က ကြီးကြပ်ဆောင်ရွက်ခဲ့စဉ်။

## အဖွဲ့ချုပ် ပညာရေးကွန်ရက်/ AIDS Centre နှင့် ပညာရေးအတွက် Shoe Gallary မှ နဝမအကြိမ်မြောက် အလှူငွေ ပေးအပ်ပွဲကျင်းပ



အဖွဲ့ချုပ် ပညာရေးကွန်ရက်၊ NLD AIDS CENTRE(NAC)၊ မြောက်ဥက္ကလာပဆေးရုံကြီး (နှလုံးဆေးကုဌာန) နှင့်ကောင်းကင်ခေတ်ပညာဒါနကျောင်းတို့အား နဝမအကြိမ်မြောက် Shoe Gallary နှင့် Customer များ၏ စုပေါင်းအလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇန် နဝါရီ ၂၀ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန် မြို့ Park Royal ဟိုတယ်၌ ကျင်းပခဲ့ သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက နှုတ်ခွန်းဆက်စကား ပြောကြားကာ အဖွဲ့ချုပ် ပညာရေးကွန်ရက်အဖွဲ့သို့ ငွေကျပ် ၇၅ သိန်းပေးအပ်ကာ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါက်တာမျိုးညွန့်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက်မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး (နှလုံးဆေးကုဌာန) သို့ ငွေကျပ် ၇၅ သိန်း၊ NLD AIDS CENTRE (NAC) သို့ သိန်းငါးဆယ်၊ ကောင်းကင်ခေတ်ပညာဒါနကျောင်းသို့ သိန်း ငါးဆယ်အသီးသီး လှူဒါန်းခဲ့သည်။

Shoe Gallary မှ ယခုနှစ် ရောင်းချရငွေနှင့် ထပ်ဆောင်းအလှူငွေ စုစုပေါင်း ၂၁၅ သိန်းနှင့် Chilli မိသားစုမှ သိန်း ၃၀၊ ဦးကျော်ဦး+ဒေါ်သိန်းသိန်းရွှေ၊ ကျော် Molla အင်ဂျင်ဝိုင်ရောင်းဝယ်ရေးမိသားစုမှ (၅) သိန်း၊ စုစုပေါင်းကျပ်သိန်း ၂၅၀ အား လှူဒါန်းခဲ့ခြင်းဖြစ်ပြီး နှစ်စဉ် ပညာရေးနှင့် ကျန်းမာရေးအတွက် လှူဒါန်းလျက်ရှိသည်။

ကျော်အေးနိုင်(ဒီလှိုင်း)



ဇန်နဝါရီ ၁၈ ရက်က စဉ့်ကူးမြို့နယ်အဖွဲ့ချုပ်လူငယ်လုပ်ငန်းအဖွဲ့ ရွေးချယ်ခြင်းကို မတ္တရာမြို့နယ် အဖွဲ့ချုပ် ဒုတိယအကြိမ် လူငယ်ညီလာခံ ကျင်းပရေးကော်မရှင်မှ ကြီးကြပ်ဆောင်ရွက်စဉ်။

## News Photo

**မြဝတီမြို့နယ်အဖွဲ့ချုပ် မြို့နယ်အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးသန့်ဇင်အောင်နှင့်အဖွဲ့ဝင်တို့သည် အထက (၁-၂)၊ အထကခွဲ(၁-၂)၊ မင်းလက်ပံအလက၊ ဒူးပလာယာအထက်တန်းကျောင်း၊ ထိုင်းနိုင်ငံမဲဆောက်ရွှေပြောင်းမြန်မာကျောင်းများရှိ တက္ကသိုလ်ဝင်တန်းဖြေဆိုမည့်ကျောင်းသား / သူများအတွက် (NLD) ပညာရေးကွန်ရက်(ဗဟို)မှပေးပို့သော ဦးနေအုပ်(စိန်ပေါ်)အင်္ဂလိပ်စာ၊ စာမေးပွဲလမ်းညွှန်စာအုပ်(၃၆၀)ကို သက်ဆိုင်ရာကျောင်းများသို့သွားရောက်ပေးအပ်စဉ်။**





ဇန်နဝါရီ ၁၇ က နွားထိုးကြီးမြို့နယ် အဖွဲ့ချုပ်လူငယ်ညီလာခံကို ငါန်းဇွန်မြို့နယ် ဒုတိယအကြိမ် လူငယ်ညီလာခံကျင်းပရေးကော်မရှင်မှ ကြီးကြပ်ဆောင်ရွက်ခဲ့စဉ်။

www.free4readers.com

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ်အား ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆို





နိုင်ငံတော်သမ္မတဦးထင်ကျော်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေး ခရီးရောက်ရှိလာသောလာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်မစ္စတာ ထောင်လွှန်းဆီဆုလစ် အား နိုင်ငံတော်သမ္မတက ဇန်နဝါရီ ၁၅ ရက်က ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုခဲ့သည်။

လာအိုပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်မ စ္စတာထောင်လွှန်းဆီဆုလစ်နှင့် ဇနီး မစ္စစ်နယ်လီဆီဆုလစ်တို့သည် မွန်းလွဲပိုင်းတွင် နေပြည်တော် နိုင်ငံတော်သမ္မတအိမ်တော်သို့ ရောက်ရှိခဲ့ရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးတို့က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတ နိုင်ငံဝန်ကြီးချုပ် မစ္စတာ ထောင်လွှန်းဆီဆုလစ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြပြီး ဂုဏ်ပြုကြိုဆိုပွဲသို့ တက်ရောက် လာကြသည့် အဖွဲ့ဝင်များနှင့် အပြန်အလှန် မိတ်ဆက်ပေးသည်။

ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားအပြီးတွင် လာအိုပြည်သူ့ဒီမိုကရက် တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်မစ္စတာထောင်လွှန်း ဆီဆုလစ်သည် နိုင်ငံတော်သမ္မတအိမ်တော် ဧည့်သည် တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးပြီး နိုင်ငံတော် သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံမှုတွင် မြန်မာ-လာအို နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံဒေသတွင်းနှင့် နိုင်ငံတကာ ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ အာဆီယံအဖွဲ့အတွင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတကာနှင့် ဒေသတွင်း အဖွဲ့အစည်းများ၌ တစ်နိုင်ငံနှင့် တစ်နိုင်ငံ အပြန်အလှန် ထောက်ခံကူညီရေး၊ နှစ်နိုင်ငံစီးပွားရေး၊ လူမှုရေးကဏ္ဍများ၌ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သမ္မတ အပါအဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဦးဝင်းခိုင်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဦးကျော်ဝင်း၊ ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ ဦးအောင်ထူး လာအိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကိုကိုနိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွှန်းဆီဆုလစ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံ သံအမတ်ကြီး H.E. Mr. Lyying SAYYASANG တို့လည်း တက်ရောက်ခဲ့သည်။

ကိုရီးယားဇာတ်လမ်းတွဲအသစ်
ရင်နှင့်အမျှ

အဖတ်စဉ် မှုဒ္ဓဟူး၊ကြာသပတေး ည(၇)နာရီ

ပြန်လည်ပြသချိန်-အဖတ်စဉ် မှုဒ္ဓဟူး၊ကြာသပတေး မနက်(၇)နာရီ၊နေ့လယ်(၁၁း၃၀)၊ညနေ(၃း၃၀)
အဖတ်စဉ် စနေ၊တနင်္ဂနွေ နေ့လည်(၁၂း၃၀)

ကြော်ငြာများထည့်သွင်းလိုပါက ဆက်သွယ်ရန်ဖုန်း
၀၉-၄၅၄၈၉၈၈၅၅၊ ၀၉-၉၇၉၁၆၄၀၃၀၊ ၀၉-၄၄၈၆၂၀၅၆၇

SKYNET စက်များကို သက်ဆိုင်ရာမြို့နယ်ရှိ
RSP များထံတွင် ဝယ်ယူကြည့်ရှုနိုင်ပါသည်။

HOTLINE: 09-261115103~107
09-261118901~902

ရုပ်ရည်ချောမောပြီး တိုက်ခိုက်လိုစိတ်ပြင်းထန်သူ အိမ်ရှေ့စံမင်းသား ဝမ်ဝန်း တော်ဝင်မိသားစုက ဆင်းသက်လာသူဖြစ်ပြီး အိမ်ရှေ့စံမင်းသားလေးရဲ့ သူငယ်ချင်းလည်းဖြစ်တဲ့ ကိုယ်ရံတော် ဝမ်လင်း။ လူကုံထံသူဌေးကြီးရဲ့ သမီးဖြစ်ပြီး မိန်းမလှလေး အွန်းဆန်း သူတို့၃ယောက်ဆုံတွေ့ရာမှ သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်းပေါ် လာခဲ့ပါတယ်။

အိမ်ရှေ့စံမင်းသားရဲ့ မိန်းကလေးအပေါ် ထားတဲ့ ပေးဆပ်အချစ်ကို အမိကပုံဖော်ထားလို့ ကြည်နူးဆွတ်ပျံ့စရာ ရသကို ခံစားရမယ့် အချစ်ဇာတ်လမ်းတွဲကို International Drama မှာ လက်မလွှတ်တမ်း စောင့်မျှော်အားပေးနိုင်ဖို့ သတင်းကောင်းပါးလိုက်ပါတယ်။

SKY NET INTERNATIONAL Drama



www.free4readers.com